လယ်တီ-ပဏ္ဍိတ

ဆရာ-ဦးမောင်ကြီး ရေးသားစီစဉ်

အပ်သော


# အနတ္တစက္ခုကျမ်း

☆

ရန်ကုန်မြို့

ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်

၁၉၅၆



အမ် (မ) အေ-မဟာဝိဇ္ဇာ

**လယ်တီပဏ္ဍိတ-ဆရာဦးမောင်ကြီး**

# နိဒါန်း

ဘုန်းတော်ခြောက်မည် ရောင်ခြည်ခြောက်ဆူ ပိုင်စိုးတော်မူပေသော သုံးလူတို့ထွတ်ထား သဗ္ဗညုရှင်တော်မြတ်ဘုရား ထွန်းကားပွင့်လင်းတော်မူလာရာ တည်ထွန်းသောသာသနာ၀ယ် လွန်စွာအရေးကြီးသော အချက်သည်ကား ရုပ်နာမ်ခန္ဓာ်တို့၌ငါငါဟုစွဲလမ်းမှတ်မှားသောအတ္တတရားကိုပယ်လှန်၍ အနတ္တဉာဏ်ပေါက်စေရန် အရေးကြီး ဖြစ်ပေသည်။

၎င်းကဲ့သို့အရေးကြီးလှသဖြင့် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးသည် နှစ်ပေါင်းများစွာ ဒေသစာရီကြွချီ၍ မြို့ပြည်အရပ်ရပ်တို့၌ တရားစည်ကြီးကို တီးခတ်တော်မူခဲ့ရာ အတ္တဒိဋ္ဌိဖြိုဖျက်ပယ်လှန်၍ အနတ္တဉာဏ်ပွင့်လင်းစေမှုကို အရေးတခု-အလေးပြုကာ ဟောကြားတော် မူခဲ့ပေသည်၊ ကျွန်ုပ်သည်လည်း ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး နည်းနာနိဿယအတိုင်း အလုံးစုံသောရုပ်နာမ်တို့၌ အနတ္တဝိဇ္ဇာဉာဏ်—ပေါ်ပေါက်ရေးကို အလေးပြုကာ ပြောဆိုဟောကြားလေ့ရှိပေသည်။

ကျွန်ုပ်သည် ၁၂၉၄—ခု တန်ဆောင်မုန်းလဆန်း ၈၍ တပို့တွဲအထိ သုံးလကျော် လေးလနီးနီး လယ်တီတိုက်ကြီးသို့သွားရောက်၍ သီတင်းသီလများကို စောင့်သုံးလျက်အနတ္တဝိဇ္ဇာ-ဝိပဿနာဉာဏ်ပွင့်လင်းကြောင်းများကို စွမ်းအားရှိသမျှကြိုးစားအားထုတ်၍နေစဉ် တလလျှင်လေးသီတင်း တရားနာရန်ရောက်လာကြသော ပရိသတ်အပေါင်း

# နိဒါန်း

သူတော်ကောင်းတို့အားလည်း အနတ္တဝိဇ္ဇာဉာဏ် ပေါ်ပေါက်ရန်ဖြစ်သော တရားများကိုသာ ဟောကြားခဲ့ပေသည်။

ထိုဟောခဲ့သမျှသော တရားများကို အစဉ်ကြည့်ရှုမှတ်သားကြရန် စာအုပ်တခုပြုလုပ်ပေးပါဟု တောင်းပန်ကြသဖြင့် ဟောပုံအတိုင်းအချုပ်ရေးသား၍ "အနတ္တ စက္ခု" ဟူသောအမည်ဖြင့် ဤစာအုပ်ကို ရေးသားရိုက်နှိပ်ရခြင်းဖြစ်ပေသည်။

အနတ္တအချက်ကို တိုတိုနှင့်ဉာဏ်ပိုင်အောင် ရိပ်မိလိုကြပါလျှင် ဤစာအုပ်ကို လက်ကိုင်ထား၍ လေ့လာကြည့်ရှုကြစေရန် နှိုးဆော်တိုက်တွန်းပါသည်။

လယ်တီပဏ္ဍိတ-ဆရာ ဦးမောင်ကြီး။
မုံရွာ—လယ်တီတိုက်။
၁၂၉၄-ခု၊ တပို့တွဲလဆန်း ၉-ရက်နေ့။

# မာတိကာ

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


ပဏာမကဗျာများ

**အတ္တဒိဋ္ဌိကိုဖြုတ်သင့်ကြောင်း**

၁။ အတ္တဒိဋ္ဌိကိုဖြုတ်ရန်ခဲယဉ်းပုံ ... ၁
၂။ အတ္တဒိဋ္ဌိပြုတ်မှ သောတာပန်ဖြစ်နိုင်ပုံ ... ၄
၃။ ဝိစိကိစ္ဆာပြုတ်မှ သောတာပန်ဖြစ်နိုင်ပုံ .... ၅
၄။ သောတာပန်ဖြစ်ကြောင်းအင်္ဂါလေးပါး ... ၉
၅။ အတ္တဒိဋ္ဌိကိုဖြုတ်ရန်အရေးကြီးပုံ ... ၁၀

**အတ္တဒိဋ္ဌိဖြုတ်ကိန်းတရားတော်**

၁။ သတိပေးချက် .... ၁၆
၂။ အတ္တဒိဋ္ဌိဖြုတ်ကိန်းဂါထာ .... ၁၇
၃။ အတ္တဒိဋ္ဌိဖြုတ်ကိန်း၌လိုရင်းအချက်ကြီးလေးပါး ၁၈

**ပရသဘောဆင်ခြင်ပုံ**

၄။ ခန္ဓာငါးပါးခေတ်ခွဲခန်း ... ၂၁

**သုညသဘောဆင်ခြင်ပုံ**

၅။ ရူပက္ခန္ဓာ ... ၃၂
၆။ အဘိဓမ္မာနည်းအားဖြင့်သုညကိန်းကြီးဖော်ပုံ ၃၆
၇။ အဘိဓမ္မာခေတ်ခွဲကိန်း .... ၄၁
၈။ ဝေဒနာက္ခန္ဓာ ... ၄၆
၉။ သညာက္ခန္ဓာ .... ၄၉
၁၀။ သင်္ခါရက္ခန္ဓာ .... ၅၀
၁၁။ ဝိညာဏက္ခန္ဓာ ... ၅၄

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၂။ | ပဋိစ္စသမုပ္ပါဒ်နည်း | .... | ၅၇ |
| ၁၃။ | သုညသဘောဟောကိန်းတနည်း | .... | ၅၉ |
| ၁၄။ | ပရမတ္ထခေတ်ခွဲပညာ | .... | ၅၉ |
| ၁၅။ | ဃနခွဲစိတ်ကိန်း | ... | ၆၀ |
| ၁၆။ | အနိစ္စဖြင့်သုညဖော်ပုံ | ... | ၆၈ |
| ၁၇။ | နာမ်တရားတို့၏သုညသဘော | .... | ၇၂ |
| ၁၈။ | သူတော်ကောင်းတရားခုနစ်ပါးတို့၏သုညသဘော | | ၇၈ |
| ၁၉။ | သညာ,ပညာနှစ်ပါးတို့၏သုညသဘော | .... | ၇၉ |
| ၂၀။ | အချုပ်အားဖြင့်မှတ်ဘွယ် | ... | ၈၃ |


## အသာရသဘောဆင်ခြင်ပုံ


| | | | |
|---|---|---|---|
| ၂၁။ | မြက်ပင်ဥပမာ | .... | ၉၀ |
| ၂၂။ | ရူပက္ခန္ဓာ၌အနှစ်သာရမရှိပုံ | ... | ၉၂ |
| ၂၃။ | အကြောင်းအားဖြင့်အနှစ်သာရမရှိပုံ | .... | ၉၄ |
| ၂၄။ | သဘောအားဖြင့်အနှစ်သာရမရှိပုံ | .... | ၉၄ |
| ၂၅။ | မှီရာအားဖြင့် အနှစ်သာရမရှိပုံ | ... | ၉၅ |
| ၂၆။ | နာမ်ခန္ဓာ၌ အနှစ်သာရမရှိပုံ | ... | ၉၇ |
| ၂၇။ | သဘောအားဖြင့်အနှစ်သာရမရှိပုံ | .... | ၉၈ |
| ၂၈။ | မှီရာအားဖြင့်အနှစ်သာရမရှိပုံ | ... | ၉၈ |
| ၂၉။ | နာမ်ခန္ဓာအနှစ်သာရမရှိပုံတနည်း | .... | ၉၉ |


## အဝသဝတ္တနသဘောဆင်ခြင်ပုံ


| | | | |
|---|---|---|---|
| ၃၀။ | ရုပ်ခန္ဓာ၏အလိုမလိုက်ပုံ သုတ္တန်နည်း | ... | ၁၂၀ |
| ၃၁။ | အဘိဓမ္မာနည်း | ... | ၁၂၃ |
| ၃၂။ | ဝေဒနာက္ခန္ဓာ၏အလိုမလိုက်ပုံသုတ္တန်နည်း | ... | ၁၂၈ |
| ၃၃၊ | အဘိဓမ္မာနည်း | ... | ၁၂၉ |
| ၃၄။ | သညာက္ခန္ဓာစသည်တို့၏အလိုမလိုက်ပုံ | ... | ၁၃၃ |

## မာတိကာ

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | **နိဂုံးနှင့်ဥယျာဇဉ်** | | |
| ၃၅။ | အတ္တဒိဋ္ဌိ၏အဝိဇ္ဇာမဟာမိတ်ကြီး | … | ၁၃၆ |
| ၃၆။ | အနတ္တသမ္မာဒိဋ္ဌိဘုရင်ကြီး | … | ၁၃၇ |
| ၃၇၊ | အနတ္တဝိဇ္ဇာခိုရ်ကြီး | … | ၁၃၉ |
| ၃၀။ | အဆုံးသတ်ဥယျာဇဉ်ဂါထာ | … | ၁၃၉ |
| | **နိဂုံးကဗျာများ** | … | ၁၄၁ |
| | **ခန္ဓာငါးပါးရှစ်လုံးဘွဲ့ကဗျာများ** | … | ၁၄၂ |



# အနတ္တစကြာကျမ်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

## ပဏာမကဗျာများ

၁။ ရွှေဉာဏ်ထက်မြက်၊ အတ္တစက်၊ ဖြိုဖျက်ဘိန္ဒတိ။
၂။ ဉာဏ်တော်စိုးပိုင်၊ မြတ်ဘုန်းလှိုင်၊ ညွှတ်ယိုင်ဝန္ဒာမိ။
၃။ လယ်တီဘုန်းဝှန်၊ ဉာဏ်ထွတ်စွန်၊ အကျွန်နမာမိ။
၄။ အနတ္တဉာဏ်၊ ဘွင့်ပေးရန်၊ ဘန်ဘန် ယာ်စန္တိ။
၅။ ထို့ကြောင့်အားသွန်၊ ဤကျမ်းမွန်၊အကျွန်လိခါမိ။
၆။ ဆင်ခြင်သမှု၊ ဉာဏ်မြင်ရှု၊ စက္ခုလဗ္ဘတိ။

## အတ္တဒိဋ္ဌိကိုဖြုတ်သင့်ကြောင်း

### အတ္တဒိဋ္ဌိကိုဖြုတ်ရန်ခဲယဉ်းပုံ

ကဲ-အနတ္တတရားအချက်ကြီးကို ဟောကြားရန်တောင်းပန်တိုက်တွန်းကြတဲ့အတိုင်း မြန်မာစကားပြေ သက်သက်နှင့် အနတ္တအချက်ပေါ်အောင် ဟောကြစို့။

အနန္တဆိုတဲ့စကားက အတ္တ၏ဆန့်ကျင်ဘက် စကားလုံး အတ္တကို ဖြိုဖျက်တဲ့ စကားလုံးကြီး ဖြစ်ကြောင်းကို ကောင်းစွာသတိထားကြရမယ်၊ ပုထုဇဉ်သတ္တဝါတွေ မှန်သမျှ အနန္တဉာဏ် မပေါက်နိုင်ကြတဲ့ အတွက်ကြောင့် ''ငါ-ငါ''ဟူသော အထင် အမြင်ကြီးဟာ အစဉ်သဖြင့် စွဲလမ်းငြိတွယ်၍ နေကြတာကလား၊ သို့ကလို''ငါ-ငါ''ဟူသောအထင်အမြင်အစွဲအလမ်းကြီးကို သက္ကာယ ဒိဋ္ဌိလို့လဲခေါ်တယ်၊ အတ္တဝါဒုပါဒါန်လို့လဲ ခေါ်တယ်၊ အတ္တစွဲကြီးရယ်လို့လဲခေါ်တယ်။

သည်လို စွဲလမ်း နေတဲ့ အတ္တစွဲကြီးကို ဖြိုဖျက်ရန် ဘယ့်ကလောက်များ ခဲယဉ်းသလဲလို့ ဆိုတော့- မြင်းမိုရ်တောင်ကိုဖြိုသော်လဲ ဖြိုနိုင်ရာပါသေးရဲ့၊မဟာပထဝီမြေကြီးကိုဖြိုသော်လဲ ဖြိုနိုင်ရာ ပါသေးရဲ့၊ မဟာ သမုဒ္ဒရာကြီးကို ဖျက်ဆီးသော်လဲ ဖျက်ဆီးနိုင်ရာပါသေးရဲ့၊ အနန္တကောင်းကင်ကြီးကို ဖျက်ဆီးသော်လဲဖျက်ဆီးနိုင်ရာပါသေးရဲ့ အတ္တအစွဲအလမ်းကြီး၊ ငါ,သူတပါး,ယောကျ်ား,မိန်းမ ထင်နေတဲ့အထင်ကြီးကို ဖျက်ဆီးနိုင်ခြင်းဆိုတဲ့ အချက် မှာတော့ ထိုထက်ပင် ခဲယဉ်းသေးတယ်လို့မှတ်ကြရမယ်။

မြင်းမိုရ်တောင်ကြီးကို ဖျက်ဆီးရတာထက် မခဲယဉ်းဘဲ နေပမလား၊ မြင်းမိုရ်တောင်ကြီးတည်တာက- ဘာမျှမကြာသေးဘူး၊ ကမ္ဘာဦးအခါကမှစ၍ဖြစ်ပေါ်လာတယ်၊ အတ္တဆိုတဲ့ အစွဲအလမ်းကြီးဟာကတော့-အနမတဂ္ဂ အစမထင်တဲ့ သံသရာကြီးက စွဲလမ်းလာတဲ့အစွဲကြီးဖြစ်ထာကိုး၊ အဲ-သို့ကြောင့် ဖြိုဖျက်ခြင်းငှါ အခဲယဉ်းကြီး-ခဲယဉ်းတာပေါ့၊ သတ္တဝါတို့ဖြစ်ပုံဟာ အစမထင်ဘူးလို့ ဟောတော်

မူတဲ့ ဒေသနာတော် အတိုင်း''ငါ-ငါ''ဆိုတဲ့အစွဲ အလမ်း ကြီးဟာလဲ အစမထင်ဘူးလို့မှတ်ရမယ်၊ ပုထုဇဉ်နှင့်အတ္တ အစွဲအလမ်းဆိုတာ ကမ္ဘာနှင့် မြေဇာဆိုတာလို ခွဲခွာလို့ ရနိုင်တဲ့သဘောမျိုးမဟုတ်ဘူး၊ ငါ,သူတပါး, ယောကျ်ား, မိန်းမဆိုတဲ့ အတ္တအစွဲအလမ်းကြီးကို မဖြိုမဖျက်နိုင်သမျှ ကာလပတ်လုံး သံသရာ ဝဋ်ဒုက္ခနယ်က ဘယ်တော့မှ မထွက်နိုင်ဘူး။

သံသရာခေါ်တဲ့ဝဋ်ဘုံ, ဝဋ်မြို့, ဒုက္ခချုံကြီးထဲမှာ တဝဲ လယ်လယ်နှင့်နေအောင်ချည်နှောင်ထားတဲ့သံကြိုးကြီးဟာ ဘာလဲလို့ ဆိုတော့–သက္ကာယဒိဋ္ဌိဆိုတဲ့ အတ္တဒိဋ္ဌိသံကြိုး ကြီးဘဲလို့ အမြဲမှတ်ကြရမယ်၊ ဝိပဿနာဉာဏ်ကို မထူ ထောင်နိုင်သမျှ အတ္တဒိဋ္ဌိဆိုတဲ့ သံကြိုးကြီးဟာ ဘယ်အခါမှ မပြတ်နိုင်ဘူး၊ သံသရာကြီးဆိုတဲ့ ကျောက်တိုင်မှာ အခိုင် အမြဲချည်နှောင်ထားတဲ့ ဒိဋ္ဌိသံကြိုးကြီးဖြစ်နေတဲ့ အတွက် ကြောင့် ဖြိုဖျက်ရန်,ဖြတ်တောက်ရန် အလွန်တရာမှခဲယဉ်း တယ်လို့ဆိုရတာပေါ့၊ သာမညဖြစ်တဲ့ နှောင်ကြိုးအဘွဲ့မျိုး ဆိုလျှင် သို့ကလောက်ဖြိုဖျက် ဖြတ်တောက်ရန် ခဲယဉ်းပ မလား၊ အဲ-သို့ကလောက်ပင် အတ္တအထင်အမြင်နှင့်အတ္တ အစွဲအလမ်းကို ခွဲဖြိုရန် ခဲယဉ်းကြောင်း ဟောဆိုလတ္တံ့ သော ဂါထာဖြင့် ဆင်ခြင်ကြပေတော့။

သိနေရှိ ဘိန္ဒိတုံ သက္ကာ၊
ပိသိတုဋ္ဌ မဟာမဟီ။
သောသေတုံ အဏ္ဏဝေ တောယံ၊
န သက္ကာ အတ္တမညနံ။ ။

**အနက်ကား။** သိနေရုံ၊ ရှစ်သောင်းလေးထောင် နှစ်ပြန် ဆောင်သော တောင်တို့သနင်း မြင်းမိုရ်မင်းကို။ ဘိန္နံတုံ၊ ပျက်အောင်ဖြိုခွဲခြင်းငှါ။ သက္ကာ၊ မခဲယဉ်းသာ စွမ်းနိုင်ပါ၏။ မဟာမဟီ၊ နှစ်သိန်းလေးသောင်းထုပေါင်း နိုင်ငံ ကျေ်မြေကြီးကို။ ဝိသိတုံ့၊ မှုန့်မှုန့်ညက်ညက် ခွဲဖျက်ကြိတ်ချေခြင်းငှါလည်း။ သက္ကာ၊ မခဲယဉ်းသာ စွမ်းနိုင်ပါ၏။ အဏ္ဏဝေါနက်ငှမ်းလှစွာ အဏ္ဏဝါပြင်ကျယ် ပင်လယ်ကြီး လေးခု ။ တောယံ၊ အတိုင်းမသိ များဘိစတောင်း ရေအပေါင်းကို။ သောသေတုံ၊ သွေ့သွေ့ခြောက်၍ ကုန်ပျောက်စေခြင်းငှါ။ သက္ကာ၊ မခဲယဉ်းသာ စွမ်းနိုင်ပါ၏။ အတ္တမညနံ၊ ငါငါသူသူ လူဘဲနတ်ဘဲ အလွဲကြီး လွဲ၍ နေသော အတ္တအထင်ကြီးကို။ ဘိန္နိတုံ၊ ပျက်အောင် ဖြိုခွဲခြင်းငှါ၊ ဝိသိတုံ၊ မှုန့်မှုန့်ညက်ညက် ခွဲဖျက်ကြိတ်ချေခြင်းငှါ၊ သောသေတုံ၊ သွေ့သွေ့ခြောက်၍ကုန်ပျောက်စေခြင်းငှါ။ နသက္ကာ၊လူရောနတ်ရော သောသောရုတ်ရုတ် စွမ်းအားထုတ်လည်း နောက်ဆုတ် မှိုင်ကာ မတတ်သာသဖြင့် လွန်စွာခဲယဉ်းလှသည်သာလျှင်တည်း။

## အတ္တဒိဋ္ဌိပြုတ်မှသောတာပန်ဖြစ်နိုင်ပုံ

"ငါ-ငါ"ဆိုတဲ့အတ္တအစွဲကြီးကိုပင်လျှင်အပါယ်လေးပါး၏ မျိုးစေ့ဗီဇကြီးရယ်လို့လဲ ခေါ်တယ်၊ အတ္တ အစွဲမကင်းသမျှ အပါယ်လေးပါးစခန်းနှင့် မခွဲစတမ်းဆိုတဲ့ မဟာမိတ် စာချုပ်ကြီး အခြေချုပ်ဆိုကာ လက်မှတ်ထိုးထားတာနှင့်တပုံထဲဘဲ၊ ကမ္ဘာပထမြောက်တဲ့ အကုသိုလ်တွေဆိုတာလဲ အတ္တအစွဲရှိခြင်းကြောင့် မစဲမစဲ တဖွဲဖွဲ ဖြစ်နေကြ

တယ်၊ အတ္တအစွဲကုန်ဆုံး၍ ကိစ္စတုံးတဲ့ အခါကျလျှင် ဘယ်လိုအကုသိုလ်မျိုးမျှ ကမ္မပထ မြောက်အောင် မဖြစ်နိုင်တော့ဘူး၊ အချုပ်အားဖြင့်-ပြောပြမယ်လေ၊ သတ္တဝါတွေ၏အညစ်အကြေးတွေမှန်သမျှ-အဆိုးအယုတ်တွေ မှန်သမျှ စက်ဆုပ်စရာ, ထွီစရာတွေမှန်သမျှ အတ္တအစွဲကြီးက ဒလ ဟောဝစီးကျဖြစ်ပေါ်နေကြတယ်လို့သာ မှတ်ကြပေတော့။

ဝိပဿနာဉာဏ်အမြင်သန်လို့ ရုပ်,နာမ်ဓမ္မ သင်္ခါရတို့၏ ဖြစ်ပုံပျက်ပုံများကို အထင်အရှားသိမြင်လာတဲ့အခါကျတော့ သက္ကာယဒိဋ္ဌိဆိုတဲ့ အထင်အမြင်တွေဟာ လေတိုက်ခတ်၍ တိမ်ပုပ်တွေတစစတစ လွင့်ပါးသွားသလို ပျောက်လွင့်ကင်းစင်ခြင်းသို့ ရောက်သွားတယ်၊ စင်စင်ကြယ်ကြယ်ကြီးအတ္တအစွဲ ပျောက်ကင်းသွားတဲ့အခါမှာပင် သောတာပန် အဖြစ်သို့ရောက်တယ်လို့ခေါ်ရတယ်။

## ဝိစိကိစ္ဆာပြုတ်မှ သောတာပန်ဖြစ်နိုင်ပုံ

သောတာပန်ဆိုတဲ့-ပဌမအရိယာ စခန်းသို့ ဆိုက်ရောက်ပြီဆိုမှဖြင့် အတ္တဒိဋ္ဌိအစွဲကင်းရော၊ဆုံးဝါးတဲ့အစွဲကြီး ကင်းသည်နှင့်တပြိုင်နက် သို့လောသို့လော တွေးတော ယုံမှားခြင်းဆိုတဲ့ ဝိစိကိစ္ဆာ တရားဆိုးကြီးလဲ ကင်းကွာသွားတယ်၊ သို့လောသို့လော တွေးတောယုံမှားတယ်ဆိုတာက အခြားဟာကိုဆိုတာမဟုတ်ဘူး။

၁။ ငါလေလော,

၂။ သူတပါးလေလော,

၃။ ငါဖြစ်ခဲ့ပြီလော,

၄။ ငါဖြစ်နေဆဲလော,
၅။ ငါဖြစ်ရလတ္တံ့လော,
စသည်ဖြင့် အတ္တအစွဲနှင့် စပ်လျဉ်းတဲ့ ယုံမှားခြင်းတွေကို ဝိစိကိစ္ဆာရယ်လို့ခေါ်ဆိုတယ်။
သို့ကလို–ယုံမှားခြင်း မျိုးစေ့ကြီးရှိနေတဲ့အတွက်–
၁။ ဘုရားမှန်မှ ဟုတ်ပါလေရဲ့လား,
၂။ တရားမှန်မှ ဟုတ်ပါလေရဲ့လား,
၃။ သံဃာမှန်မှ ဟုတ်ပါလေရဲ့လား,

အဲ–သို့ကလို ယုံမှားခြင်းတွေဖြစ်ပေါ်လာတယ်၊ ဘုရားမှန်,တရားမှန်, သံဃာမှန်တွေရဲ့အပေါ်မှာ သို့ကလိုယုံမှားတဲ့ သဘောနှင့် သို့လော သို့လော တွေးတောနေခြင်းဆိုတဲ့ ဝိစိကိစ္ဆာကြီးဟာ- လွန်စွာ နစ်နာတာကလား၊ သည်လို ဝိစိကိစ္ဆာများ ရှိနေသမျှကာလပတ်လုံး "ဘုရားမမြဲသေးဘူး၊ တရားမမြဲသေးဘူး၊ သံဃာမမြဲသေးဘူး၊ ဘုရားလွဲကိန်းကြီးဆိုတဲ့ ဘေးဆိုးမှ မလွတ်သေးဘူး" လို့ အမှန်ဆိုရလိမ့်မယ်။

ဘုရားလွဲပြီ ဆိုမှဖြင့် တရားရော,သံဃာရော ဒလဟောတလျှောက်လုံး လွဲကုန်ပါရော၊ သို့ကလို ဒလဟောကြီးလွဲပြီဆိုမှဖြင့် သံသရာကြီးပါလွဲမှား၍ အပါယ်လေးပါးဆိုတဲ့ လမ်းပေါက်ကြီးတွေဟာ ဒလဟောပွင့်ကုန်ပါရော၊ အဲ–သို့ကြောင့် ဘုရားမှားခြင်းဆိုတာ လွန်စွာနစ်နာတဲ့အချက်ကြီးဘဲလို့ ကျမ်းဂန်တို့ကမိန့်ဆိုတော်မူကြတယ်။

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးမကြာမကြာသတိပေး၍ ဟောကြားတော် မူလေ့ရှိတာက

''နာနာသတ္တာရဉလ္လောကန ဘေးကြီးဆိုတာ လွန်စွာကြောက်စရာ ကောင်းတယ်၊ ဘုရားမမြဲနိုင်ဘဲ ဟိုဘုရားလိုလို, သည်ဘုရားလိုလို ဘုရားယောင်ယမ်းနေခြင်းကို နာနာသတ္တာရ ဉလ္လောကနဘေးကြီးခေါ်တယ်၊ ဘုရားမြော်တဲ့ ကိန်းကြီးဘဲ''

လို့ သတိပေးသောအားဖြင့်မကြာမကြာ ဟောကြားလေ့ရှိတယ်၊ ဘုရားမမြဲဘူးဆိုတာက ဘာ့ကြောင့်လဲလို့ဆိုတော့-အတ္တဒိဋ္ဌိနှင့် ဝိစိကိစ္ဆာမျိုးစေ့ နှစ်ခုကြောင့် ဖြစ်တယ်၊သည်မျိုးစေ့ကြီးနှစ်စေ့ရှိနေသမျှကာလပတ်လုံးလူရော နတ်ပါ ဗြဟ္မာမကျန် ပုထုဇဉ်မှန်သမျှ ဘယ်သတ္တဝါမှ ဘုရားမမြဲသေးဘူးလို့မှတ်ကြရမယ်။

ဘုရားမမြဲဘူး ဆိုတာက သည်ဘဝမှာ ဗုဒ္ဓရှင်တော်ဘုရားကို ကိုးကွယ်တယ်၊ နောင်ဘဝကျတော့ ဗုဒ္ဓရှင်တော်ဘုရားကိုပစ်ပယ်၍ မိစ္ဆာဒိဋ္ဌိဘုရားတွေကို ကိုးကွယ်တယ်၊ ယခုဘဝမှာ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိတွေကို နေ့တိုင်းပင်ရွတ်ဆိုနေသော်လဲ ဟိုနောက်ဘဝကျတော့ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိကိုမုန်းပြီး စကားအသုံးတမျိုးနှင့် ကိုးကွယ်တဲ့ဘုရား ပြောင်းသွားတယ်။

အဲ—သို့ကလိုဖြစ်ပုံတွေကို ဘုရားမမြဲဘူးလို့ ဆိုတာပေါ့၊ ဘုရားလွဲပြီဆိုမှဖြင့် တရားရော,သံဃာရော ချော်တော့ငေါ့ပြီး လွဲကုန်ကြပါရော၊ **''လွဲစရှိလျှင်-လွဲချင်ချင်တည်း''**ဆိုတဲ့အတိုင်း ကိုးကွယ်ရာဖြစ်တဲ့ဘုရားက အစပြုပြီး လမ်းလွဲပြီဆိုမှဖြင့် တာရှည်တာမျော ဒလဟောကြီး လမ်းလွဲကုန်ပါရော၊ တဘဝလောက် လမ်းလွဲသွားပြီဆိုမှဖြင့် လမ်းမှန်သို့

တဖန်ကျအောင်ဟာ အလွန်တရာမှ ခဲယဉ်းတာကလား၊ တမှားထဲ မှားကုန်တော့တာဘဲ၊ အဲ-သို့ကြောင့် ဘုရားလွဲခြင်း, ဘုရားအမျိုးမျိုးကို မြော်ခြင်းဆိုတဲ့ နာနာသတ္တာဝ ဥလ္လောကန ဘေးကြီးဟာ လွန်စွာကြောက်စရာ ကောင်းတယ်လို့ ဟောကြားတော်မူတာပေါ့။

ဘုရားမြော်ခြင်း ဆိုတဲ့ အဓိပ္ပါယ် ကတော့- မိမိတို့သန္တာန်မှာ ဝိစိကိစ္ဆာမျိုးစေ့ကြီးရှိနေတဲ့ အတွက်ကြောင့်

၁။ ယခုတွေ့တဲ့ဘုရားဟာမှန်မှ မှန်ပါလေရဲ့လား။

၂။ ဟောကြားတဲ့ တရားတွေဟာ မှန်မှ မှန်ပါလေရဲ့လား။

၃။ သံဃာတွေဟာမှန်မှမှန်ပါလေရဲ့လား။

အဲ-သို့ကလို ယုံမှားခြင်းတွေနှင့် ဇဝေဇဝက် ဖြစ်နေတတ်တယ်၊ သို့ကလို ဇဝေဇဝက် ဖြစ်နေတဲ့အခါ ဘုရားဇာမျိုးကိုမြော်ပါရော၊ ဘုရားမြော်တဲ့ ကိစ္စနှင့်ပင် သံသရာတခွင်မှာ လမ်းမဆုံးနိုင်ဘဲ တဝဲလယ်လယ်နှင့် မျောနေကြရတယ်၊ ယခုဗုဒ္ဓသာသနာတော်ကြီး ထွန်းလင်းတောက်ပတဲ့အခါ ကာလသမ္ပတ္တိခေတ်ကြီးထဲမှာပင် အချို့လူများက ယခုဘုရားကိုအားမကိုးသေးဘဲ နောင်ပွင့်တော်မူလတ္တံ့ဘုရားတွေကိုအားကိုးပြီး အမျိုးမျိုး မြော်လင့် နေကြပုံများကိုလဲ အထင်အရှား ကြားဘူး တွေ့ဘူးကြတယ် မဟုတ်လား။

ဘုရားမမြဲဘူးဆိုတာလဲ သဒ္ဓါမမြဲဘူး-ဆိုတာနှင့် အတူတူပင်ဖြစ်တယ်၊ သဒ္ဓါမငြိမ်သက်ဘူး၊ အကြည်ညို တိမ်

ကောတယ်၊ အယုံကြည်နဲ့တယ်၊သဒ္ဓါလှုပ်ရှားတယ်- လို့လဲ ဆိုနိုင်တယ်၊ ခိုင်မြဲတဲ့သဒ္ဓါတရားကို အစလ သဒ္ဓါရယ်လို့ ခေါ်တယ်၊ သို့ကလို-ခိုင်မြဲစွာ မတုန်မလှုပ် ကြည်ညို ယုံကြည်တဲ့ အခါကျတော့ ဘုရားလွဲခြင်း မရှိနိုင်တော့ဘူး၊ နိယာမစာတ်အားဖြင့် ဘုရား ခိုင်မြဲခြင်းသို့ ရောက်သွားတယ်။

ဗုဒ္ဓေ အဝေစ္စ ပသာဒေန သမန္နာဂတော—

စသည်ဖြင့် ရှင်တော်ဘုရား ဟောကြားတော်မူတဲ့ ဒေသနာတော်ကြီးဟာ ခိုင်မြဲတည်တံ့စွာ မတုန်မလှုပ်ကြည်ညိုခြင်းဖြင့် ယုံကြည်တာကိုပင်ဟောတော်မူခြင်းဖြစ်ပေတယ်။ ဗုဒ္ဓေ၊ ဘုရားမှန်၌။ အဝေစ္စပသာဒေန၊ မယိမ်းမယိုင် ခိုင်ခံ့တည်တံ့သော ကြည်ညိုခြင်းနှင့်။ သမန္နာဂတော၊ ပြည့်စုံ၏။

အဲ-သို့ကလို မယိမ်းမယိုင် ခိုင်ခိုင်ခန့်ခန့်ကြီး ဘုရားကို ကြည်ညို ယုံကြည်ပြီဆိုမှဖြင့် ထိုနည်းတူစွာ ခိုင်မြဲစွာနှင့် တရားကိုလဲ ကြည်ညိုယုံကြည်တယ်၊ သံဃာကိုလဲကြည်ညို ယုံကြည်တယ်၊ မိမိကျင့်ဆောက်တည်တဲ့ သီလကိုလဲကြည်ညိုယုံကြည်တယ်။

## သောတာပန်ဖြစ်ကြောင်းအင်္ဂါလေးပါး

သည်လိုစူးစူးစိုက်စိုက်ကြည်ညို ယုံကြည်ခြင်းကိုပင်လျှင် သောတာပတ္တိယင်္ဂတရား လေးပါးရယ်လို့ ခေါ်တာပေါ့၊ သောတာပန်ဖြစ်ခြင်း၏ အင်္ဂါလေးပါးကို၊ သောတာပတ္တိယင်္ဂ တရားလေးပါးရယ်လို့ ခေါ်တယ်။

လေးပါးသရုပ်ကို အချုပ်အားဖြင့် ပြောကြပါအုံးစို့ရဲ့။
၁။ ဘုရား၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်းတပါး။
၂။ တရား၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်းတပါး။
၃။ သံဃာ၌ မတုန်မလှုပ်သက်ဝင်ယုံကြည်ခြင်းတပါး။
၄။ မိမိကျင့်ဆောင်တဲ့ သိက္ခာသီလ၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်းတပါး။

သည်လေးပါးကိုပင် သောတာပန် ဖြစ်ကြောင်း အကျင့်ကောင်း အင်္ဂါလေးပါးရယ်လို့ မှတ်သားကြ၊ မှတ်သားတဲ့အတိုင်းလဲ အယုံကြည် မြဲမြဲနှင့် သဒ္ဓါစွဲအောင် အားထုတ်ကြ။

## အတ္တဒိဋ္ဌိကိုဖြုတ်ရန်အရေးကြီးပုံ

အတ္တ အစွဲကြီး ပြုတ်အောင် ဖြုတ်တဲ့ ကိစ္စကြီးမှာလဲ သောတာပတ္တိယင်္ဂ တရားကြီးလေးပါးကို လက်ကိုင် အမြဲထားရတယ်၊ အယုံကြည်နဲပါးလျှင်လဲ တရားကိုအားထုတ်လို့မရနိုင်ဘူး-ဆိုတဲ့ အချက်ကိုလဲ နက်နက်နဲနဲကြီး စွဲမြဲမှတ်ပိုက်ကြရမယ်၊အတ္တဒိဋ္ဌိနှင့်ဝိစိကိစ္ဆာပြုတ်ပြီဆိုမှဖြင့် အပါယ်ဘေးကြီးမှလဲ လုံးလုံးကြီးကင်းဝေးတယ်၊ ဘုရားမြော်စရာမရှိဘဲ မြဲစွဲတဲ့ ကိုးကွယ်ရာရှိခြင်းသို့ ရောက်တယ်၊ အပါယ်လေးပါးနှင့်လွဲပြီး ဘုရားမြဲပြီဆိုမှဖြင့် ယောကျ်ား ဘသား အားအတက်ကြီးတက်ပြီး လက်ခမောင်း ခတ်စရာကြီးပေါ့၊ သံသရာတခွင်မှာ အစဉ်သဖြင့် ကြောက်လာရတဲ့ အချက်ကြီးနှစ်ချက်ကို လွန်မြောက်ပြီဆိုမှဖြင့် ဘာကြောက်စရာရှိတော့မလဲ။

အဲ-သို့ကြောင့် ဗုဒ္ဓသာသနာကြီး ထွန်းလင်းတဲ့အခါမှာ သံသရာထဲမှ ငြီးငွေ့ကနဲနာလံထူပြီး တလူလူနှင့် အောင်လံစိုက်ရတဲ့ အတ္တဒိဋ္ဌိဖြိုဖျက်ကိန်းကြီး, သက္ကာယဒိဋ္ဌိစစ်ပွဲကြီးကို အားခဲပြီး တိုက်ခိုက်ဖြိုဖျက်ရန် အရေးကြီးကြတယ် မဟုတ်လား၊ တခြားကိစ္စတွေဆိုတာ သံသရာနှင့်အမျှ လုပ်ဘူးကိုင်ဘူး တွေ့ဘူးလှကြပါပြီ၊ စစ်ပွဲ အမျိုးမျိုးကို ဆင်၍ အောင်မြင်အောင် တိုက်ခိုက်ဘူးလှကြပါပြီ၊အတ္တဒိဋ္ဌိကို ဖြိုဖျက်နင်းနှိပ်တဲ့ စစ်ပွဲကြီးကိုတော့ ဘယ်အခါမှ အောင်ပွဲရအောင် မတိုက်ခိုက်ခဲ့ကြရသေးပါဘူး။

အဲ-သို့ကြောင့် ယခုလို ခေတ်ကောင်းကြီး ကြုံ၍ တထိန်ထိန် တဝါဝါနှင့် သာသနာထွန်းလင်းတုန်းအခါ, အတ္တဒိဋ္ဌိတိုက်ခိုက်ရန် လက်နက်တွေ အစုံအလင် ရှိတဲ့အခါ ဗာဟိရဖြစ်တဲ့ကိစ္စ အနှောင်အဖွဲ့တွေကို မျက်နှာအကန်လွှဲပြီး သဲသဲမဲမဲ ခဲခဲကြိတ်ကြိတ် ဆိုသလို ပြုလုပ်အားထုတ်ကြရန် အသင့်ဆုံးမဟုတ်ကြပါလား။

သက္ကာယဒိဋ္ဌိ ခွာကိန်း တရားတော်ကြီးဟာ ဘယ့်ကလောက် အရေးကြီးစွာ ဟောတော်မူပါသလဲလို့ဆိုတော့- တရားနာ ပရိသတ် အပေါင်းတွေ ကောင်းကောင်းကြီး စဉ်းစား ကြစမ်းပါ၊ ရင်လယ် တည့်တည့်၌ လှံမကြီးစူးစိုက်နေတဲ့သူဟာ အသက်ချမ်းသာအောင် စူးစိုက်နေတဲ့ လှံကို မြန်မြန်နှုတ်ဘို့ အရေးကြီးသလို ဦးခေါင်းထက် ဆံပင်တွေကို လောင်မီးစွဲနေတဲ့အခါ လျင်မြန်စွာငြိမ်းအောင် အားထုတ်ဘို့ အရေးကြီးသလို မိမိတို့သန္တာန်မှာ အနမတဂ္ဂသံသရာက အစဉ်တစိုက် အမြဲ လောင်မြိုက်လာတဲ့

သက္ကာယဒိဋ္ဌိလောင်မီးကြီးကို အပြီးတိုင်ငြိမ်းစဲအောင်သတ်ဘို့ အရေးတကြီး ကျင့်ကြံအားထုတ်ကြပါ၊ အနမတဂ္ဂ အစမထင်တဲ့ သံသရာက မြဲမြဲစွာ စူးဝင်နေတဲ့သက္ကာယ လှံမကြီးကို အပြီးတိုင်နုတ်ပယ်ဘို့ အရေးတကြီး ကျင့်ကြံ အားထုတ်ကြပါလို့ ရှင်တော်ဘုရားက သနားကရုဏာဖြင့် ဥပမာဆောင်ပြီး သက္ကာယဒိဋ္ဌိကြီးအတွက် ဟောတော်မူခဲ့ပေတယ်၊ ဘယ်အတွက်ကြောင့် သို့ကလောက် အရေးကြီးစွာ ဟောကြားတော်မူရပါသလဲလို့ဆိုတော့- သံသရာမှာ အချုပ်အခြာ မဏ္ဍိုင် ပနက်သဲကြီး ဖြစ်နေတဲ့ အတွက်ကြောင့် သက္ကာယဒိဋ္ဌိကိုအရေးကြီးစွာ ဥပမာတို့ဖြင့်ဟောတော်မူခြင်း ဖြစ်ပေတယ်၊ အချုပ်အခြာ မဏ္ဍိုင် ပနက်သဲအစွဲကြီးပြုတ်သွားပြီဆိုလျှင် သတ္တဝါတို့မှာကိစ္စပြီးငြိမ်းသွားတာဘဲ၊ အပါယ်ဒုက္ခတွေဇာတ်သိမ်း၍ ချမ်းသာကိန်းကြီးတကိန်းပေါ်သွားတယ်၊ ဘုရားမြဲ၍အယုံကြည်စွဲသွားတယ်၊ လမ်းလွဲဘို့ မရှိနိုင် တော့ဘူး၊ အဲ-သို့ကြောင့် သက္ကာယဒိဋ္ဌိလောင်မီးနှင့် လှံမကြီးကို အပြီးတိုင်ငြိမ်းဘို့ နုတ်ဘို့ အလုပ်ကြီးထူထောင်ကာ အပူတပြင်း ခပ်တင်းတင်း ကျင့်ကြံအားထုတ်ကြပါလို့ဟောတော်မူတာပေါ့၊ သည်ဒေသနာတော်အလိုအားဖြင့် အတ္တဒိဋ္ဌိဖြုတ်ကိန်း အလုပ်ကြီးမှ တပါးအနန္တကမ္ဘာ့ကမ္ဘာမှာ ဘယ်အရာဘယ်အလုပ်မှ အရေးမကြီးဘူးလို့မှတ်ကြရမည်။

ယခုအခါ ကမ္ဘာပေါ်မှာရှိတဲ့ လူတကာ့လူတွေကို မေးကြည့်လိုက်လျှင် အလုပ်ကိစ္စများလွန်းလို့ မအားနိုင်ဘူး၊ အချိန်မရနိုင်ဘူး-စသည်ဖြင့် အမျိုးမျိုးအဖုံဖုံ ပြောဆိုကြတယ်၊ ဘာကိစ္စတွေလဲလို့မေးကြည့်တဲ့အခါ စားရေး,ဝတ်

ရေးနှင့် သားမယားကျွေးမှုကိစ္စတွေသာဖြစ်တယ်၊ အချုပ်မှာတော့-အိမ်ထောင်ရေး ကိစ္စတွေပါဘဲ၊ အဲ-သို့ကြောင့် ရှင်တော်မြတ်ဘုရားကလဲ ဃရာဝါသော-ဗဟုကိစ္စော-ရယ်လို့ ဟောတော်မူခဲ့ပေတယ်။ ဃရာဝါသော၊ အိမ်ရာတည်ထောင် လူတို့ဘောင်၌ နေထိုင်ရခြင်းသည်။ ဗဟုကိစ္စော၊ အချိန်မအားအောင် များပြားရှုပ်ထွေးသော ကိစ္စရှိ၏။

သို့ကလို ဗဟုကိစ္စတွေဟာ ဘယ်နေရာမှာ အသုံးကျပါသလဲလို့ သူတော်ကောင်းတို့၏ တွက်ကိန်းနှင့် တွက်ကြည့်လိုက်မယ်ဆိုလျှင် ဘာတစုံတခုမျှ အသုံးမကျဘဲ ပပဉ္စခေါ်တဲ့ သံသရာ နယ်ချဲ့တဲ့ အပိုအလုပ်တွေ, ကိစ္စရှုပ်တွေ အညစ်အကြေးထူပြောပြီး ကိလေသာတောထတဲ့ အလုပ်တွေသာဖြစ်တယ်၊ မကောင်းမှု ဒုစရိုက်ကြီးတွေ, ဆိုးဝါးကြမ်းတမ်းတဲ့ လောဘကြီးတွေ, ဒေါသကြီးတွေ, မာနကြီးတွေ,အဘိဇ္ဈာကြီးတွေ, ဣဿာနှင့် မစ္ဆရိယကြီးတွေဆိုတာ သည်လိုအလုပ်ရှုပ်တွေထဲက ထွက်ပေါ်လာကြတဲ့ ကိလေသာဆိုးကြီးတွေဖြစ်ကြတယ်။

ဥပမာအားဖြင့်ဆိုလျှင်— တောချုံရှုပ်ထွေးရာမှ မြွေဆိုး, ကျားဆိုးတွေ ထွက်ပေါ်လာသလို ပုထုဇဉ် သတ္တဝါတို့၏ ဃရာဝါသဆိုတဲ့ အလုပ်ရှုပ်တွေထဲက မြွေဆိုး, ကျားဆိုးတွေနှင့်တူတဲ့ ကိလေသာတွေ ထွက်လာတာဘဲလို့ အမြဲမှတ်သားကြပေတော့၊ သို့ကလို အလုပ်ရှုပ်တွေမရှိပါလျှင် ကိလေသာ အဆိုးအဝါးတွေ ထွက်ဘို့လမ်းပေါက် မရှိနိုင်တော့ဘူးမဟုတ်လား။

သို့ကလို ကိလေသာတို့၏ ယိုစီးကြောင်းဖြစ်တဲ့ အလုပ်ရှုပ် ဗာလုဿယုက္ကတွေနှင့် သံသရာတပြင်လုံး မဆုံးနိုင်ဘဲ ကျင်လည်ခဲ့ကြရတဲ့ သတ္တဝါတွေသာ များကြတယ်၊ ကိလေသာယိုစီး၍ သံယောဇဉ်မီးတောက်တဲ့ အလုပ်မျိုးတွေကိုပင် အဟုတ်ကြီးထင်ကာ-ထင်ကာနှင့် ဘဝသံသရာတွေ အနန္တမျောခဲ့,မြုပ်ခဲ့,အချိန်ဖြုန်းခဲ့ကြရတယ်။

မိမိတို့မှာ လွန်စွာ အရေးကြီးတဲ့ သက္ကာယဒိဋ္ဌိ ဖြိုဖျက်ကိန်း အလုပ်ကြီးဆိုတာကိုတော့ တခါလောက်မှ အိမ်မက်ကလေးမျှ မက်ဘူးကြမယ်လို့ မဟုတ်ဘူးနော်၊ သံသရာတခွင်မှာ မင်္ဂလာကြီးတွေ, ကြက်သရေကြီးတွေ ထင်ပြီး၊ ခင်မင်စွဲလမ်းစွာ လက်မလွှတ်နိုင်ဘဲ လုပ်ခဲ့ကြတဲ့ သံသရာ့အလုပ်တွေဆိုတာ သက္ကာယပြုတ်ဘို့ နေနေသာသာ အတ္တဒိဋ္ဌိခိုင်မြဲသည်ထက်ခိုင်မြဲဘို့,ကိလေသာအညစ်အကြေးထူပြော၍ သံယောဇဉ်ကြီးတွေကို ဗလရှပ်ဗလပွေ့ခိုင်မြဲသည်ထက် ခိုင်မြဲဘို့သာလိုတယ်။

အဲ-သို့ကြောင့် ယခုလိုဗုဒ္ဓသာသနာတော်ကြီးတညီးညီးတပြောင်ပြောင် အရောင်အဝါ ထွန်းလင်းနေတဲ့အခါကြီးများမှာ သံသရာတခွင် အရိုးအစဉ်ကြီး ဖြစ်နေတဲ့ ဗာလုဿယုက္က အလုပ်ရှုပ်များကို အားကျခြင်းမရှိဘဲ အတ္တဒိဋ္ဌိဖြုတ်ကိန်းနှင့် လွတ်ငြိမ်းချမ်းသာခြင်းဆိုတဲ့ သန္တိသုခ အလုပ်ကြီး-အလုပ်မြတ်ကိုသာလျှင် အားထုတ် လုပ်ကိုင်သင့်ကြတယ်မဟုတ်လား။

သံသရာတခွင်မှာ အရိုးအစဉ်ဖြစ်တဲ့ လက်ကိုင် အလုပ်ရိုးကြီးတွေဆိုတာ ဘယ်အခါမှပြီးနိုင်တဲ့ကိစ္စမျိုးတွေမဟုတ်

ဘူး၊ ကမ္ဘာကြီးတွေ အသန်းအသင်္ချေ ကြာချင်တိုင်းကြာ အောင် ပြုလုပ် အားထုတ်သော်လဲ ငါတို့မှာ ကိစ္စပြီးမြဲပေါ့၊ ချမ်းသာကိန်းကြီး ပေါ်ပေါ့၊ အငြိမ်းစား လမ်းကြီးသို့ ရောက်ပေါ့လို့ ဘယ်တော့မှ ထင်စားစရာ မရှိကြဘူး၊ "လှုပ်လေ မြုပ်လေ"ဆိုတဲ့ စကားမျိုးလို သံသရာလက်ရိုး အလုပ်ကြီးတွေဆိုတာ ကြာကြာကြီး လုပ်လေလေ သံသရာ တွင် ကြာကြာကြီးမြုပ်လေလေသာဖြစ်ကြတယ်။

အဲ-သို့ကြောင့် သားကျွေးမှု, မယားကျွေးမှု, အိမ် ထောင်ရေးအမှု, အသက်မွေးမှု, တုရေး-ပရေး, ဂုဏ်ပြိုင် ရေး-အစရှိတဲ့သံသရာလက်ရိုး အမှုကြီးတွေကို ဗာလုဿုက္က အလုပ်ရှုပ်ကြီး တွေရယ်လို့ ပညာရှိသူတော်ကောင်းကြီးတို့ က မိန့်ဆိုတော်မူကြတာပေါ့။

ဗာလုဿုက္ကဆိုတဲ့ပုဒ်ကို ဝိဂြိုဟ်ပြုလုပ်ရပါလျှင်-ဗာလာ နံ ဉဿုက္ကောတိ ဗာလုဿုက္ကော-ရယ်လို့ ဝိဂြိုဟ်ပြုရမယ်လို့ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး မိန့်ကြား တော်မူသည်များကို မကြာမကြာ ကြားရဘူးတယ်၊ ဗာ လာနံ၊ ဘာမှန်းမှ မသိသော ပုထုဇဉ် သတ္တဝါတို့၏။ ဉဿုက္ကော၊ အပင်အပန်းခံကာ အဆမတန် ကုန်းရုန်း၍ အရှုံးအဖတ်တင်အောင်ပြုလုပ်အားထုတ်ခြင်းတည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဗာလုဿုက္ကော၊ ဗာလုဿုက္ကမည်၏။

[သို့ကလိုအနက်ပေး။]

သည်ဝိဂြိုဟ်၏အဓိပ္ပါယ်လိုရင်းကတော့- သံသရာလက် ရိုးအလုပ်ကြီးတွေဆိုတာ ဘာမှန်းမသိတဲ့ သတ္တဝါတို့၏အရှုံး အဖတ်တင်အောင် အပင်ပန်းခံပြီးလုပ်ရတဲ့ အလုပ်မှားတွေ

ရယ်လို့ ဆိုလိုတယ်၊ အလွန်မှန်တဲ့ ဝိဂ္ဂြိုဟ်ပါပေဘဲ၊ သံသရာ့လက်ရိုးဖြစ်တဲ့ အလုပ်မှားကြီးတွေဆိုတာ အပင်ပန်းခံပြီး အဆမတန် ကုန်းရုန်း၍ လုပ်ရသော်လဲ အဟုတ်အဟတ်ချမ်းသာကိုမရဘဲ အဆုံးကျတော့ အသုံးမကျတဲ့ အလေဟာတောချည်းသာဖြစ်ကြောင်း သူတော်ကောင်းတို့ ဒိဋ္ဌမြင်ပြီးသားတွေသာဖြစ်ကြတယ်။

အတ္တဒိဋ္ဌိကိုဖြုတ်သင့်ကြောင်းပြီး၏။

---

## အတ္တဒိဋ္ဌိဖြုတ်ကိန်းတရားတော်

### သတိပေးချက်

သို့ကလို သံသရာ့ လက်ရိုးကြီးတွေဖြစ်တဲ့ အလုပ်မှားကြီးတွေကို ဗာလုသုတ္တဖြစ်ကြောင်းနှင့် ချဲ့ထွင်၍ ဟောပြောခဲ့ရတာက ဘာကြောင့်လဲဆိုတော့-ယခုလိုခေတ်အခါမှာ သာသနာ့လက်ရိုးဖြစ်တဲ့ အတ္တဒိဋ္ဌိဖြုတ်ကိန်း အလုပ်ကြီးများကို လုပ်ကိုင်ချင်တဲ့ စေတနာ ကလေးများ ပေါ်ပေါက်ကြပါစေတော့လို့ ဟောပြောခဲ့ရခြင်း ဖြစ်ပေတယ်။

အတ္တဒိဋ္ဌိဖြုတ်ကိန်းဆိုတဲ့ အလုပ်မြတ်ကြီးဆိုတာ ယခုလိုသာသနာတော်ကြီး အတွင်းမှာမှ လုပ်ခွင့်ကို ရနိုင်ကြတယ်၊ အနမတဂ္ဂသံသရာမှာ လွန်စွာတွေ့နိုင်ခဲတဲ့ အလုပ်ကြီးဖြစ်တယ်၊ ဘုရားပွင့်တော်မူတဲ့ ခေတ်အခါကြီးကို လွန်စွာကြုံကြိုက်ခဲတဲ့ ဒုလ္လဘဆိုရသလို သက္ကာယဒိဋ္ဌိဖြုတ်ကိန်းဆိုတဲ့အလုပ်ကြီးကိုလဲ ဒုလ္လဘကြီးလို့ပင်ဆိုရတယ်၊ ဒုလ္လဘခေတ်ကြီးနှင့်ကြုံတဲ့အခါ ဒုလ္လဘသာသနာတော်ကြီးကို ခိုလှုံရတဲ့အတိုင်း သက္ကာယဒိဋ္ဌိဖြုတ်ကိန်းကြီးခေါ်တဲ့ ဒုလ္လဘ

အလုပ်ကြီးကို အားထုတ်သင့်ကြကြောင်း ကောင်းကောင်း ကြီးသတိပြုကြရမယ်။

ဟဲကဲ-အဋ္ဌ ဒိဋ္ဌိဖြုတ်ကိန်းဆိုတဲ့ အနတ္တ စခန်းကြီးကို နိကာယ် ကျမ်းကြီးတွေမှာ လာတဲ့အတိုင်း အများနား လည်လွယ်အောင် မကျဉ်းမကျယ်ဟောကြအုံးစို့။

### အဋ္ဌဒိဋ္ဌိဖြုတ်ကိန်းဂါထာ

ပရတော သုညတော စေဝ၊
ပဿေ အဝသဝတ္တတော။
အသာရတော ဝိဒ္ဒါ ခန္ဓေ၊
အတ္တဒိဋ္ဌိံ ပဟာတဝေ။ ။

ဝိဒ္ဒါ၊ဒိဋ္ဌိခွါခန်း စခန်းသိမြင် ပညာရှင်သည်။ အတ္တ ဒိဋ္ဌိံ၊ကမ္ဘာ့ကမ္ဘာ သံသရာက မကွာမကွဲ စွဲကြီးစွဲ၍ အမြဲ ကိန်းဝပ်၍ လာသော အတ္တဒိဋ္ဌိဆိုးကြီးကို။ ပဟာတဝေ၊ နင်လား,ငါလား ကြမ်းဝါးမောင်းမဲ အားအန်ခဲ၍ ခွာရှဲ နှင်ထုတ်ခြင်းငှါ။ ခန္ဓေ၊ခန္ဓာငါးပါး ရုပ်နာမ် တရားတို့ကို။ ပရတော၊ငါနှင့်မဆိုင် ငါပိုင်မထား တခြားပြင်ပအားဖြင့် ၎င်း။ သုညတော စေဝ၊ငါ, သူတပါး ယောက်ျား, မိန်းမ ပုဂ္ဂလနှင့် ဒေဝ,ဗြဟ္မာ သတ္တဝါအထင်အမြင်မှ စင်စင်ကြီး ဆိတ်သုဉ်းသောအားဖြင့်၎င်း။ အဝသဝတ္တတော၊ အလို မလိုက် အကြိုက်မပါ ထင်ရာမြင်ရာ ဖြစ်ခြင်ရာ ဖြစ်တတ် သောသဘောအားဖြင့်၎င်း။ အသာရတော၊ အနှစ်ဟူ၍ မှုမဌေဘဲ ပြကတေ့အကာအတိ သဘောအားဖြင့်၎င်း။ ပဿေ-ဝိပဿေယျ၊ ဝိပဿနာ လျှံဝါထွန်းညီ ဉာဏ်မျက်စိ ဖြင့် သိအောင်,မြင်အောင်,ထင်အောင် ရှုစားရာသတည်း။

## အတ္တဒိဋ္ဌိဖြုတ်ကိန်း၌ လိုရင်းအချက်ကြီး ၄–ပါး

သည်ဂါထာကို မာတိကာအရင်းထားပြီး တရားကိန်းကြီးဖွင့်ရလိမ့်မယ်၊ တရားနာပရိသတ်အများက အတ္တဒိဋ္ဌိဖြုတ်ကိန်းကြီးကိုလိုလားကြပါလျှင် သည်ဂါထာကို ကျက်မှတ်၍ နေယျတ္ထ အဓိပ္ပါယ်များကို မှတ်မှတ် သားသားဉာဏ်အမြင်ဖြင့် ထင်ရှားအောင် ကြိုးစားကြရမယ်၊ ငါအထင်ကို ခဝါချ၍ အတ္တဒိဋ္ဌိဖြုတ်ကိန်း တရားကြီးမှာ လိုရင်းဖြစ်တဲ့ သဘောအချက်ကြီး လေးပါးကို ရှေးဦးစွာသိကြရပေလိမ့်မယ်၊ သဘော အချက်ကြီး လေးပါး ဆိုတာက ဟောခဲ့တဲ့ဂါထာအတိုင်း သို့ကလို မှတ်သားကြရမယ်။

(က) အတွင်း မဟုတ်၊ အပြင် အပ ဖြစ်သော ပရသဘောကြီး။

(ခ) ငါ,သူတပါး,ယောကျ်ား,မိန်းမ,ပုဂ္ဂလမှ ဆိတ်သုဉ်းသော သုညသဘောကြီး။

(ဂ) အနှစ်မပါ အကာအတိ ဖြစ်သော အသာရသဘောကြီး။

(ဃ) အလိုသို့မလိုက် အကြိုက်သို့မပါသော အဝသဝတ္တနသဘောကြီး။

အဲ-သည် သဘောအချက်ကြီး လေးပါးကို မာတိကာအနေအားဖြင့် မှတ်သားပြီး အသီးသီး ဖွင့်ပြကာဟောပြောရလိမ့်မယ်။

သည်သဘော အချက်ကြီးလေးပါး ဘွားဘွား ပေါ်လာပြီဆိုမှဖြင့် အနတ္တဆိုတဲ့သဘောကြီးဟာ လဝန်း,နေဝန်းကြီးတွေ ပေါ်လာသလို ထင်ရှားစွာ ဘွားဘွားကြီး ပေါ်

တော့မှာဘဲ၊ ဉာဏ်ကိုရှေ့သွားပြီး မှတ်မှတ်သားသား နား စိုက်လို့နာလိုက်ကြနော်၊သံသရာမှာ အလွန်တရာ ကြားနာ ရခဲတဲ့ အနှစ်သာရ ဒေသနာတော်ကြီးဖြစ်တယ်။

## ပရသဘောဆင်ခြင်ပုံ

ကဲ-အပြင်အပ ပရသဘောဆိုတဲ့ ပဌမအချက်ကြီးကို ရှေးဦးစွာဟောကြစို့။

ဤလောကမှာ မိမိကိုယ်တိုင်က မွေးဘွားသော သား သမီးအစရှိတဲ့ဝတ္ထုတွေ, မိမိပိုင်ဆိုင်တဲ့ ဥစ္စာပစ္စည်းတွေ, မိမိနှင့်ချစ်ခင်တဲ့ ဆွေမျိုး ဉာတိတွေ၊ အဲ-သို့ကလို ကိုယ်နှင့် ရင်းနှီးတဲ့ သက်ရှိသက်မဲ့ ဝတ္ထုပစ္စည်းတွေကို အတွင်းသူ, အတွင်းသား ပစ္စည်းတွေရယ်လို့ ဆိုရတယ်၊ တိုတိုပြောရ မှာဖြင့် ကိုယ်နှင့်ဆိုင်သမျှတွေကို အတွင်းလို့ ဆိုတာပေါ့၊ ကိုယ်နှင့်တစုံတရာမျှ စပ်ဆိုင်ခြင်းမရှိတဲ့လူတွေ, တိရစ္ဆာန် တွေ, ရွှေငွေတွေ, ဘဏ္ဍာတွေမှစ၍ သက်ရှိသက်မဲ့ ဝတ္ထု ပစ္စည်းတွေကိုတော့အတွင်းသူ,အတွင်းသား,အတွင်းပစ္စည်း များရယ်လို့ မဆိုနိုင်ဘူး၊ ကိုယ်နှင့်မဆိုင်တဲ့ ပြင်ပတခြား တွေရယ်လို့ ခေါ်ဆိုကြရတယ်၊ သို့ကလိုခေါ်ဆို ထင်မှတ် ခြင်းတွေဟာလဲ ကမ္ဘာ့စဉ်လာ ဓမ္မတာ သဘောရိုးကြီးဘဲ မဟုတ်လား။

ဤလောကမှာအတွင်းသူ,အတွင်းသား,အတွင်းပစ္စည်း ဆိုတော့ မိမိအပေါ်မှာညွှာတာကြတယ်၊ မိမိ၌အရေးရှိတဲ့ အခါ ကူညီကြတယ်၊အသုံးလိုတဲ့အခါ လွယ်စွာခဏရရှိနိုင်

တယ်၊ သို့ကလိုသဘောရှိတဲ့အတွက်ကြောင့်ဘဲ အတွင်းသူ့, အတွင်းသား, အတွင်းပစ္စည်းများရယ်လို့ ခေါ်ဆိုရတာပေါ့၊ အတွင်းသူ့,အတွင်းသား,အတွင်းပစ္စည်းများ ဆိုတော့ အားကိုး အားထားပြုကြရတယ်၊ အားကိုးတဲ့ အတိုင်းလဲ အားကိုးရာရောက်တယ်၊ အားပေးကူညီကြတယ်၊ သို့ကလို ကူညီအားပေးဘော် ရတဲ့အတွက်ကြောင့်လဲ အတွင်းရယ်လို့သဘောထားရတာပေါ့။

ကိုယ်နှင့်မစပ်တဲ့ အပြင်တခြားတပါးတွေဆိုတော့ မိမိကိုလဲ မညှာတာကြဘူး၊ အရေးရှိတဲ့အခါမှာလဲ ကူညီဘော်မရဘဲ မျက်နှာလွှဲ၍နေကြတယ်၊ သူစိမ်းပြင်ပြင်ကြီး နေလိုက်ကြတာဘဲ၊ အားလဲမကိုးရဘူး၊ အားကိုးပေတယ်လို့ အားကိုးရာ မရောက်ဘူး၊ အဲ-သို့အတွက်ကြောင့် အတွင်းမဟုတ် အပသက်သက် အစိမ်းသက်သက်တွေလို့ ဆိုတာပေါ့၊ အချုပ်အားဖြင့် ဆိုလိုက်တော့- အတွင်းဆိုတာအားကိုးရတယ်၊ ကြင်နာညှာတာတယ်၊ ကူဘော် လောင်ဘက်ရတယ်၊အားပေးတတ်တယ်၊ မစိမ်းကားဘူး၊အပဆိုတာကတော့-အားမကိုးရဘူး၊မကြင်နာမညှာတာဘူး၊ အကူအညီမရဘူး၊ စိမ်းကားတယ်၊ အဲ-သည်အတိုင်းဘဲမဟုတ်လား။

အဲ-သို့ကလို လောကီရေးမှာ- အတွင်းနှင့်အပ ဓမ္မတာနိယာမကြီးရှိတဲ့အတိုင်း "ငါ-ငါ"ဆိုတဲ့အတ္တစွဲကိန်းကြီးမှာလဲ အတွင်းသဘော, အပသဘောလို့ ထင်ရှားစွာနှိုင်းစာ၍ ရှုဆင်ခြင်ကြရမယ်၊ အတ္တဒိဋ္ဌိအားဖြင့် သတ္တဝါတွေ ထင်မှတ်ပုံက ဤကိုယ်ခန္ဓာကြီးသည် ငါအမှန်ဘဲ၊ ငါအစစ်ဘဲ၊ ငါမဟုတ်ဘူးလို့ ဘယ်သူကဆိုမလဲ၊ ငါဆိုတာ ပုဂ္ဂိုလ်

သတ္တဝါတဦးတယောက်ဘဲ၊ ငါယောက်ျားဘဲ၊ ငါမိန်းမဘဲ။ အဲ-သို့ကလိုအထင်အစွဲမြဲကြီးမြဲနေကြတယ်၊ သည်လိုစွဲမြဲတာက ဘာတွေကို ငါထင်ပြီး စွဲမြဲနေသလဲလို့ ဆိုတော့ သည်ကိုယ်ကာယကြီးကို စွဲမြဲတယ်၊ သည်ကိုယ်ကာယကြီးဟာဘာတွေလဲလို့ စစ်လိုက်တော့ အကျဉ်းချုပ် အားဖြင့် ရုပ်,နာမ်နှစ်ပါးသာဖြစ်တယ်။

ထို့ထက်အကျယ်ချဲ့လိုက်မယ်ဆိုပြန်တော့-ခန္ဓာငါးပါး ဖြစ်လာတယ်၊ ထို့ထက်အကျယ်ချဲ့လိုက်ပြန်တော့ အာယတန ၁၂-ပါး အစုအဝေးကြီး ဖြစ်လာတယ်၊ ထို့ထက် အကျယ် ချဲ့လိုက်ပြန်တော့ ဓာတ် ၁၈-ပါးအစုအခဲကြီး ဖြစ်လာတယ်၊ အဘိဓမ္မာကျမ်းဂန်တို့က သည်ကိုယ်ကာယကြီးကို အနည်းနည်းအဖုံဖုံ ခွဲဝေစိတ်ဖြာပုံတွေဟာ အများကြီးပါဘဲ၊ သည်တရားမှာတော့ ခန္ဓာငါးပါးကိုသာ လက်သုံးထားပြီး ဟောကြပါစို့ရဲ့။

**ခန္ဓာငါးပါးဓာတ်ခွဲခက်း။** ငါဘဲ, သူဘဲ, လူဘဲ, နတ်ဘဲ၊ အစွဲကြီးနေတဲ့ ကိုယ်ကာယကြီးထဲမှာ အဘိဓမ္မာဓာတ် ခွဲနည်းအားဖြင့် ဘာတွေများ ရှိနေပါသလဲလို့ ခွဲခြမ်း၍ ကြည့်လိုက်ပါလျှင် ခန္ဓာငါးပါးကြီးတွေကို တွေ့လိမ့်မယ်၊ ခန္ဓာငါးပါးဆိုတာ-ဘာတွေလဲလို့ဆိုတော့-

၁။ အထယ် ဝတ္ထု၊ ဒြဗ်သဏ္ဍာန်၊ အထယ်ခံ အမာခံကြီးဖြစ်တဲ့ ရူပက္ခန္ဓာတပါး,

၂။ ချမ်းသာ, ဆင်းရဲကို ခံစားနေတဲ့ ဝေဒနာက္ခန္ဓာတပါး,

၃။ ထမင်း,ဟင်း,အမိအဘမှစ၍ လောကဌမှတ်သား ထားဘွယ် အမျိုးမျိုးတွေကို မှတ်သား ထားတဲ့ သညာက္ခန္ဓာတပါး,

၄။ ကိုယ်မှု,နှုတ်မှု,စိတ်မှုမှစ၍ အမှုကိစ္စအမျိုးမျိုးတွေ ကိုစေ့ဆော် ဆောင်ရွက်နေတဲ့သင်္ခါရက္ခန္ဓာတပါး,

၅။ ထင်လာထိခိုက်လာတဲ့ အာရုံအမျိုးမျိုးတွေကို သိ တတ်တဲ့ ဝိညာဏက္ခန္ဓာတပါး,

အဲ-သို့ကလို၍ကိုယ်ကြီးကို ခွတ်ခွဲလိုက်တဲ့အခါ ခန္ဓာ ငါးပါးတွေ ဘွားဘွားကြီးထင်မြင်လာလိမ့်မယ်၊ ခန္ဓာငါး ပါးဆိုတာက- အဟုတ်ရှိ, အမှန်ရှိ, တကယ်ရှိ, အရှိကြီးရှိ နေတာဖြစ်လို့ ဝိပဿနာဉာဏ်ဖြင့်အမြင်သန်အောင်ကြည့် ရှုလေလေ ခန္ဓာငါးပါး ဘွားဘွားကြီး ပေါ်လေလေဖြစ် တာပေါ့၊ငါဘဲ,ကိုယ်ဘဲ, ပုဂ္ဂိုလ်-သတ္တဝါဘဲလို့ အစွဲကြီးစွဲ နေကြတာ သည်ခန္ဓာငါးပါးမှတပါး တခြားအထယ်ဝတ္ထု ဟူ၍တခုမျှမရှိဘူး၊ သို့ရာတွင်အန္ဓပုထုဇဉ်တွေကတော့-သည် ခန္ဓာငါးပါးကို ငါစွဲပါတယ်လို့မသိကြဘဲကိုး။

အန္ဓပုထုဇဉ်တို့အထင်မှာတော့-ခန္ဓာသော,အာယတန သော ဘယ်လိုမှ မပြောပါနှင့်၊ သည်ကိုယ်ကြီးဟာ ငါ မဟုတ်ဘူးလား၊သတ္တဝါမဟုတ်ဘူးလားလို့ ကြောင်တောင် ကြီးဇွတ်အတင်းပြောကြမှာပေါ့၊ သည်လို ကြောင်တောင် ပြောတဲ့ ဇွတ်အပြောကြီးတွေဟာ မိရိုးဘလာ သံသရာက ခန္ဓာမှန်းမသိတဲ့သူတို့၏ ပြောရိုး ဆိုရိုးကြီးပါဘဲ၊ အဆန်း မဟုတ်ပါဘူး၊ ခန္ဓာငါးပါးဆိုတာ-ဗုဒ္ဓသာသနာတော်ကြီး ထွန်းပေါ်တဲ့ ဒုလ္လဘအခါမှာမှ ကြားရတဲ့စကားမျိုးပါ၊

အနမတဂ္ဂသံသရာမှာ သတ္တဝါလုပ်လာကြတဲ့ ပုထုဇဉ်တွေ ဆိုတာသည်ကိုယ်ကို ဘယ်အခါမှာမှ ခွာတ်ခွဲလို့ ကြည့်ဘူး ရှာကြတာမဟုတ်ဘူး။

အဲ-သို့ကလို ပရမတ္ထခွာတ်ဉာဏ်ဖြင့် ဤကိုယ်ခန္ဓာကြီး ကိုခွာတ်ခွဲ၍ကြည့်လိုက်တဲ့အခါ ခန္ဓာငါးပါးတွေကို အထင် အရှားတွေ့ပါရော၊ဉာဏ်အမြင်နှင့်တွေ့ရတဲ့ခန္ဓာငါးပါးတွေ ဟာ အတွင်းသူ အတွင်းသား အဖြစ်ဖြင့် ရင်းရင်းနှီးနှီး အားကိုးရတဲ့ တရားတွေလား၊ သို့တည်းမဟုတ် စိမ်းစိမ်း ကားကားနှင့် အားမကိုးရတဲ့ပြင်ပ,တွေလားလို့ စဉ်းစား ဆင်ခြင်ရန်ရှိတယ်၊ ဤကယ်စင်စစ်အားဖြင့်ဆိုတော့-သည် ခန္ဓာငါးပါးတွေဟာ အတွင်းသူအတွင်းသား အားထားရ တဲ့ မှီခိုရာတွေမဟုတ်ဘူး၊ ရက်စက်စိမ်းကား၍ အားမကိုး ရတဲ့ သူစိမ်းပြင်ပြင်ကြီးတွေ အစစ်သာဖြစ်ကြတယ်။

အတ္တဒိဋ္ဌိအထင် အမှားမြင်ပုံကတော့ - သည်ကိုယ် ကြီးဟာ ငါ၏အတွင်းဆုံးဖြစ်တယ်၊ ငါပိုင်တယ်၊ သည်ကိုယ် ကြီးထက်အတွင်းကျတဲ့ ဝတ္ထုပစ္စည်းဟာ ဤလောကမှာ တစုံတရာမျှ မရှိတော့ဘူးလို့ ထင်နေတယ် မဟုတ်လား၊ အချစ်ဆုံးမှာလဲ မိမိကိုယ်ကြီးဟာ အချစ်ဆုံး,အခင်ဆုံးဘဲ၊ မိမိကိုယ်ထက် ချစ်ခင်တဲ့ဟာ ဘယ်အရာမှ မရှိတော့ဘူး၊ တခြား ဝတ္ထုပစ္စည်းတွေကို ချစ်ခင်စွဲလမ်း ရတယ်ဆိုတာ အတွင်းဆုံး အရင်းဆုံးဖြစ်တဲ့ သည်ကိုယ်ကြီးကို ချစ်ခင်လို့ သာ ကိုယ်၏အတွက် ချစ်ခင်စွဲလမ်းရတာကလား၊ သည် ကိုယ်ကြီးကို အတွင်းဆုံးအရင်းဆုံးထင်၍ ချစ်ခင်စွဲလမ်း၍ နေခြင်းဟာလဲ အချစ်မှား, အခင်မှားကြီးသာ ဖြစ်တယ်၊

တကယ်ဆိုတော့ - သည်ကိုယ်ကြီးဟာ၊ အတွင်း မဟုတ်, အရင်းမဟုတ်ဘူး။

ဘယ်လိုအတွင်း မဟုတ်သလဲ၊ ဘယ်လိုပြင်ပဖြစ်သလဲ ဆိုလျှင်-သည်ကိုယ်ကြီးခေါ်နေတဲ့ ခန္ဓာတွေဟာ ငါပြုလုပ်ထားတာတွေလဲ မဟုတ်၊ ငါစုဆောင်းထားတာတွေလဲ မဟုတ်၊ ငါ့အလိုကြောင့် ဖြစ်ပေါ်လာတာတွေလဲ မဟုတ်၊ ပရမတ္ထသဘာဝ အစစ်ကြီးတွေ ဖြစ်တဲ့ အတိုင်း သူ့အကြောင်းနှင့်သူ ဖြစ်ပေါ်လာတဲ့ ဓာတ်တရားတွေသာ ဖြစ်ကြတယ်။

ဓာတ်ဆိုတာက ဘယ်သူ့မျက်နှာကိုမှ ထောက်ထားမဟုတ်ဘူး၊ အကြောင်း ပင့်ထောက်လျှင် သူ့အလို အလျောက်ဖြစ်တဲ့ တရားတွေသာ ဖြစ်တယ်၊ ဘယ်သူ, ဘယ်သတ္တဝါ၏ အတွင်းပစ္စည်းမှလဲမဟုတ်ဘူး။

အတ္တနော သဘာဝံ ဓာရေတီတိ ဓာတု။

အတ္တနော၊ မိမိ၏။ သဘာဝံ၊ သဘောကို။ ဓာရေတိ၊ ဆောင်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဓာတု၊ ဓာတ်မည်၏။ ။ဓာတုသဒ္ဒါကို သို့ကလို ဝိဂြိုဟ်ဆိုရတယ်၊ဘယ်သူဘယ်နတ်နှင့်မှ မစပ်ဆိုင်ဘဲ သူ့သဘောနှင့် သူ့အကြောင်းတိုက်ဆိုင်ရာဖြစ်ပေါ်နေတဲ့သဘောတွေဘဲ၊ ရူပက္ခန္ဓာ တခုထဲမှာပင် ဆင်ခြင်လို့ ကြည့်လိုက်တဲ့အခါ အချို့ရုပ်များသည်ကံကြောင့်ဖြစ်တဲ့ ကမ္မဇရုပ်တွေ၊ အချို့ရုပ်များသည် စိတ်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်တွေ၊ အချို့ရုပ်များသည် ဥတုကြောင့်ဖြစ်တဲ့ ဥတုဇရုပ်တွေ၊ အချို့ရုပ်များသည် အာဟာရကြောင့်ဖြစ်တဲ့ အာဟာရဇရုပ်တွေ၊ အဲ-သို့ကလို သူ့

အကြောင်းနှင့်သူဖြစ်ပေါ်နေကြပုံများကို ထင်ရှားစွာသိမြင်ရလိမ့်မယ်၊ ဘယ်ပုဂ္ဂိုလ်က ပြုလုပ်တဲ့ ရုပ်, ဘယ်သူ့အလိုနှင့် ဖြစ်ပေါ်တဲ့ရုပ်ကယ်လို့ တခုမှမရှိဘူးမဟုတ်လား။

ဝေဒနာက္ခန္ဓာ အစရှိတဲ့ နာမ်ခန္ဓာလေးပါးမှာလဲ မိရာဝတ္ထုဆိုတဲ့ အကြောင်း, အာရုံဆိုတဲ့ အကြောင်း၊ သို့ကလိုအကြောင်းတွေနှင့် ဖြစ်ပေါ်နေတဲ့ဓာတ်တွေသာ ဖြစ်တယ်၊ ဘယ်သူ့အတွက်ကြောင့် ဘယ်သူ့ကြောင့်မှ ဖြစ်ပေါ်နေတာမဟုတ်ဘူး၊ သူ့အကြောင်းအားလျော်စွာ ဖြစ်ပေါ်နေတဲ့ ခန္ဓာငါးပါးတွေကို "မပျက်စီးပါနှင့်အုံး၊အရှည်အကြာတည်တံ့နေစမ်းပါအုံး" လို့ ပြောဆိုတောင်းပန်လို့လဲ မရ၊ ခြိမ်းခြောက်တားဆီးလို့လဲမရ၊ သူ့သဘာဝ အလျောက်ကွယ်ပျောက်ချိန်တန်တဲ့အခါ အနိစ္စသဘောအားဖြင့်ရွှေ့လျောပျက်စီးကုန်တော့တာဘဲ၊ အဲ-သို့ကလို သူ့သဘာဝအလျောက်ပေါ်ပေါက်ဖြစ်ပွားနေတဲ့ ဓာတ်တရားတွေကို ဘယ်လိုဒိဋ္ဌိမျိုးနှင့် ငါ၏အတွင်းသားတွေပါလို့ စွဲလမ်းသော်လဲ စွဲလမ်းတဲ့အတိုင်း အတွင်းသားအဖြစ် တည်နိုင်ပမလား။

ဥပမာအားဖြင့်-လူတို့နှင့် မဆိုင်တဲ့ တောတောင်ဂနိုင်စုံမြိုင်ပိတ်ပေါင်းကြီးတွေ၊ မြေဥတု ပြုစု ထောက်ပံ့ကြတဲ့အတိုင်း သူ့သဘာဝအလျောက် ပေါက်ပွားနေတဲ့ သစ်ပင်မြက်ပင်တွေကို ငါပိုင်ပစ္စည်းတွေ, ငါ၏အတွင်းဝတ္ထုတွေ, ငါအားကိုးရတဲ့ဘဏ္ဍာတွေရယ်လို့များ စွဲလမ်းနေမယ်ဆိုလျှင် ထိုသူကို ဘယ်လိုဆိုကြလိမ့်မှာလဲ၊ခပ်ရိုင်းရိုင်း ပြောရမှာဖြင့် အရူးရယ်လို့ဆိုကြမှာပေါ့၊ အဲ-သို့ကလိုဘဲ သူ့အ

ကြောင်းနှင့်သူ့ဘာသာဖြစ်ပြီး သူ့အချိန်တန်တဲ့အခါ သူ့ဘာသာချုပ်နေတဲ့ခန္ဓာငါးပါးတွေကို ငါပိုင်တွေပါ၊ ငါ့အတွင်းပစ္စည်းတွေပါ၊ ငါဆိုတာ သည်ဟာတွေပါဘဲလို့ စွဲလမ်းချင်ဖြင့် သည့်ထက်မှားတဲ့အမှားဟာ ရှိနိုင်ပါအုံးတော့မလား။

အဲ-သို့ကြောင့် သည်ကိုယ်ခန္ဓာကြီးအတွင်းမှာရှိတဲ့ခန္ဓာငါးပါးတွေဟာ ဥပမာပြခဲ့တဲ့အတိုင်း တောတောင်ဝနိုင်စုံမြိုင် ပိတ်ပေါင်းကြီးတွေ အတွင်းမှာ သူ့ဘာသာ အလျောက်ပေါက်ရောက်ကြီးပွားပြီး ပျက်စီးချိန်တန်တဲ့အခါ သူ့ဘာသာပျက်စီးနေတဲ့ သစ်ပင်ချုံနွယ်တွေ, ထင်းတွေ, မြက်တွေနှင့်မခြားမနား တစားထဲတူမျှတယ်လို့သာ မှတ်ကြပေတော့၊ ပြဆိုခဲ့တဲ့သစ်ပင်ချုံနွယ်တွေ,ထင်းတွေ, မြက်တွေဟာ အတွင်းဟုမဆိုရ၊ အပတွေ ဖြစ်သလို သည်ကိုယ်ကာယ၌ရှိရှိသမျှသော ခန္ဓာတရားတွေဟာလဲ အားကိုးဘွယ်ရာ,အတွင်းဆိုဘွယ်ရာဘာတခုမျှမရှိဘဲ သူစိမ်းပြင်ပြင်တွေဘဲ။

အဲ-သို့ကလိုဆင်ခြင်၍ ထင်မြင်အောင် ရှုနိုင်ပါလျှင်အတွင်းသဘော အားဖြင့် ငါထင်တဲ့ အတ္တအထင်ကြီးပျောက်ကင်းလိမ့်မယ်၊ အတ္တအထင်ကြီး ပျောက်တော့၊ အနတ္တဝိဇ္ဇာဉာဏ် ပေါ်ပေါက် လာတာပေါ့၊ သည်အခါ ငါ့ကိုယ်,ငါ့ဟာရယ်လို့တွယ်တာဘို့မရှိဘဲ တစိုးတစိ စိုးရိမ်ဘို့မရှိ ပူဆွေးဘို့မရှိ၊ သာယာခြင်းပြယ်ပြီး တွယ်တာခြင်းကင်းတော့တာဘဲ၊ယခုလိုဟောခဲ့တာပါဠိတော်အထောက်အထားမပါဘဲ အတ္တနောမတိအားဖြင့် ဟောကြားတာ

မမှတ်ကြနှင့်၊ အတ္တဖြုတ်ကိန်းဖြစ်တဲ့ ထေရဂါထာ ပါဠိတော်ကြီးကို အမှိတ်ကဲ သဟဲ့ပြုလုပ်၍ ဟောခဲ့ခြင်း ဖြစ်ပေတယ်။

တိဏကဋ္ဌသမံ လောကံ၊
ယဒါ ပညာယ ပဿတိ။
မမတ္တံ သော အသံဝိန္ဒံ၊
နတ္ထိ မေတိ န သောစတိ။ ။
[ထေရဂါထာပါဠိတော် အဓိမုတ္တထေရဝတ္ထု။]

ယော၊ အကြင်ယောဂီပုဂ္ဂိုလ်သည်။ လောကံ၊ ဤကိုယ်ကြီးနှင့် တကွသော လောကကြီးကို။ တိဏကဋ္ဌသမံ၊ တောတောင်စုံမြိုင် ဂနိုင်တလျှောက်တွင် အလိုလိုပေါက်ပွားဖြစ်ပျက်၍နေသော မြက်တွေ,ထင်းတွေနှင့် တူအောင်။ ယဒါ၊ အကြင်အခါ၌။ ပညာယ၊ ရုပ်ခဲ-နာမ်ခဲ ခွာတ်ခွဲစိတ်ဖြာ ဉာဏ်ပညာဖြင့်။ ပဿတိ၊ မကျန်မကြွင်း အလင်းထင်ထင် သိမြင်ပိုင်းခြားနိုင်လေ၏။ တဒါ၊ ထိုအခါ၌။ သော၊ ထိုအတ္တပယ်ရှင်း၍ အလင်းခွာတ်ပေါက်ပြီးသော ပုဂ္ဂိုလ်သည်။ မမတ္တံ၊ ငါ့ကိုယ်, ငါ့ဟာ ငါ့ဥစ္စာနှင့် ငါဘဲသူဘဲ အတ္တစွဲကြီးကို။ အသံဝိန္ဒံ-အသံဝိန္ဒန္တော၊ တစွန်းတစ ရှာမရသည်ဖြစ်၍။ မေတိ၊ ဤလျှင်ငါဘဲ သူလဲ၍သို့ ငါ့ဘိုငါ့ဟာ ငါ့ဥစ္စာတွေပါတကားဟူ၍။ နတ္ထိ၊ စွဲလမ်းခြင်းမရှိဘဲ ပကတိစင်ကြယ်လွတ်ကင်းလေ၏။ နသောစတိ၊ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာဟု ငါငါဟူသောအရေးကြောင့် ပူဆွေးစိုးရိမ်ခြင်းမရှိနိုင်တော့ပြီ။

အဲ-သို့ကလို ထေရဂါထာ ပါဠိတော်ကြီး၌ အထင်အရှားဟောကြားတော်မူအပ်တဲ့အတိုင်း ဤခန္ဓာကိုယ်ကြီးနှင့် တကွသောလောကကို ငါပိုင်,ငါ့ဟာ,ငါ့ဥစ္စာနှင့် ငါ့တံဆိပ်တွေခတ်ခတ်ပြီး ငါအမှတ်ကြီးမထားဘဲ ငါအထင်များကို ပယ်ရှားကြရမယ်၊ လူတို့ဌာနနှင့် မဆိုင်တဲ့ တောတောင်စုံမြိုင်ဂနိုင်ကြီးတွေအတွင်းက ထင်းတွေ,မြက်တွေ,အမှိုက်သရိုက်တွေနှင့်တူအောင် ဤကိုယ်ကြီးကို ရှုဆင်ခြင်ကြရမယ်။

ရုပ်ခဲ,နာမ်ခဲကို ဓာတ်ခွဲစိတ်ဖြာ ဉာဏ်ပညာဖြင့် ငါငါ-ထင်မြင်တဲ့အတ္တအစွဲကြီးကို ဖောက်ခွဲချေဖျက်၍ အတွင်းစက်သဘောမထားဘဲ တခြားပြင်ပ ပရ-အနေအားဖြင့် ရှုမြင်နိုင်တဲ့အခါ ငါပိုင်,ငါ့ဟာ,ငါ့ဥစ္စာနှင့် ငါငါ-ဆိုတဲ့ အစွဲအလမ်းတွေကို ရှာဖွေလို့မရနိုင်တော့ဘူး၊ ငါတံဆိပ်ကြီးတွေ ပျက်ဆုံး၍ ငါလုံးတွေ ပြုတ်ပြီဆိုမှဖြင့် သာယာဘွယ်ဆိုတာ ဘယ်မှာမှရှာမရတဲ့ပြင် ငါငါ-ဟူသောအရေးကြောင့် ပူဆွေးစိုးရိမ်ဘွယ်ဆိုတာလဲ မရှိနိုင်တော့ဘူး၊ အဲ့သည်အခါကျတော့ ဝိရာဂသုဒ္ဓိဓာတ်ဖြင့် အမြတ်ဆုံးသော ချမ်းသာကို ရတော့တာဘဲလို့ စွဲမြဲမှတ်သားကြရမယ်။

သည်မှတပါး ရှင်တော်မြတ်ဘုရားက ဤကိုယ်နှင့်တကွရှိရှိသမျှ သင်္ခါရတွေကို အတွင်းသဘောရယ်လို့ မထားဘဲ စိမ်းစိမ်းကားကား တခြားပြင်ပအားဖြင့် ရှုကြရမည့် အကြောင်းကိုလဲ သို့ကလိုဟောတော်မူပြန်တယ်။

သင်္ခါရေ ပရတော ပဿ၊
ဒုက္ခတော နော စ အတ္တတော။ ။

သခ်ါရေ၊ ပြုပြင်မှုကြောင့် ရုံးစုဖြစ်ပွား သခ်ါရ သဘောတရားတွေကို။ ပရတော၊ ကိုယ်နှင့်မဆိုင် ကိုယ်ပိုင်မမှန် ပြင်ရံစိမ်းကား တခြားတပါး အနေအားဖြင့်။ ပဿ၊ ဉာဏ်ဖြင့်ဆင်ခြင်၍ ထင်မြင်အောင်ရှုစားလေလော့။ ဒုက္ခတော၊ ထင်တိုင်းမပါ ဘယ်ခါမအေး အမြဲပင် ဒုက္ခပေးသောအနေအားဖြင့်။ ပဿ၊ ဉာဏ်ဖြင့်ဆင်ခြင်၍ ထင်မြင်အောင် ရှုစားလေလော့။ အတ္တတော၊ အတွင်းကျကျ အားကိုးရ၍ အတ္တနှင့်ဆိုင် အစိုးပိုင်သောအနေအားဖြင့်။ နောစ ပဿ၊ ဘယ်တခုကိုမျှ မရှုမဆင်ခြင်ပါလေလင့်။

အဲ-သို့ကလိုမိန့်ဆို ဟောကြားတော်မူခဲ့တဲ့ ဒေသနာတော်တွေဟာ ခန္ဓာငါးပါးတို့ကို တခြားပြင်ပ ပရ-အနေထင်မြင်အောင် ဆင်ခြင်ရှုစားရမယ်လို့ ဟောတော်မူတဲ့ ဒေသနာတော်တွေဖြစ်တယ်၊ အချုပ်အားဖြင့် မှတ်သားကြရန်မှာတော့- ခန္ဓာငါးပါးကို အတွင်းကိုယ်ပိုင်ထား၍ ထင်မြင်ရှုစားလျှင် အတ္တအထင်ကြီးစွဲထင်နေတယ်လို့ မှတ်ကြ၊ အတွင်း ကိုယ်ပိုင်ရယ်လို့ သဘောမထားဘဲ မြက်တွေ, ထင်းတွေ, အမှိုက်သရိုက်တွေနှင့်တူစွာ စိမ်းစိမ်းကားကား တခြားပြင်ပအားဖြင့် ရှုဆင်ခြင်နိုင်လျှင် အတ္တအထင်ကို ပယ်ဖျောက်၍ "အနတ္တ သမ္မာဒိဋ္ဌိဉာဏ်" ပေါက်တယ်လို့ မှတ်ကြ။

ပရ-ဆိုတာ အတ္တ၏ဆန့်ကျင်ဘက်ဖြစ်တယ်။

၁။ အတ္တ-ဆိုတာက အတွင်းသဘော,

၂။ ပရ-ဆိုတာက အပြင်သဘော,

အတွင်းလို့ ထင်နေတဲ့အစွဲကို အပြင်အပ, ပရအနေ အားဖြင့် ပြောင်းပြန် လန်အောင် ရှုဆင်ခြင်မှုကိုပင်လျှင် ဝိပဿနာဉာဏ်ရယ်လို့ ခေါ်တယ်၊ သတ္တဝါတို့၏ မိမွေးတိုင်း ဘမွေးတိုင်း အထင်အမြင်ကတမျိုး၊ ဝိပဿနာဉာဏ်၏အထင်အမြင်ကတခြား၊ အများအထင် ကမ္ဘာအထင် အမြင် မှောက်မှားတာတွေကို ဆန့်ကျင်ဘက် ပြောင်းပြန် လန်အောင် ရှုဆင်ခြင်နိုင်လေလေ ဝိပဿနာဉာဏ်ထက်သန်လေလေဘဲ၊ သို့ကလို ဉာဏ်အမြင်ထက်သန်မှ အနန္တကမ္ဘာ့ ကမ္ဘာက စွဲခဲ့တဲ့ အတ္တအစိုင်အခဲကြီးကို ဖြိုခွဲချေမှုန်းနိုင်ကြမယ်လို့မှတ်ကြရမယ်၊ ကဲ-ပရ-အနေအားဖြင့် အနတ္တရှုကိန်းကြီးကို သည်တွင်ရပ်ကြအုံးစို့။

---

## သုညသဘောဆင်ခြင်ပုံ

ငါ, သူတပါး, ယောကျ်ား, မိန်းမ, ပုဂ္ဂလမှ ဆိတ်သုဉ်းခြင်းသုညသဘောကြီးကို ဟောကြအုံးစို့ရဲ့။

ဤလောက၌ ဂဏန်းသင်္ချာကိန်းများတွင် "သုည" ဆိုတာ တစ်,နှစ်,သုံး,လေး-အစရှိတဲ့ဂဏန်းအရေအတွက်မှ ကင်းဆိတ်တယ်၊ သုညကို ဘယ်လိုဂဏန်းရယ်လို့မှ မခေါ်ဆိုရဘူး၊ အဲ-သည်လို ဂဏန်း အရေအတွက်ကိန်းမှ ဆိတ်သောကြောင့် "သုည" ရယ်လို့ ခေါ်ဆိုရတယ်၊ ဘယ်လိုဂဏန်း အရေအတွက်မှ ဆိတ်သုဉ်းသလဲ ဆိုတော့—တစ်ဂဏန်း နှစ်လုံးကိုပေါင်းလျှင် နှစ်ဖြစ်နိုင်တယ်၊နှစ်ဂဏန်း လေးလုံးကိုပေါင်းလျှင် ရှစ်-ဖြစ်နိုင်တယ်၊ ကိုးဂဏန်းနှစ်လုံး ကိုပေါင်းလျှင် ဆဲ့ရှစ်-ဖြစ်နိုင်တယ်၊ မြောက်ကိန်း, စား

ကိန်းတွေမှာလဲ သို့ကလို အမျိုးမျိုးအဖုံဖုံ ပြောင်းလဲဖြစ်ပွားနိုင်တယ်၊

"သုည" ဆိုတော့ ဘယ်လိုပင်ပေါင်းပေါင်း၊ ဘယ်လိုပင်မြှောက်မြှောက်၊ ဘယ်လိုပင်စားစား၊ ထူးထူးခြားခြားကိန်းတမျိုးမဖြစ်နိုင်ရှာဘူး၊ ဘယ်မှာဖြစ်မှာလဲ၊ သုညကိုက-ရေတွက်တဲ့ဂဏန်းကိန်းမှ ဆိတ်သုဉ်းနေတာကိုး၊ သုညနှစ်လုံးပေါင်းလျှင် ဘာဖြစ်လာသလဲ၊ ဘာမှမဖြစ်နိုင်ဘူး၊ သုညပေါင်း ထောင်,သောင်း,သိန်း,သန်း ပေါင်းသော်လဲ ဘာဂဏန်းမှမဖြစ်လာဘူး၊ သုညဆိုတာ သုညဘဲ၊ သုညတလုံးကို သုညတလုံးနှင့်မြှောက်၊ ဘယ်လိုဂဏန်းမှမထွက်လာဘူး၊ သုညကို သုညနှင့်စား၊ ဘယ်လိုနည်းနှင့်မျှ မစားနိုင်ဘူး။

အဲ-သို့ကလို ဂဏန်းရေတွက်ကိန်းတို့မှ ဆိတ်သောကြောင့် သုညခေါ်ရသည်နှင့်တူစွာ ခန္ဓာငါးပါး ရုပ်,နာမ်တရားတို့ဟာလဲ ငါ, သူတပါး, ယောကျ်ား, မိန်းမ- ဆိုတဲ့သဘော၊ ပုဂ္ဂိုလ်,သတ္တဝါဆိုတဲ့သဘော၊ အသက်ရှင်နေခြင်းဆိုတဲ့ ဇီဝသဘော၊ ဤသဘောတို့မှ ကင်းဆိတ်သောကြောင့် သုညရယ်လို့ ခေါ်ဆိုရတယ်၊ သတ္တဝါတွေရဲ့အထင်ကတော့-ခန္ဓာငါးပါးအစိုင်အခဲကြီးဖြစ်တဲ့ ဤကိုယ်ကြီးကိုပင်လျှင် ပုဂ္ဂိုလ်, သတ္တဝါ, ငါဘဲ, သူဘဲ အထင်လွဲနေကြတယ်၊ သို့ကလိုအထင်လွဲမှုကို သုညဖြစ်အောင် ရှုဆင်ခြင်နိုင်တဲ့ ဝိပဿနာဖြင့် ဖြိုဖျက်ကြရမယ်လို့ ရှင်တော်မြတ်ဘုရားက ဟောကြားဆုံးမတော်မူတယ်။

သုညမှန်ကြောင်းကို မိန့်ဆိုဟောကြားတော်မူတဲ့ ဒေသနာကို "သုညတဒေသနာ"လို့ ခေါ်တယ်၊ သုညထင်မြင်

အောင် ဆင်ခြင်ရှုစားနိုင်တဲ့ဉာဏ်ကို"သုညတာနုပဿနာ" လို့ခေါ်တယ်၊ သုညတ ဒေသနာဆိုတာ- ဗုဒ္ဓသာသနာ တော်ကြီးမှာလွန်စွာနက်နဲတဲ့ ဒေသနာတော်ကြီး ပေပေါ့၊ အဘိဓမ္မာ ၇-ကျမ်းတွေဟာ သုညတ ဒေသနာတော်ကြီး များသာဖြစ်ကြတယ်။

## ရူပက္ခန္ဓာ

ကဲ-သုညရှုကိန်းကြီးကို ဖော်ကြအုံးစို့၊ ခန္ဓာငါးပါး ထဲမှာ ရုပ်ခန္ဓာကြီးကစပြီး သုညကိန်းကြီးတွေကို ဖော်ရ လိမ့်မယ်၊ သုတ္တန်နည်းအားဖြင့် ခုတ်လေးပါး ခွဲခဏ်းကို ခပ်ကြမ်းကြမ်းဟောတဲ့ ဒေသနာမှာတော့-ဒွတ္တိံသာကာရ ဒေသနာ-ကာယဂတာသတိလမ်းကြီး ဖြစ်ပေတယ်၊ ကေ သာ,လောမာ-အစရှိတဲ့ ကောဋ္ဌာသအစုတွေဟာ ရူပက္ခန္ဓာ ထဲက မဟာဘုတ်ကြီးလေးပါးပေါ့၊ သုတ္တန်နည်းအားဖြင့် ဤကိုယ်ကာယကြီးသည် မြေအစု,ရေအစု, မီးအစု, လေ အစု-ဆိုတဲ့အစုကြီးလေးလီ ပေါင်းတွဲစိုင်ခဲနေတဲ့ အစုအခဲ ကြီးမျှသာဖြစ်တယ်၊ သည်မှတပါး ဘာတွေမျှမရှိဘူး၊ ရတ နာတွေလဲမဟုတ်ဘူး၊ ကြက်သရေရှိ-ဂုဏ်ရှိတဲ့ အထယ် ဝတ္ထုတွေကို စုထားတာကြီးလဲမဟုတ်ဘူး၊ ပုပ်တတ်, သိုး တတ်,ညှီလောင်တတ်တဲ့စက်ဆုပ်ဘွယ်တွေစုပုံနေတဲ့ချုံပုတ် ကြီးဘဲမဟုတ်လား။

သည်ကိုယ်ရုပ်မျိုး အပုပ်အိုးကြီးထဲမှာ- ဆံပင်, မွေး ညှင်း-အစရှိတဲ့ ကောဋ္ဌာသသုံးဆဲ့နှစ်ပါးတို့ဖြင့် ပြည့်လျှံ၍ နေတယ်၊ထို့ပြင်တပါး ပူနွေး,လှုပ်ရှားခြင်းဆိုတဲ့တေဇော, ဝါယောတို့ဖြင့် ပြည့်လျှံ၍နေတယ်၊ သို့ကလို မဟာဘုတ်

အစိုင်အခဲကြီးတွေဖြစ်တဲ့-ဆံပင်,မွေးညှင်း စသည်တို့၏ စု ဝေးရာကြီးကိုပင်လျှင် အတ္တအစွဲ အမြဲကြီးမြဲပြီး သူဘဲ,ငါဘဲ ထင်နေကြတယ်မဟုတ်လား။

ထင်မြင်တဲ့အတိုင်းဘဲရှိပါစေအုံးတော့၊ သည်ကောဋ္ဌာ သတွေမှာ ဘယ်ဟာကို ငါ-ခေါ်ပါသလဲ စစ်ဆေးတဲ့အခါ အသေအချာ ငါ-ကလေးတွေ ပေါ်ပေါက်လို့ လာလျှင် ကြေနပ်စရာရှိပါသေးရဲ့၊ တစွန်းတစ ငါ-ရယ်လို့ ရှာမရ လျှင် ဘယ်ကလာပြီး မဆိုင်ရာတွင် ငါ-ကလေးဝင်နေသလဲ လို့ ဆွဲထုတ်ပစ်ကြရမယ်မဟုတ်လား၊ ဆံပင်ကို ငါ-ခေါ် ပါသလား၊ ဆံပင်ဟာ ငါ-အစစ်အမှန်ဘဲလားလို့ အသေ အချာစစ်ဆေးပါလျှင် ဆံပင်က ကျွန်ုပ်-ငါ-မဟုတ်ပါဘူး၊ ဆံပင်အစစ်ပါ၊ ပထဝီ အစိုင်အခဲပါ၊ ငါ-စွဲတာကို ကျွန်ုပ် မခံနိုင်ပါဘူး-လို့ အမှန်အစစ်ခံရှာမှာဘဲ။

ဆံပင်ထဲမှာ ဓာတ်ခွဲ၍ ကြည့်ပြန်လျှင်လဲ အဋ္ဌကလာပ် ခေါ်တဲ့ ရုပ်ရှစ်ပါးကိုသာ တွေ့ရလိမ့်မယ်၊ ငါဆိုတာကို ဘယ်နေရာမှာမှ တွေ့ရမယ်မဟုတ်ဘူး၊ အဲ-သည်လို ဖြစ် တော့-ဆံပင်ထဲမှာ ငါမရှိကြောင်း ထင်ရှားလာရောပေါ့၊ ဆံပင်ထဲမှာ ငါမရှိကြောင်းထင်ရှားလျှင် တခြားကောဋ္ဌာသ တွေထဲမှာ ငါရှိကောင်း ရှိလိမ့်မလားလို့ အဘန်ဘန် အထပ်ထပ် စစ်ဆေးချင်တိုင်း စစ်ဆေးပေစေတော့၊ အဘိ ဓမ္မာရှာပုံတော်ကြီးနှင့် ငါ-မတွေ့ တွေ့အောင်ရှာချင်တိုင်း ရှာစေအုံးတော့၊ ဘယ်အခါကာလမှာမှ ငါဆိုတဲ့ အတ္တ သဘောကို တွေ့နိုင်မှာမဟုတ်ဘူး၊ဘာတွေကိုတွေ့လိမ့်မလဲ ဆိုလျှင် အစစ်ရှိ,အမှန်ရှိ, တကယ်ရှိတဲ့ ဓာတ်လေးပါးကြီး တွေ ကိုသာတွေ့ရမှာအမှန်ဘဲ၊ ကောဋ္ဌာသတွေရှိသမျှ စေ့

အောင် ဆံပင်နည်းအတိုင်းသာ ပထျာဖြန့်၍ နှံအောင် ဆင်ခြင်ကြပေတော့။

ကောဋ္ဌာသ ၃၂-ပါးတွေမှာ ငါရှာ၍မတွေ့ဘဲ ပူခြင်း, အေးခြင်း-ဆိုတဲ့ တေဇောဓာတ်နယ်ထဲမှာ ငါဆိုတဲ့ အတ္တ သဘောကိုတွေ့အောင် ရှာပါအုံးမယ်လို့ဆိုသော်လဲ စိတ် သာချပေတော့ ဒို့ ငါ-ကိုတွေ့နိုင်မှာမဟုတ်ဘူး၊ တေဇော ဓာတ်က ကျွန်ုပ်ဟာ-ငါ,သူတပါး,ယောကျ်ား, မိန်းမ,ပုဂ္ဂ လနှင့် ဇီဝမဟုတ်ပါဘူး၊ ပူအေးခြင်းကိစ္စဖြင့် ဘိဇ္ဇနသဘော ဖြစ်တဲ့တေဇောအစစ်ပါလို့ ဝန်ခံရှာလိမ့်မယ်၊ ထိုနောက် တဘန် သွားလာ လှုပ်ရှားခြင်း အစရှိတဲ့ အမူအရာကို ပြုတတ်တဲ့ ဝါယောနယ်ထဲမှာ ငါ-ဆိုတဲ့အတ္တကိုတွေ့အောင် ရှာပြန်ပါလျှင်လဲ စိတ်သာချပေတော့ ဒို့ ငါ-လုံးကိုတွေ့ မှာမဟုတ်ဘူး၊ ဝါယောဓာတ်က ကျွန်ုပ်ဟာ-ပုဂ္ဂိုလ်,သတ္တ ဝါ,ငါ,သူတပါး,ယောကျ်ား, မိန်းမမဟုတ်၊ လှုပ်ရှားခြင်း ကိစ္စဖြင့် ဘိဇ္ဇန သဘောဖြစ်တဲ့ ဝါယောအစစ်ကြီးပါလို့ ဝန်ခံရှာလိမ့်မယ်။

အဲ-သည်လို သုတ္တန်နည်းအားဖြင့် သုံးဆဲ့ နှစ်ပါးသော ကောဋ္ဌာသကြီးတွေကို အသီးသီး စစ်ဆေးတဲ့အခါ ငါဆို တဲ့ အတ္တ သဘောကလေးကို ဘယ်မှာမှ- ရှာလို့ရမှာ မဟုတ်ဘူး၊ ရနိုင်ပါရိုးလား၊ ကောဋ္ဌာသတွေ ဆိုတာက- ပုဂ္ဂိုလ်,သတ္တဝါ ငါ,သူတပါး, ယောကျ်ား, မိန်းမ-ဆိုတဲ့ အတ္တသဘောမှ ဆိတ်သုဉ်းတာကိုး၊ အဲ-သို့ကလို အတ္တ သဘောမှ ဆိတ်သုဉ်းခြင်းကိုပင် သုညရယ်လို့ ခေါ်ဆိုတယ်။

တနည်းတဖုံအားဖြင့်-ကောဋ္ဌာသ အသီးသီး တွေမှာ ငါရှာလို့မရှိချင်နေပါစေတော့၊ ကောဋ္ဌာသတွေ သူ့နေရာ

နှင့်သူ ဟန်ကျ ပန်ကျ စုံဝေးနေကြတဲ့ ကိုယ်ကြီးကိုပင် ပုဂ္ဂိုလ်,သတ္တဝါ, ငါ,သူတပါး, ယောက်ျား, မိန်းမ-အစစ် တွေပါလို့ အတ္တသမားတွေက ဆင်ခြေ တက်အုံးမလား၊ တက်ချင်တက်ပေစေ၊ ဖြေလုံးကို ပြလိုက်အုံးမယ်၊ ဥပမာ- သဲပွင့်များသည် ဆီမထွက်နိုင်တာအမှန်ဘဲနော်၊ သို့ကလို မူလသဘောအားဖြင့် ဆီမထွက်နိုင်တဲ့ သဲပွင့်ပေါင်းများစွာ တွေကိုတင်းနှင့်ခြင်ပြီး ဆီဆုံထဲမှာထည့်၍ပွတ်လျှင် ဆီထွက် နိုင်ပါအုံးမလား၊ စိတ်သာချ ပေတော့ ဒို့ဌ ဆီမထွက်နိုင် ဘူး၊ထွက်နိုင် ပါရိုးလား၊မူလရင်းကိုက ဆီထွက်တဲ့သဘော မှမရှိဘဲကိုး၊ ဥပမာ တနည်းအားဖြင့်- သုညတလုံးသည် တစ် လဲမဟုတ်၊နှစ်-လဲမဟုတ်၊ ဘာဂဏာန်းမှမဟုတ်၊ သည် လိုသုညတွေကို များစွာ ပေါင်းတဲ့အခါ တစ်,နှစ်- အစရှိ တဲ့ ဂဏာန်းများဖြစ်လာမလား၊ ဘယ်တော့ဖြစ်နိုင်မှာလဲ၊ မူလရင်းကိုက ရေတွက်ကိန်းမှာပါဝင်တဲ့ ဂဏာန်းသဘောမှ မရှိဘဲကိုး။

အဲ-သို့ကလို ဆံပင်သည် ငါ,သူတပါး, ယောက်ျား, မိန်းမမဟုတ်၊ မွေးညှင်းအစရှိတဲ့ ကောဋ္ဌာသတွေဟာလဲ ထိုနည်းတူစွာ ငါ,သူတပါး, ယောက်ျား, မိန်းမမဟုတ်၊ စင်စစ်မှာတော့-ပထဝီ,အာပေါ,တေဇော, ဝါယော-ဆိုတဲ့ ဓာတ်စုဓာတ်ခဲတွေသာအမှန်ဖြစ်ကြတယ်၊ မူလရင်းကိုက အတ္တ-ဇီဝ သဘောမရှိတဲ့ ကောဋ္ဌာသတွေကို များစွာ စု ပေါင်းထားလိုက်ပါသော်လဲ ဘယ်မှာပုဂ္ဂိုလ်, သတ္တဝါဖြစ် နိုင်ပါမလဲ၊ ဖြစ်နိုင်ပါရိုးလား၊ မူလရင်းကိုက အတ္တသဘော မှဆိတ်သုဉ်းကြတာကိုး၊ ယခုလို စစ်ပုံအတိုင်း ကောဋ္ဌာသ တွေကို သုတ္တန်နည်းအားဖြင့် အသီးသီး စစ်ဆေးလိုက်ပါ

လျှင် ငါဆိုတဲ့ အတ္တဒိဋ္ဌိကြီးဟာ ဘယ်မှာမှ ခိုအောင်းနိုင်စရာမရှိတော့ဘူး၊ သည်အတိုင်း ထင်မြင်ပါလျှင် ငါဆိုတဲ့ အတ္တဒိဋ္ဌိကြီးဟာ လွင့်စင်အောင် ထွက်ပြေးရောပေါ့၊အတ္တအထင်ကြီးကို ထွက်ပြေးအောင် နှင်ထုတ်ခြင်းကိုပင်လျှင် အနတ္တဝိပဿနာထင်မြင်လာတယ်လို့ဆိုရတယ်။

တနည်းတဖုံအားဖြင့်-အတ္တသမားတွေက အတ္တမဟုတ်ဘူးဆိုလျှင် လူတကာ့လူတိုင်း ဘာ့ကြောင့် အတ္တအထင်ကြီးထင်နေကြပါသလဲလို့မေးအုံးမလား၊ မေးချင်သလိုမေးပေစေ အဖြေကိုပြလိုက်မယ်၊ အတ္တစွဲလမ်းနေတဲ့သတ္တဝါတွေရဲ့သန္တာန်မှာ သက္ကာယဒိဋ္ဌိဆိုတဲ့ ငြောင့်ကြီးတွေက အပြီးတိုင်စူးဝင်နေတယ်၊ သက္ကာယ ဒိဋ္ဌိဆိုတဲ့- စုံန်းမကြီးတွေ, ဘီလူးသရဲကြီးတွေက အမြဲမပြတ် ပူးဝင်နေကြတယ်၊ အတ္တထင်မြင်အောင် အစဉ်မပြတ် ပယောဂတိုက်တွန်း နေကြတယ်၊အဲ-သို့ကြောင့် အတ္တအစွဲ အမြဲကြီးမြဲပြီး ငါဘဲ,သူဘဲဆိုတဲ့ အထင်လွဲအမြင်လွဲကို ခွာလို့မရနိုင်ဘဲရှိတာပေါ့လို့ဖြေရမယ်၊အတ္တထင်မြင်နေတာ မှန်သလား၊မှားသလားလို့ဆိုလျှင်- ဝိပဿနာဉာဏ်နှင့်သာ ဆင်ခြင်ပေတော့၊ ပါစင်အောင်မှားတဲ့အမှားကြီးပါဘဲ၊ အလွဲတကာ့အလွဲမှာ အတ္တအစွဲလောက်လွဲတာ ဘယ်မှာမှရှာလို့ မတွေ့နိုင်ဘူးလို့သာ အမြဲမှတ်ကြပေတော့။

## အဘိဓမ္မာနည်းအားဖြင့် သုညကိန်းကြီးပေါ်ပုံ

ကဲ-အဘိဓမ္မာ နည်းအားဖြင့် အတ္တကင်းငြိမ်း၍ သုညကိန်းကြီးတွေပေါ်ပုံကို ဟောကြအုံးစို့။

ခန္ဓာငါးပါးတို့ကို ရုပ်ခန္ဓာ,နာမ်ခန္ဓာရယ်လို့ ရှေးဦးစွာနှစ်ပါးထဲခွဲလို့ကြည့်ရမယ်၊ သို့ကလို ခွဲပြီးတော့ အစိုင်အခဲ လုံးရပ်သဏ္ဍာန် သဘောကြီးဟာ ရူပက္ခန္ဓာဘဲလို့ရှု၊ လုံးရပ်သဏ္ဍာန်မှာ သိတတ်,မှတ်တတ်,ခံစားတတ်, ပြုပြင်တတ်တဲ့သဘော ကလေးတွေ ကိန်းအောင်း၍နေကြတယ်၊ သည် သဘောများဟာ အစိုင်အခဲ, လုံးရပ် သဏ္ဍာန်သဘောမရှိ၊အကောင်အထယ်မမြင်ရတဲ့ နာမ်ဓာတ်-နာမ်ခန္ဓာသက်သက်ဘဲလို့ရှု။

၁။ ရူပက္ခန္ဓာသည် သိမြင်မှတ်သားနိုင်တဲ့သဘောမရှိ။
၂။ နာမ်ခန္ဓာများသည် သွားလာနိုင်တဲ့ အစိုင်အခဲ, အကောင်အထယ်သဘောမရှိ။

ရုပ်,နာမ် ခန္ဓာနှစ်ပါးစုံ နေရာတကျ နိဿယ, နိဿိတ အနေအားဖြင့် ပေါင်းစပ်လိုက်ကြတဲ့အခါကြတော့ ပုဂ္ဂိုလ်သတ္တဝါယောင်ယောင်, ဘာလိုလို,ညာလိုလို,မိန်းမလိုလို, ယောကျ်ားလိုလိုဆိုတဲ့-လိုလိုသဘောတွေ, ယောင်ယောင်သဘောတွေပေါ်လာကုန်တယ်။

ရုပ်,နာမ်နှစ်ရပ်ပေါင်းစပ်လိုက်တဲ့အခါ သွားနိုင်,လာနိုင်,ပြောနိုင်,ဆိုနိုင်,သိနိုင်,မြင်နိုင်, ကြံနိုင်, ဖန်နိုင်-ဆိုတဲ့ ထင်ယောင်ထင်မှားသဘောတွေ ပေါ်လာတယ်၊ အဲ-သို့ကလို ထင်ယောင်ထင်မှား သဘောတွေပေါ်လာတာကိုပင် ဒိဋ္ဌိဆိုတဲ့သဘောက တွေးတော ဆင်ခြင်ခြင်းမရှိဘဲ သည် ရုပ်,နာမ်နှစ်ပါးတို့၏ အစုအပေါင်းကြီးကို ပင်လျှင် ငါဘဲ, သူဘဲ,ယောကျ်ားဘဲ,မိန်းမဘဲ,ပုဂ္ဂိုလ်ဘဲ,သတ္တဝါဘဲရယ်လို့ အခိုင်အမြဲ သဲသဲမဲမဲကြီး စွဲလမ်းလိုက်ပါရော၊ သည်လို စွဲ

လမ်းတာကိုပင်လျှင်အတ္တဒိဋ္ဌိ အထင်မှားကြီးရယ်-လို့ခေါ် ဆိုတယ်။

ဒိဋ္ဌိစေတသိက်ဆိုတာ-လွန်စွာသဘောတိမ်တယ်၊ ဉာဏ် ပညာနှင့် ဆန့်ကျင်ဘက် ဖြစ်တဲ့အတွက် ဉာဏ်မျက်စိ ဆို တာ လုံးလုံးမှမပါဘူး၊ သို့ကလို ဉာဏ်ပညာနှင့်တဘက်တ လမ်း-ပြောင်းပြန် ကျနေတဲ့ အတွက်ကြောင့် ဆင်ခြင်မှုဆို တာဝေးရော၊ ထင်ယောင်ထင်မှားကလေးဆိုလျှင် တခါထဲ ပြီး အတ္တအစွဲဖြင့် စွဲလမ်းသိမ်းပိုက်လိုက်ပါရော၊ သတ္တဝါ တွေကလဲ အတ္တဒိဋ္ဌိနှင့် မဟာမိတ်ကြီးတွေ အခိုင်အမြဲ ဖွဲ့ စည်းထားတဲ့အတိုင်း ဒိဋ္ဌိသွန်သင်တဲ့လမ်းကိုဖြင့် တန်းတန်း မတ်မတ်ကြီး လိုက်ကြတယ်၊အတ္တသွန်သင်တာကိုမှ သဘော နှစ်ခြိုက်ကြတယ်၊ ဉာဏ်ပညာက မှန်ရာကို သွန်သင်တာကို တော့ မလိုက်နာချင်ကြဘူး၊ အဲ-သို့အတွက်ကြောင့် ဒိဋ္ဌိ ဘက်ကိုယိုင်လဲပြီး ပါနေကြတာပေါ့။

## အကျိုးနှင့်အကန်းဥပမာ

ရုပ်ခန္ဓာ, နာမ်ခန္ဓာ နှစ်ရပ်ကို ပေါင်းစပ်ပြီး ထင် ယောင်ထင်မှား ပြုလုပ်ပုံများကို အဋ္ဌကထာကျမ်းဂန်ကြီး တွေက သည်လိုဆိုတယ်။

၁။ ကျိုးတဲ့လူတယောက်,

၂။ ကန်းတဲ့လူတယောက်,
ဒုက္ခိတ သတ္တဝါ နှစ်ယောက် ဆုံမိကြသတဲ့၊ သည် အခါ—

၁။ ကျိုးတဲ့လူက ခင်ပွန်းနှင့်တွေ့ရတာ နေရာကျပေါ့၊ ကျွန်တော့မှာ ကျိုးနေတဲ့အတွက် မထနိုင်ပါ၊ မျက်စိတော့ဖြင့် ကောင်းကောင်းမြင်ပါရဲ့၊ မိတ်ဆွေနှင့်ပေါင်းရလျှင် လူကောင်း ဖြစ်တော့မှာဘဲလို့ ပြောတယ်။

၂။ ကန်းတဲ့လူက ကျွန်တော်လဲ မိတ်ဆွေကြီးနှင့်တွေ့ရတာကို အပုံကြီး ကျေးဇူး တင်ပါတယ်၊ ကျွန်တော့မှာလဲ စက္ခုအလင်းမရတဲ့အတွက် ဘယ်လမ်းကိုမှ တယောက်ထဲ မသွားနိုင်ပါ၊ မျက်စိကောင်းတဲ့လူနှင့် တွဲရလျှင်ဖြင့် ကျွန်တော်လဲ လူဟုတ်ကြီးတယောက် ဖြစ်မှာပါဘဲလို့ ပြောတယ်။

အဲ-သို့ကလို လူကန်းနှင့်လူကျိုး အမျိုးမျိုး ကျေးဇူးတင်ကာ (ကျိုးကန်းအသင်းဖွဲ့ပြီး) မခွာမခွဲဘဲနေထိုင်ကြပါရော၊ တစုံတရာ သွားလို, လာလို, ပြုလုပ်ဆောင်ရွက်လိုတဲ့ ကိစ္စများရှိလျှင် လူကျိုးက လူကန်းကို ခွစီးတယ်၊ လူကန်းက လူကျိုးလမ်းပြတဲ့အတိုင်း ဆောင်ကြဉ်း၍သွားတယ်၊ သူတို့နှစ်ယောက်ပေါင်းပြီး ကောင်းကောင်းကြီး အလုပ်-လုပ်လိုက်ကြတာ ဖြောင့်နေတာ ပေါ့လေ၊ လူနှစ်ယောက်ပေါင်းလိုက်ကြတဲ့အခါ လူတယောက်စာ လုံလုံလောက်လောက်ဖြစ်သွားတာကိုး၊ အဲ-သို့ကလိုဘဲ၊ ရုပ်နှင့်နာမ် အသင်းဖွဲ့ပြီး ပေါင်းလိုက်ကြတဲ့အခါ အရာရာတိုင်း ဖြောင့်သွားတာပေါ့။

၁။ ရုပ်ခန္ဓာက-သူကန်းနှင့်တူတယ်။

၂။ နာမ်ခန္ဓာက-သူကျိုးနှင့်တူတယ်။

ရုပ်ခန္ဓာက မြင်ကြားတွေ့ထိခြင်းအစရှိတဲ့ နာမ်ကိစ္စတွေကို မဆောင်ရွက်နိုင်ဘူး၊နာမ်ခန္ဓာက အကောင်အထယ်နှင့် သွားလာ လှုပ်ရှားခြင်း အစရှိတဲ့ ရုပ်ကိစ္စတွေကို မဆောင်ရွက်နိုင်ဘူး၊ အချင်းချင်းပူးပေါင်းလိုက်တဲ့ အခါ သတ္တဝါဒြဗ်ကြီးသသကြီး ဖြစ်နေတယ်လို့ ထင်စရာကြီးပေါ့လေ၊ သို့အတွက်ကြောင့်လဲ အတ္တဒိဋ္ဌိကြီးက သတ္တဝါ ထင်မြင်ပေသပ။

**ကဲ-စစ်တမ်းထုတ်လိုက်ကြစို့။** အတ္တ ဒိဋ္ဌိ ထင်မြင်ပုံက ဤကိုယ်ကြီးဟာ ငါတခုထဲ, ငါတယောက်ထဲ, ယောကျ်ားဘဲ,မိန်းမဘဲလို့ ကေဝုစ်ကိန်းဖြင့် စွဲလမ်းနေတယ်၊ ကိုယ်တကိုယ်မှာ ငါနှစ်ငါမရှိဘူး၊ တကယ်တန်းအမှန် ဖြစ်နေပုံကတော့-သူကျွန်းနှင့်သူကန်းတွဲစပ်ထားတာလို ရုပ်နာမ်နှစ်ပါးပေါင်းစပ်ထားတဲ့အတွက် ရုပ်ရော,နာမ်ရော၊ ငါပါဘဲ, သတ္တဝါပါဘဲလို့ဆိုလျှင် ကိုယ်တကိုယ်မှာ ငါနှစ်ငါ, သတ္တဝါနှစ်ကောင်ဖြစ်နေရလိမ့်မယ်၊ ငါထင်တဲ့စွဲလမ်းတာပါကို ငါနှင့်ဆိုကတဲက အတ္တရောက်မသွားဘူးလား၊ စဉ်းစားကြပါ၊ ရုပ်ကိုသာငါဟု စွဲလမ်းပါတယ်လို့ဆိုလျှင် အကောင်အထယ်သာရှိ၍ အသိအမြင်တွေဗလာကင်းနေရလိမ့်မယ်၊ နာမ်ခန္ဓာကိုသာ ငါပါဘဲလို့ဆိုပြန်လျှင်လဲ အကောင်မရှိဘဲ ရေတွဲလဲနှင့်ဗူးကို မီးလောင်သွားသလိုဖြစ်နေလိမ့်မယ်၊ ရုပ်ရောနာမ်ပါ ငါပါဘဲလို့ ဆိုပြန်လျှင်လဲ ငါနှစ်ခုတွဲနေလိမ့်မယ်၊ ကဲ-ဘယ်ကလောက် အတ္တစွဲပုံ ခက်ခဲနေသလဲလို့စဉ်းစားကြစမ်းပါ၊ ဝိပဿနာအချက်ကြီးနော်၊ တော်တော်လွယ်တယ်လို့မျှားမထင်ကြနှင့်။

## အဘိဓမ္မာဓာတ်ခွဲကိန်း

အဘိဓမ္မာဓာတ်ခွဲကိန်းနှင့် သုညသဘောကို စစ်လိုက်မယ်ဆိုလျှင် ရုပ်ပေါင်း ၂၈-ပါးကိုတွေ့လာလိမ့်မယ်၊ ရုပ်အဋ္ဌဝီသတွေကို အသီးသီးစစ်နေလျှင် တရားကြောကြီး မျောသွားတော့မယ်၊ မဟာဘုတ်ကြီးလေးပါးကို စစ်ကြစို့ရဲ့၊ မဟာဘုတ်ဆိုတာ ရုပ်တို့၏ ပင်မကြီး, အုတ်မြစ်ကြီး, မဏ္ဍိုင်ကြီးများဖြစ်ကြတယ်၊ မဟာဘုတ်ကြီး လေးပါးကို စစ်ဆေးလျှင် ရုပ်သေး,ရုပ်မွှားဖြစ်တဲ့ ဥပါဒါရုပ်တွေကိုလဲ စစ်ခြင်းကိစ္စပြီးသွားရောပေါ့။

(က) ပထဝီဓာတ်ကို မြန်မာလို မြေဓာတ်လို့ ခေါ်တယ်၊ သူ့သဘောကတော့ ခက်မာခြင်းသဘော, နူးညံ့ခြင်းသဘောပါဘဲ၊ သည်မှ တပါးတခြား သဘောအပို မရှိပါဘူး၊ ခက်မာခြင်း သဘောဟာ-သတ္တဝါလား, ပုဂ္ဂိုလ်လား, ငါလား, သူလား၊ မဟုတ်ပါဘူး၊ ပထဝီဓာတ်ဆိုတာ ခက်မာခြင်း သဘောမျှပါဘဲ၊ သည်ပထဝီထဲမှာ သတ္တဝါ သဘော, ပုဂ္ဂိုလ်သဘောမရှိပါဘူး၊ သုညသဘောကြီးသာ အမှန်ရှိနေပါတယ်။

(ခ) အာပေါဓာတ်ကို မြန်မာလို ရေဓာတ်လို့ ခေါ်တယ်၊ သူ့သဘောကတော့- ဖွဲ့စည်းခြင်းသဘော, ယိုစီးခြင်း သဘောပါဘဲ၊ သည်မှတပါး တခြား သဘောအပိုမရှိပါဘူး၊ ဖွဲ့စည်းခြင်း သဘောဟာ သတ္တဝါလား, ပုဂ္ဂိုလ်လား, ငါလား, သူလား၊ မဟုတ်ပါဘူး၊ အာပေါဓာတ် ဆိုတာ- ယိုစီးခြင်း

သဘောကလေးမျှပါဘဲ၊ သည်အာပေါဓာတ်ထဲမှာ ပုဂ္ဂိုလ်သဘော, သတ္တဝါ သဘောမရှိဘူး၊ သုည သဘောကြီးသာ အမှန်ဖြစ်တယ်။

(ဂ) တေဇောဓာတ်ကို မြန်မာလို မီးဓာတ်လို့ ခေါ်တယ်၊ သူ့သဘော ကတော့- အပူလောင် ခြင်း, အအေးလောင်ခြင်း, ဆွေးမြေ့စေခြင်း သဘောပါဘဲ၊သည်မှတပါး တခြားသဘောမရှိပါဘူး၊ ပူခြင်းဆိုတဲ့ သဘောဟာ ပုဂ္ဂိုလ်လား, သတ္တဝါလား, ငါလား,သူလား၊ မဟုတ်ပါဘူး၊ တေဇောဆိုတာ- ပူခြင်း,အေးခြင်း,လောင်မြိုက်ခြင်းသဘောကလေးမျှပါဘဲ၊ သည်တေဇောဓာတ်ထဲမှာပုဂ္ဂိုလ်သဘော, သတ္တဝါသဘောမရှိဘူး၊သုညသဘောကြီးသာအမှန်ဖြစ်တယ်။

(ဃ) ဝါယောဓာတ်ကို မြန်မာလို လေဓာတ်လို့ ခေါ်တယ်၊ သူ့သဘောကတော့- လှုပ်ရှားခြင်း, ယိမ်းနွဲ့ခြင်း သဘောပါဘဲ၊ သည်မှတပါး တခြားသဘောအပိုမရှိပါဘူး၊ လှုပ်ရှားခြင်း, ယိမ်းနွဲ့ခြင်းဆိုတဲ့သဘောဟာ ပုဂ္ဂိုလ်လား,သတ္တဝါလား, ငါလား, သူလား၊ မဟုတ်ပါဘူး၊ ဝါယောဆိုတာ- လှုပ်ရှားခြင်း၊ ယိမ်းနွဲ့ခြင်း သဘောကလေးမျှပါဘဲ၊ သည် ဝါယောထဲမှာ ပုဂ္ဂိုလ်သဘော,သတ္တဝါ သဘောမရှိပါဘူး၊သုညသဘောကြီးသာ အမှန်ဖြစ်တယ်။

အဲ-သို့ကလို မဟာဘုတ် ရုပ်ဓာတ်ကြီး လေးပါးကို သဘောလက္ခဏာနှင့်တကွ စစ်ဆေးလိုက်တဲ့အခါ ပရမတ္ထ

ကိရိယာဆိုတဲ့အမူအရာသဘောမှတပါး တခြားအပိုအမို သဘောမရှိဘဲ နိဿတ္တ,နိဇ္ဇီဝသဘောတွေသာထင်ရှားပေါ် လာတယ်၊ သတ္တဝါမဟုတ်ထာကို နိဿတ္တရယ်လို့ ခေါ် တယ်၊ အသက်မရှိအရှင်မဟုတ်ထာကို နိဇ္ဇီဝရယ်လို့ခေါ် တယ်၊ မဟာဘုတ်ကြီးလေးပါးဟာ အဗျာကတာ ဓမ္မာပုဒ် တွင် ပါဝင်ဟောကြားအပ်တဲ့အတွက်ကြောင့် အဗျာကတ ဓမ္မသက်သက်မျှသာဖြစ်တယ်။

ဓမ္မဆိုမှဖြင့် သတ္တဝါမဟုတ်၊အသက်မဟုတ်ဘူး၊ အဲ-သို့ကြောင့်—

ဓမ္မာ နိဿတ္တနိဇ္ဇီဝသဘာဝါ။

လို့ အဋ္ဌသာလိနီ အဋ္ဌကထာကျမ်း၌ ဓမ္မပုဒ်ဘွင့်ဆို တော်မူတယ်။ ။နိဿတ္တနိဇ္ဇီဝသဘာဝါ၊ သတ္တဝါသဘော မဟုတ်,အသက်သဘောမဟုတ်ကုန်သော။ဓမ္မာ၊ တရားတို့ သည်သာလျှင်။ သံဝိဇ္ဇန္တိ၊ ထင်ရှားရှိကုန်၏။ ။သတ္တဝါ သဘောမဟုတ်ဘူး ဆိုလျှင်ဘဲ ပုဂ္ဂိုလ်,သတ္တဝါတို့မှ ဆိတ် သုဉ်းတဲ့သုညသဘောပေါ်ရော့မဟုတ်လား။

ဖြစ်စေတတ်တဲ့ အကြောင်းအားဖြင့် စစ်ဆေး ပြန်လျှင် လဲ မြေ, ရေ, လေ, မီး, ဓာတ်ကြီးလေးပါးဆိုတာ ဘယ် ပုဂ္ဂိုလ်၏အာဏာကြောင့် ဘယ်သတ္တဝါ၏ အလိုကြောင့်မှ ဖြစ်ပေါ်လာကြတာမဟုတ်ဘူး၊ဘယ်နတ်,ဘယ်ဗြဟ္မာတို့၏ အာဏာ တန်ခိုးကြောင့်မှလဲ ဖြစ်ပေါ်လာကြတာ မဟုတ် ဘူး၊ကုန်ကုန်ပြောလိုက်ပါတော့မယ်လေ၊ ဘုရားရှင်တန်ခိုး ကြောင့်လဲ ဖြစ်ပေါ်လာကြတာမဟုတ်ဘူး၊ သည်လိုဖြင့် ဘာ

ကြောင့် ဖြစ်ပေါ်လာသလဲ မေးရန်ရှိတယ်၊ ဖြစ်ပေါ်ရန် အကြောင်းရင်း မှာတော့- တိုက်ဆိုင်မိရာ အကြောင်း လေးပါးကြောင့် ဖြစ်ပေါ်ကြတယ်လို့ ဖြေရမယ်။

၁။ အချို့မဟာဘုတ်ကြီးများ ကံကြောင့် ဖြစ်ပေါ်ကြတယ်။

၂။ အချို့မှာ စိတ်ကြောင့်ဖြစ်ပေါ်ကြတယ်။

၃။ အချို့မှာ ဥတုကြောင့် ဖြစ်ပေါ်ကြတယ်။

၄။ အချို့မှာ အာဟာရကြောင့် ဖြစ်ပေါ်ကြတယ်။

ခန္ဓာငါးပါးနှင့်လှဲပြီး အကြောင်းရှာလိုက်ပြန်တော့—

၁။ ကမ္မဇရုပ်များဟာ သင်္ခါရက္ခန္ဓာကြောင့်ဖြစ်တယ်။

၂။ စိတ္တဇရုပ်များဟာ ဝိညာဏက္ခန္ဓာကြောင့် ဖြစ်တယ်။

၃။ ဥတုဇနှင့် အာဟာရဇရုပ်များဟာ ရူပက္ခန္ဓာ ကြောင့် ဖြစ်တယ်။

အဲ-သို့ကလို ခန္ဓာတခုက-ခန္ဓာတခုကို ဖြစ်စေတတ်တဲ့ သဘောများကိုလဲ အဘိဓမ္မာဓာတ်ခွဲပညာအားဖြင့် စဉ်းစားဆင်ခြင်ကြရမယ်၊ခန္ဓာတို့သည်ဘာကြောင့်ဖြစ်ကြသလဲ၊ ခန္ဓာကြောင့်ဖြစ်ကြတယ်၊ဘယ်သူ၏ တန်ခိုးအာဏာကြောင့်မှ ဖြစ်ထာမဟုတ်ဘူးလို့ဆိုလျှင်-မလွဲနိုင်ဘူး၊ပဋ္ဌာန်းဒေသနာတော်ကြီးမှာ-ခန္ဓာငါးပါးတို့ အချင်းချင်းကျေးဇူး ပြုကြပုံ,ထောက်ပံ့ကြပုံ,ဖြစ်စေကြပုံများကို နည်းပေါင်းများစွာတို့ဖြင့် ခွဲစိတ်၍ပြတော်မူတယ်။

မဟာဘုတ်တို့၏တည်ရာဌာနအားဖြင့် စဉ်းစားဆင်ခြင်လို့ကြည့်လိုက်ပါဒုံးတော့၊ပုဂ္ဂိုလ်သတ္တဝါတို့၌ခန္ဓာငါးပါး

တည်တာမဟုတ်ဘူး၊ ခန္ဓာအချင်းချင်းတို့၏ အပေါ်မှာသာ ခန္ဓာတို့တည်ကြတယ်၊ အညမညပစ္စည်း, နိဿယပစ္စည်း တွေဟာ ခန္ဓာငါးပါးတို့၏အချင်းချင်းတည်ရာ-မှီရာသဘော ကိုပြဆိုတဲ့ ဒေသနာတော်ဖြစ်တယ်။

ကေနံမဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ။

အစရှိသည်ဖြင့် ဟောတော်မူတဲ့အတိုင်း မဟာဘုတ် ဓာတ်ကြီးတွေဟာ အချင်းချင်းတည်ရာ-မှီရာပြု၍ ဖြစ်ပေါ် ကြတယ်။

အဲ-သို့ကလို မဟာဘုတ်ဓာတ်ကြီး လေးပါးတွေဟာ ဖြစ်ပေါ်ရန်အကြောင်းအားဖြင့်လဲ သတ္တဝါနှင့်မဆိုင်၊တည် ရာ-မှီရာသဘောအားဖြင့်လဲ သတ္တဝါသဘောနှင့် မဆိုင်၊ အဲ-သို့ကလို မဆိုင်တဲ့အတွက်ကြောင့် သုညအစစ်ကြီးတွေ ရယ်လို့ခေါ်ဆိုရတယ်။

ဖြစ်ပေါ်ရန် အကြောင်းနှင့် တိုက်ဆိုင်လာပြီ ဆိုမှဖြင့် ဘယ်လိုနည်းနှင့်မျှ တားဆီးလို့မရဘဲ အတင်း ဖြစ်ပေါ် လာကြတယ်၊ ဖြစ်ပေါ်လာတဲ့အခါ ဘယ်လိုအာဏာနှင့် မျှ တားဆီးလို့မရဘဲ ချုပ်ချိန်ကျတော့ အတင်းချုပ်ကွယ် ကြတယ်၊ ဖြစ်ပျက်မှုဆိုတဲ့နေရာမှာလဲ သတ္တဝါသဘောနှင့် မဆိုင်ဘူး၊ အဲ-သို့ကလို မဆိုင်တဲ့အတွက်ကြောင့် သုည အ စစ်ကြီးတွေရယ်လို့ ခေါ်ဆိုရတယ်။

မဟာဘုတ်ကြီးတို့ကို အသီးသီးခွဲ၍ စိစစ်တဲ့ အခါမှာ သာ သတ္တဝါသဘော ဆိတ်သုဉ်းပါတယ်၊ ပေါင်းမိကြတဲ့ အခါ သတ္တဝါသဘောပေါ်လာလိမ့်မယ်မဟုတ်လားလို့

ဆင်ခြေတက်ခဲ့လို့ရှိလျှင် သဲလုံးတွေကို စုပြီး ဆိုကြတဲ့ ဥပမာ, သုညတွေကို ပေါင်းတဲ့ ဥပမာနှင့်သာ ဖြေဆိုပေတော့၊ မဟာဘုတ် ဓာတ်ကြီးတွေကို စစ်ဆေး၍ သုညသဘောပေါ်အောင်ကြည့်သလို ဝဏ္ဏ,ဂန္ဓ,ရသ,ဩဇာ,အစ ရှိတဲ့ ဥပါဒါရုပ်တွေကိုလဲ အသီးသီးခွဲထုတ်၍ ဓာတ်ခွဲပညာဖြင့် စစ်ဆေးတဲ့အခါ သတ္တဝါသဘောမှ ဆိတ်ကင်းတဲ့ သုညသဘောတွေ ပေါ်လာမှာ အမှန်ဘဲ၊ ဉာဏ်နှင့်သာ ရှုကြပေတော့။

## ဝေဒနာက္ခန္ဓာ

ကဲ-ဝေဒနာက္ခန္ဓာမှာ သတ္တဝါသဘောမှ ဆိတ်သုဉ်းတဲ့ သုညအစစ်ဖြစ်ပုံကို စစ်ဆေးကြအုံးစို့။

ခံစားခြင်းသဘောကိုပင် ဝေဒနာက္ခန္ဓာလို့ ခေါ်တယ်၊ ဘာကိုခံစားသလဲဆိုတော့—ချမ်းသာခြင်း,ဆင်းရဲခြင်း,ချမ်းသာလဲမဟုတ် ဆင်းရဲလဲမဟုတ်တဲ့ လျစ်လျူရှုခြင်း၊ သည်သဘောသုံးပါးကို ခံစားတယ်၊ ဝေဒနာက္ခန္ဓာမှာ ခံစားခြင်းသဘောမှတပါး တခြားသဘောအပိုမရှိပါဘူး၊ ခံစားခြင်းဆိုတဲ့သဘောဟာ ပုဂ္ဂိုလ်လား,သတ္တဝါလား,ငါလား, သူလား၊မဟုတ်ပါဘူး၊ ခံစားခြင်း သဘောကလေးမျှပါဘဲ၊ သည်ဝေဒနာက္ခန္ဓာထဲမှာ ပုဂ္ဂိုလ်သဘော,သတ္တဝါသဘော ရှိသလား၊ မရှိပါဘူး၊ သုညသဘောသာအမှန်အစစ်ဖြစ်ပါတယ်။

ဝေဒနာက္ခန္ဓာဟာ သတ္တဝါ၏ အလိုကြောင့် ပုဂ္ဂိုလ်၏ အာဏာကြောင့် ဖြစ်ပေါ်တာလဲမဟုတ်၊ ဘယ်နတ်, ဘယ်

ဗြဟ္မာတို့၏ တန်ခိုးအာဏာကြောင့်မှလဲ ဖြစ်ထာမဟုတ်၊ ကုန်ကုန်ပြောပါတော့မယ်လေ၊ ဘုရားရှင်၏ တန်ခိုးအာဏာကြောင့်လဲ ဖြစ်ပေါ်နိုင်တာ မဟုတ်ပါဘူး၊ တာဖြင့် ဘာကြောင့် ဖြစ်ပေါ်ရသလဲလို့ဆိုလျှင် ဖဿပစ္စယာ-ဝေဒနာဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်အတိုင်း ဖဿဆိုတဲ့အကြောင်းကြောင့် ဝေဒနာက္ခန္ဓာဖြစ်ပေါ်လာတယ်၊ ဖဿဆိုတာဘာလဲလို့မေးပြန်လျှင်—

စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ၊ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော။

ဆိုတဲ့လက်ရိုးဒေသနာတော်ကြီးအတိုင်း ဖဿသဘောကို ထင်ရှားစွာ ပြောရလိမ့်မယ်။ စက္ခုဉ္စ၊ မျက်စိကိုငှဲ။ ရူပေစ၊ အဆင်းတို့ကိုငှဲ။ ပဋိစ္စ၊အစွဲပြု၍။ စက္ခုဝိညာဏံ၊ မျက်စိ၌မှီသော စက္ခုဝိညာဉ်စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။ တိဏ္ဏံ၊ မျက်စိ, အဆင်း, စက္ခုဝိညာဉ် ဤတရားသုံးပါးတို့၏။ သင်္ဂတိ၊တပြိုင်နက်တိုက်ဆိုင်ပေါင်းဆုံမိခြင်းသည်။ ဖဿော၊ ဖဿမည်၏။

ဖဿ ဆိုတာ-မျက်စိရယ်,အဆင်းရယ်, စက္ခုဝိညာဉ်စိတ်ရယ်၊ သည်သုံးပါးတပြိုင်နက် ပေါင်းဆုံ စည်းလုံးမှုကိုပင် ဖဿလို့ဆိုတယ်၊ သောတဒ္ဒါရစသည်တို့မှာ ဖဿဖြစ်ပုံသဘောကို သည်အတိုင်းပင်မှတ်ကြပေတော့၊ ဖဿဖြစ်လာပြီဆိုမှဖြင့် ဝေဒနာ အမှန်ဖြစ်ပေါ်လိမ့်မယ်၊ ဘယ်လိုတန်ခိုးအာဏာနှင့်မှတားဆီးလို့မရဘူး၊ဝေဒနာက္ခန္ဓာဖြစ်ပေါ်တဲ့နေရာမှာ- ပဋ္ဌာန်းနည်းအားဖြင့် အကြောင်းတွေကို ဘော်ပြရလျှင်—

၁။ ဝတ္ထုရုပ်သည်- မိုရာ နိဿယ သဘောအားဖြင့် ကျေးဇူးပြုတယ်။

၂။ အာရုံသည်-အာရမ္မဏသဘောအားဖြင့်ကျေးဇူး ပြုကြတယ်။

၃။ ဝိညာဉ်နှင့်ဖဿတို့ကတော့- သဟဇာတ, အညမည, သမ္ပယုတ္တ သဘောအားဖြင့် ကျေးဇူးပြုကြတယ်။

ပဋ္ဌာန်းနည်းအားဖြင့် ပစ္စည်းဆက်ပုံဆိုတာ လွန်စွာ သိမ်မွေ့သနော်၊နားလည်နိုင်ဘို့ အခက်ကြီးဘဲ၊ အဲ-သို့က လို ဝေဒနာက္ခန္ဓာဖြစ်ပေါ်နေရာမှာသတ္တဝါသဘောနှင့်ဘာ မျှမဆိုင်ဘဲ ခန္ဓာအချင်းချင်း အကြောင်းပြုလို့ ဖြစ်ပေါ်ကြ တဲ့အတွက် ဖြစ်ကြောင်းအားဖြင့်လဲ ထင်ရှားစွာ သုည သဘောကြီးပေါ်ပါတယ်၊ ဖြစ်ပေါ်ပြီးတဲ့အခါမှာလဲ ဘယ် သတ္တဝါသဘောနှင့်မှမဆိုင်ဘဲ ချုပ်ခြိမ့်တာအတိုင်း ချုပ် ဆုံးသွားတယ်၊ သုညသဘောကြီးထင်ရှားပါရဲ့။

တည်ရာမှီရာဆိုတဲ့ အချက်နှင့် စစ်လိုက်ပြန်တော့-ဝေ ဒနာက္ခန္ဓာသည် ပုဂ္ဂိုလ်သတ္တဝါတို့၏ အပေါ်မှာ မှီ၍တည် တာမဟုတ်၊ နိဿယသဘောအားဖြင့် ဝတ္ထုပေါ်မှာတည် တယ်- မှီတယ်၊ အညမည, သမ္ပယုတ္တ သဘောအားဖြင့် ဝိညာဉ်, ဖဿအစရှိတဲ့ နာမ်ခန္ဓာအချင်းချင်းပေါ်မှာတည် တယ်-မှီတယ်၊ အဲ-သို့ကြောင့် တည်ရာ-မှီရာအားဖြင့်လဲ ဝေဒနာက္ခန္ဓာသည် သတ္တဝါသဘောမှ ဆိတ်သုဉ်း၍ သုည သက်သက်ဖြစ်ကြောင်း ထင်ရှားသွားတာပေါ့။

## သညာက္ခန္ဓာ

ကဲ–သညာက္ခန္ဓာကို ခပ်တိုတို စစ်တမ်းထုတ်လိုက်ကြ အုံးစို့၊ မှတ်သားခြင်း သဘောကို သညာက္ခန္ဓာရယ်လို့ ခေါ်တယ်၊ ဘာကို မှတ်သားသလဲ ဆိုလျှင် အဖြူ, အနီ, အမိ,အဘ မှစ၍ လောက၌ မှတ်သားဘွယ် အမျိုးမျိုးတွေ ကိုမှတ်သားတယ်၊ သညာက္ခန္ဓာမှာ မှတ်သားခြင်း သဘော မှတပါး အခြားသဘောအပိုမရှိပါဘူး၊ ခံစားခြင်းဆိုတဲ့ သဘောဟာ သတ္တဝါလား,ပုဂ္ဂိုလ်လား,ငါလား,သူလား၊ မဟုတ်ဘူး၊ မှတ်သားခြင်းသဘောမျှကလေးပါဘဲ၊ သည်- သညာက္ခန္ဓာထဲမှာ ပုဂ္ဂိုလ်သဘော, သတ္တဝါသဘော ရှိပါ သလား၊မရှိဘူး၊ သုညသဘောအမှန်အစစ်ဖြစ်ပါတယ်။

သညာက္ခန္ဓာသည် ဘယ်ပုဂ္ဂိုလ်, ဘယ်သတ္တဝါတို့၏ အလိုဆန္ဒကြောင့်, အာဏာတန်ခိုးကြောင့် ဖြစ်ပေါ်လာ တာမဟုတ်ဘူး၊ ဘာကြောင့်ဖြစ်ပါသလဲလို့ဆိုလျှင်–

၁။ မှီရာဖြစ်တဲ့ဝတ္ထု,
၂။ အစွဲအလမ်းပြုတဲ့အာရုံ,
၃။ အတူဖြစ်ပေါ်နေတဲ့ဝိညာဉ်,

သည်အကြောင်းများကြောင့် ဖြစ်ပေါ်တယ်၊ ဖြစ်ပေါ် ရန်အကြောင်းတိုက်ဆိုင်တဲ့အခါ မဖြစ်ပါနှင့်လို့ တားလို့ မရဘဲ ဖြစ်ပေါ်လာတယ်၊ဖြစ်ပြီးတဲ့အခါကျတော့ ဆီးတား လို့မရအောင်ချုပ်ပျက်သွားတယ်။

သညာက္ခန္ဓာဆိုတာ သတ္တဝါပေါ်မှာမှီတွယ်တာမဟုတ် ဘူး၊ ခန္ဓာအချင်းချင်းတို့၏ အပေါ်မှာသာ မှီတွယ်တယ်၊

အဲ–သို့ကလို သညာက္ခန္ဓာသည် မူလသဘောအားဖြင့်လဲ သတ္တဝါမှဆိတ်တယ်၊ ဖြစ်ရန်အကြောင်းအားဖြင့်လဲ သတ္တဝါမှ ဆိတ်တယ်၊ တည်ရာမှီရာအားဖြင့်လဲ သတ္တဝါမှ ဆိတ်တယ်၊ သည်လိုဆိတ်ကင်းတော့ သုညသဘောကြီး အထင်အရှားပေါ်လာတာပေါ့။

## သင်္ခါရက္ခန္ဓာ

ဂ–သင်္ခါရက္ခန္ဓာကို စစ်တမ်းထုတ်ကြဒုံးစို့၊ ကာယကံမှု,ဝစီကံမှု,မနောကံမှုပြုသမျှတွေကို သင်္ခါရက္ခန္ဓာလို့ ဆိုတယ်၊ အချုပ်အားဖြင့် ဆိုလျှင် ပြုပြင်စေ့ဆော်ခြင်းသဘောပါဘဲ၊ပြုပြင်စေ့ဆော်ခြင်းဆိုတဲ့ သဘောဟာသတ္တဝါလား, ပုဂ္ဂိုလ်လား,ငါလား,သူလား၊ မဟုတ်ပါဘူး၊ ပြုပြင်စေ့ဆော်ခြင်းသဘောမျှကလေးပါဘဲ၊ သည်သင်္ခါရက္ခန္ဓာထဲမှာ ပုဂ္ဂိုလ်သဘော, သတ္တဝါသဘောမပါ၊ စင်စစ်အားဖြင့် ဆိုတော့-သတ္တဝါသဘောမှ ဆိတ်သုဉ်းတဲ့ သုည အစစ်ကြီးပေါ့၊ သင်္ခါရက္ခန္ဓာကို တရားကိုယ်ကောက်လိုက်တဲ့ အခါ ဝေဒနာ,သညာမှတပါး စေတသိက်ပေါင်း ငါးဆယ်ကို ရတယ်၊ သည်စေတသိက် ငါးဆယ်လုံးပင် သိမ်းကျုံးပြီး တပေါင်းတည်း သင်္ခါရက္ခန္ဓာရယ်လို့ ခေါ်တယ်။

စေတသိက်ငါးဆယ်တို့၏သဘောတွေဟာ သင်္ခါရက္ခန္ဓာ၏ သဘောတွေဖြစ်ကြတယ်၊ ထိုစေတသိက် ငါးဆယ်တို့တွင် စေတနာ စေတသိက်ကို မိုလ်ချုပ်တင်ပြီး ပြုပြင်စေ့ဆော်ခြင်းသဘောရယ်လို့ ဆိုရတယ်၊ အသီးသီးသဘောတွေကိုထုတ်ဘော်လို့ဆိုပါလျှင်–

၁။ တွေ့ထိခြင်းသဘော,
၂။ လိုချင်ခြင်းသဘော,
၃။ အမျက်ထွက်ခြင်းသဘော,
၄။ တွေဝေခြင်းသဘော,
၅။ ဝန်တိုခြင်းသဘော,
၆။ ကြံစည်ခြင်းဝိတက်သဘော,
၇။ နှစ်သက်ခြင်း ပီတိသဘော,
၈။ အားထုတ်ခြင်း ဝီရိယ သဘော,
၉။ ကြည်ညိုခြင်းသဒ္ဓါသဘော,
၁၀။ မလိုချင်ခြင်း အလောဘသဘော,
၁၁။ အမျက်မထွက်ခြင်း အဒေါသ သဘော,
၁၂။ လိမ်မာခြင်း အမောဟသဘော,

မှ စ၍ ကောင်းတဲ့သဘောတွေ,မကောင်းတဲ့သဘောတွေကို တခုထည်းသိမ်းကျုံးပြီး သဘောပေါင်း ငါးဆယ်ကို သင်္ခါရက္ခန္ဓာရယ်လို့ ခေါ်ဆိုတယ်၊ကိုယ်အမူအရာ,နှုတ်အမူအရာ,စိတ်အမူအရာတွေဆိုသမျှ သင်္ခါရက္ခန္ဓာသဘောချည်းဘဲလို့သာမှတ်ကြပေတော့၊ပြုပြုသမျှကံတွေထမြောက်အောင်မြင်ကြတာလဲ သင်္ခါရက္ခန္ဓာ၏ အစွမ်းသတ္တိတွေချည်းဘဲ၊ သင်္ခါရက္ခန္ဓာ၏ အမူအရာတွေကို သက္ကာယ ဒိဋ္ဌိဆိုးကြီးက ငါလုပ်တယ်၊ ငါကိုင်တယ်၊ ငါကြံစည်တယ်၊ ငါလိမ်မာတယ်၊ ငါလိုချင်တယ်-စသည်ဖြင့် စွဲလမ်းနေတယ်၊ သင်္ခါရက္ခန္ဓာတွေ သူ့သဘောနှင့် သူ့ဘာသာ ဖြစ်ပေါ်နေတာကို ဒိဋ္ဌိဆိုးကြီးက ငါတံဆိပ် ခတ်နှိပ်၍ စွဲလမ်းခြင်းဆိုတာလဲ လွန်စွာမဆိုင်တဲ့အမှားကြီးဘဲ၊ သင်္ခါရက္ခန္ဓာထဲမှာ ငါစွဲတွေအလွန်များတယ်။

သင်္ခါရတွေဟာ ဘာကြောင့်ဖြစ်သလဲ၊ သတ္တဝါ၏ အလိုဆန္ဒကြောင့်ဖြစ်သလား၊ ပုဂ္ဂိုလ်တို့၏ တန်ခိုးအာဏာကြောင့် ဖြစ်သလားလို့ သေချာစွာ စစ်ဆေးခဲ့ပါလျှင် ဘယ်သူ့အလိုကြောင့် ဘယ်သူ့အာဏာ တန်ခိုးကြောင့်မှ ဖြစ်ပေါ်ကြတာမဟုတ်ဘူး၊ ဝတ္ထု, အာရုံ, အကြောင်းဆုံတဲ့အခါ ဆိုင်ရာဆိုင်ရာသင်္ခါရတွေပေါ်လာကြတယ်။

## ဥပမာ

၁။ သာယာဘွယ်ဖြစ်တဲ့ အာရုံနှင့်တွေ့တဲ့အခါ တပ်မက်ခြင်း, လိုချင်ခြင်းဆိုတဲ့ လောဘသင်္ခါရတွေ ဖြစ်ပေါ်လာတယ်။

၂။ နှလုံးမသာယာဘွယ်ဖြစ်တဲ့ အနိဋ္ဌာရုံနှင့် တွေ့တဲ့အခါ စိတ်ဆိုးခြင်းဆိုတဲ့ ဒေါသ သင်္ခါရတွေ ဖြစ်ပေါ်လာတယ်။

၃။ ကြည်ညိုဘွယ်အာရုံနှင့်တွေ့တဲ့အခါ ကြည်ညိုခြင်းဆိုတဲ့ သဒ္ဓါသင်္ခါရတွေဖြစ်ပေါ်လာတယ်။

သို့ကလို ဖြစ်ရန်အကြောင်းနှင့် တိုက်ဆိုင်လာတဲ့အခါ ဘယ်သူမှတားလို့မရဘဲ၊ သင်္ခါရတွေ ဖြစ်ပေါ် လာကုန်တော့တာဘဲ၊ ကောင်းတဲ့သင်္ခါရတွေဖြစ်တဲ့အခါ ကိုယ်အမူအရာ,နှုတ်အမူအရာတွေလဲ ကောင်းမွန် မြင့်မြတ်ကုန်ကြတယ်၊ မကောင်းတဲ့သင်္ခါရတွေဖြစ်ပေါ်လာတဲ့ အခါ ကိုယ်အမူအရာ,နှုတ်အမူအရာတွေဟာလဲ ဆိုးဝါးညစ်ညမ်းကုန်ကြတယ်၊ အဲ—သို့ကလို ပြုပြင်တတ်တဲ့ အတွက်ကြောင့် ပင်လျှင် သင်္ခါရက္ခန္ဓာ ရယ်လို့ ခေါ်ရတယ်။

အဝိဇ္ဇာပစ္စယာသင်္ခါရာ—ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော် နည်းအားဖြင့် အကြောင်းရှာလိုက်ပြန်တော့၊ သင်္ခါရက္ခန္ဓာတွေဟာ ဘာကြောင့်ဖြစ်သလဲ၊ သစ္စာလေးပါးကို မှန်တဲ့အတိုင်း မသိမမြင်ခြင်းဆိုတဲ့—အဝိဇ္ဇာကြောင့် ဖြစ်တယ်လို့ ဆိုရလိမ့်မယ်၊ အဝိဇ္ဇာမကင်းသမျှ သင်္ခါရတွေ မကင်းနိုင်ဘူး၊ အဝိဇ္ဇာကင်းပြတ်၍ နိရောဓဓာတ်သို့ဆိုက်ရောက်တဲ့အခါ သင်္ခါရတွေဟာ ဘယ်ကလာလို့မှမဖြစ်နိုင်တော့ဘူး၊ သင်္ခါရက္ခန္ဓာတွေဟာသတ္တဝါပေါ်မှာ- အမှီပြု၍ ဖြစ်ပေါ်သလားလို့—စိစစ်ပြန်လျှင် သတ္တဝါပေါ်မှာမှီတာ မဟုတ်ဘဲ ခန္ဓာအချင်းချင်းတွေအပေါ်သာ မှီတွယ်၍ ဖြစ်ကြောင်းကို တွေ့ရှိရလိမ့်မယ်။

၁။ နိဿယပစ္စည်းသဘောအားဖြင့် သင်္ခါရက္ခန္ဓာတွေဟာ ရူပက္ခန္ဓာဖြစ်တဲ့ ဝတ္ထုရုပ်ပေါ်မှာ မှီကြတယ်။

၂။ အညမညပစ္စည်း, သဟဇာတပစ္စည်း, သမ္ပယုတ္တပစ္စည်းသဘောအားဖြင့် သင်္ခါရက္ခန္ဓာ တွေဟာ နာမ်ခန္ဓာအချင်းချင်းတွေကို အမှီပြုကြတယ်။

အဲ—သို့ကလို ပြဆိုအပ်တဲ့သဘောအားဖြင့်သင်္ခါရက္ခန္ဓာသည် ဖြစ်ကြောင်း သမုဋ္ဌာန်အားဖြင့် သတ္တဝါသဘောမှ ဆိတ်သုဉ်းတယ်၊ မှီရာ-တည်ရာအားဖြင့် သတ္တဝါသဘောမှ ဆိတ်သုဉ်းတယ်၊ သင်္ခါရက္ခန္ဓာတွေ အကြောင်း အားလျော်စွာ ဖြစ်ပေါ်လာခြင်းကိုလဲ တားဆီးလို့မရ၊ ဖြစ်ပြီးတဲ့အခါ မပျက်မစီးရန် တားဆီးလို့လဲမရ၊ သူ့အချိန်ကျတော့ ဘိဇ္ဇနသဘောအားဖြင့် ပျက်စီး ကုန်ကြ တာဘဲ၊

အတည်ထာဝရ ပုဂ္ဂလသဘောအားဖြင့် တည်နေနိုင်ကြ တာမဟုတ်ဘူး၊ အဲ—သို့ကြောင့် သုညကြီး အမှန်ဖြစ်တယ် လို့ဆိုရတာပေါ့။

## ဝိညာဏက္ခန္ဓာ

ကဲ-ဝိညာဏက္ခန္ဓာကို သုညသဘော ထင်ရှားအောင် စစ်တမ်းထုတ်ကြအုံးစို့ရဲ့။

သိခြင်းသဘောကို ဝိညာဏက္ခန္ဓာလို့ဆိုတယ်၊ဘာကိုသိ သလဲဆိုတော့- အဆင်းအာရုံ, အသံအာရုံမှစ၍ အာရုံ အမျိုးမျိုးတွေကို သိခြင်းပါဘဲလို့ ဖြေရလိမ့်မယ်၊ သိခြင်း ဆိုတဲ့ သဘောဟာ ပုဂ္ဂိုလ်လား,သတ္တဝါလား,ငါလား, သူလား၊မဟုတ်ပါဘူး၊ သိခြင်းဝိညာဉ် သဘောကလေးမျှ ပါဘဲ၊ သိခြင်းဆိုတဲ့ သဘောထဲမှာ ပုဂ္ဂိုလ် သဘော, သတ္တဝါသဘောမရှိဘူး၊ စင်စစ်မှာတော့ သတ္တဝါသဘော မှ,ဆိတ်သုဉ်းတဲ့သုညအစစ်ကြီးပါဘဲ။

ဝိညာဏက္ခန္ဓာကို တရားကိုယ်ကောက်လိုက်တဲ့ အခါ စိတ်ခေတ်မှန်သမျှတွေကိုရတယ်၊ သင်္ဂြိုဟ် သရုပ်ခွဲပုံနှင့် ခွဲခြမ်းလျှင် စိတ်တခုယုတ်ကိုးဆယ်၊အကျယ်တရာ့နှစ်ဆယ့် ဘပါးတွေပါဘဲ၊ တည်ရာမှီရာ-နှင့် ခွဲလိုက်ပြန်တော့—

၁။ စက္ခုဝိညာဉ်,
၂။ သောတဝိညာဉ်,
၃။ ဃာနဝိညာဉ်,
၄။ ဇိဝှါဝိညာဉ်,

၅။ ကာယဝိညာဉ်,
၆။ မနောဝိညာဉ်ရယ်လို့ ဝိညာဉ်ခြောက်ပါး ဖြစ်ပေါ်လာတယ်။

၁။ အဆင်းရူပါရုံကို အကြောင်းပြု၍ မျက်စိအကြည်မှာ ဖြစ်ပေါ်လာတဲ့ ဝိညာဉ်ကို စက္ခုဝိညာဉ်လို့ ဆိုတယ်။

၂။ အသံကိုအကြောင်းပြု၍ နားအကြည်မှာ ဖြစ်ပေါ်လာတဲ့ ဝိညာဉ်ကို သောတ ဝိညာဉ်လို့ဆိုတယ်။

၃။ အနံ့ကို အကြောင်းပြု၍ နှာခေါင်းအကြည်မှာ ဖြစ်ပေါ်လာတဲ့ ဝိညာဉ်ကို ဃာနဝိညာဉ်လို့ဆိုတယ်။

၄။ အရသာကို အကြောင်းပြု၍ လျှာအကြည်မှာ ဖြစ်ပေါ်လာတဲ့ဝိညာဉ်ကို ဇိဝှါဝိညာဉ်လို့ဆိုတယ်။

၅။ အတွေ့ အထိကို အကြောင်းပြု၍ ကိုယ်အကြည်မှာ ဖြစ်ပေါ်လာတဲ့ ဝိညာဉ်ကို ကာယဝိညာဉ်လို့ဆိုတယ်။

၆။ ဓမ္မာရုံတွေကိုအကြောင်းပြု၍ မနောအကြည်မှာ ဖြစ်ပေါ်လာတဲ့ ဝိညာဉ်ကို မနောဝိညာဉ်လို့ဆိုတယ်။

သည်ဝိညာဉ်ခြောက်ပါးဖြစ်ပေါ်ကာ မကြာမကြာစက်လှည့်၍ နေမှုတွေကို အတ္တဒိဋ္ဌိဆိုးကြီးက ငါမြင်တယ်၊ ငါကြားတယ်၊ ငါနံတယ်၊ ငါလျက်တယ်၊ ငါတွေ့တယ်၊ ငါသိတယ်-စသည်ဖြင့် အလုံးစုံ သိမ်းကျုံးကာ စွဲလမ်းပြီး ငါတံဆိပ်ကြီး ခတ်နှိပ်ပါရော၊ သည်အခါ သတ္တဝါ, ပုဂ္ဂိုလ်ဆိုတဲ့ အစွဲအလမ်းကြီးတွေ ခိုင်မြဲစွာဖြစ်ပေါ်လာကြတယ်၊ တကယ်အစစ်မှာတော့- ဝိညာဉ်တို့၏ အမှုကိစ္စတွေသာ ဖြစ်တယ်၊ သတ္တဝါတို့၏ မြင်မှု, ကြားမှုတွေ မဟုတ်ဘူး၊

ငါမြင်ချင်လို့လဲမြင်တာမဟုတ်၊ ငါကြားချင်လို့လဲ ကြား ရတာမျိုးမဟုတ်၊ သူ့အာရုံနှင့် သူ့ဝတ္ထု ထိခိုက်လာတဲ့ အခါ ပရမတ္ထ ဓာတ်သဘာဝ အတိုင်း ဖြစ်ပေါ် လာကြ တာဘဲ။

ဥပမာ။ ကိုယ်လုံးပေါ် မှန်ကြီးတခုကို ဥယျာဉ်ထဲမှာ ထောင်၍ထားလိုက်ပါလျှင် မှန်၏ ဥပစာမှာရှိတဲ့ သစ်ပင်, သစ်သီး, သစ်ပွင့်တွေဟာ မှန်ထဲမှာအလိုလို လာထင်ကြ လိမ့်မယ်၊ သည်လိုထင်တဲ့နေရာမှာ စဉ်းစား ကြစမ်းပါ၊ သစ်ပင်,သစ်သီးတွေကလဲ ငါတို့သည်မှန်ထဲမှာ ထင်ကြစို့ ရဲ့လို့ ဗျာပါရမရှိဘူး၊ မှန်ကြီးကလဲ ငါ့ရှေ့ဥပစာမှာရှိတဲ့ သစ်ပင်,သစ်သီးတွေကို ငါ့အထဲသို့လာ၍ ထင်အောင် ပြု လုပ်လိမ့်မယ်ဆိုတဲ့ ဗျာပါရလဲ မရှိဘူး၊ မှန်နှင့် သစ်ပင်, သစ်သီးတို့ချိန်သားရ၍ အကြောင်း တိုက်ဆိုင်တဲ့အတွက် သူ့သဘာဝအတိုင်း ထင်ကြတယ်၊ အဲ-သည်လိုဘဲ- စက္ခု အကြည်နှင့် အဆင်းရူပါရုံဟာ ချိန်သားရလို့တိုက်ဆိုင်မိ တဲ့အခါ မြင်ခြင်းဆိုတဲ့စက္ခု ဝိညာဉ်ဓာတ်ကြီး ဘွားကနဲ ပေါ်လာတာဘဲ၊ဘယ်သူ၏ ဗျာပါရနှင့်မှဖြစ်ပေါ်လာတာ မဟုတ်ဘူး၊ အဲ-သည်နည်းအတိုင်း နားအကြည်နှင့် အသံ ဓာတ်စသည်တို့၏ ချိန်ရွယ်ကာ ပဏာရ၍ ကြားခြင်းအစရှိ တဲ့ ဝိညာဏ ဓာတ်တွေပေါ်ပုံများကိုလဲ စဉ်းစားဆင်ခြင်၍ ကြည့်ကြလေတော့၊ တခုစီ-တခုစီခွဲခြား၍ ဟောနေလျှင် ကြာကုန်လိမ့်မယ်။

ဝိညာဉ်ခြောက်ပါးတွေဟာ သဘော ကိစ္စအားဖြင့်လဲ သတ္တဝါနှင့်မဆိုင်၊ဖြစ်ပေါ်လာခြင်းအားဖြင့်လဲ သတ္တဝါတို့ နှင့်မဆိုင်၊ ဓမ္မနိယာမ ဓာတ်အားဖြင့် ဖြစ်ပေါ်နေကြတဲ့

ဝိညာဉ်တွေဘဲမဟုတ်လား၊အဲ-သို့ကြောင့် သတ္တဝါသဘော မှ ဆိတ်သုဉ်းတဲ့ သုညကြီးတွေလို့ ဆိုရတယ်၊ဝိညာဉ်ခြောက် ပါးတွေဟာ သတ္တဝါပေါ်မှာမှီ၍ ဖြစ်သည်မဟုတ်ဘဲ အာရုံ ကိုအကြောင်းပြု၍ စက္ခုအစရှိတဲ့ဝတ္ထုအကြည်တွေအပေါ် မှာမှီ၍သာဖြစ်ကြတယ်။

၁။ နိဿယ ပစ္စည်းသဘော အားဖြင့် ရူပက္ခန္ဓာကို မှီ၍ ဖြစ်ကြတယ်။

၂။ အညမညပစ္စည်း, သဟဇာတပစ္စည်း, သမ္ပယုတ္တ ပစ္စည်းသဘောအားဖြင့် နာမ်ခန္ဓာအချင်းချင်းကို မှီ၍ဖြစ်ကြတယ်။

ဘယ်အကြောင်းကြောင့် ဝိညာဉ်တွေ ဖြစ်ပေါ်လာသ လဲလို့ဆိုလျှင် အာရုံခြောက်ပါးတည်းဟူသော အကြောင်း ကြောင့် ဝိညာဉ်ခြောက်ပါး ဖြစ်ပေါ်လာကြတယ်၊ ဘယ် ပုဂ္ဂိုလ်,ဘယ်သတ္တဝါတို့၏ တန်ခိုးအာဏာကြောင့်မှ-ဖြစ် ပေါ်လာကြတာ မဟုတ်ဘူး၊ ကုန်ကုန် ပြောပမယ်လေ၊ ဘုရားရှင်သော်မှလဲ ဝိညာဉ်ခြောက်ပါးတွေ အလိုလိုဖြစ် ပေါ်အောင် စွမ်းဆောင်တော်မမူနိုင်ပါဘူး။

## ပဋိစ္စသမုပ္ပါဒ်နည်း

"သင်္ခါရပစ္စယာဝိညာဏံ" ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်ဒေသ နာတော် နည်းလမ်းအားဖြင့် ဆိုရလျှင် ဝိညာဉ်တွေဟာ သင်္ခါရကြောင့်ဖြစ်ပေါ်လာတယ်လို့ဆိုရလိမ့်မယ်၊ ရှေးကံ စေတနာဆိုတဲ့ အတိတ် သင်္ခါရတွေကြောင့် ပဋိသန္ဓေ ဝိညာဉ်တွေဖြစ်ပေါ်လာကြတယ်၊ ပစ္စုပ္ပန် သင်္ခါရကြောင့်

ပစ္စုပ္ပန် ဝိညာဉ်တွေဖြစ်ပေါ်လာကြတယ်၊ အဲ-သို့ကြောင့် ဝိညာဏက္ခန္ဓာဆိုတဲ့ နာမ်ဓာတ်တွေဟာ ဖြစ်ကြောင်းအားဖြင့်လဲ-သတ္တဝါ သဘောနှင့်မဆိုင်၊ မိုရာနိဿယ အားဖြင့်လဲ-သတ္တဝါသဘောနှင့်မဆိုင်၊ ကေန်စင်စစ်မှာတော့ သုညသဘောကြီးအထင်အရှားဘဲမဟုတ်လား။

ဝိညာဏဓာတ်တွေဟာ—

၁။ ဖြစ်ရန်အကြောင်းနှင့် တိုက်ဆိုင်လာလျှင် ဘယ်အာဏာ ဘယ်တန်ခိုးနှင့်မျှ တားဆီးလို့မရဘဲ အတင်းဖြစ်ပေါ်လာကြလိမ့်မယ်။

၂။ ဖြစ်ပြီးတဲ့အခါမှာလဲ ဘယ်အာဏာ, ဘယ်တန်ခိုးနှင့်မျှ တားဆီးလို့မရဘဲ ချုပ်ဆုံးကြလိမ့်မယ်။

၃။ ဖြစ်ခဲ့ပြီး၍ ပျက်ဆုံးတဲ့အခါမှာလဲ တစုံတခုမျှရှာမရဘဲ အလေဏာတော ကွယ်ပျောက်ဆိတ်သုဉ်းကုန်ကြတာဘဲ မဟုတ်လား။

အဲ—သို့ကြောင့် သုညသဘောအစစ်ကြီးရယ်လို့ ခေါ်တယ်။

အဲ—သို့ကလို အသီးသီး ပြဆိုခဲ့တဲ့အတိုင်း ခန္ဓာငါးပါးတို့၌ အထင်အရှားကွဲကွဲပြားပြား သတ္တဝါသဘော,ပုဂ္ဂိုလ်သဘော, ငါသဘော, သူသဘောမှ ဆိတ်သုဉ်းကြောင်းကို ကောင်းကောင်းကြီးမြင်ပါလျှင် အတ္တဒိဋ္ဌိကြီး ချုပ်ငြိမ်း၍ အနတ္တ ကိန်းကြီး ပေါ်ပါရော၊ သည်အခါ သက္ကာယဒိဋ္ဌိဆိုးကြီးဟာ မိုရာတည်ရာမရဘဲ အလိုအလျောက် လွင့်ပျောက်ရတော့တာဘဲ၊ အတ္တဒိဋ္ဌိကြီး လွင့်ပျောက်တဲ့အခါ "ငါ-ငါ"ဆိုတဲ့ ထင်မြင်မှတ်မှားခြင်းမရှိပြီ၊ "ငါ-ငါ"ဆိုတဲ့

အထင်မရှိတဲ့အခါ ငါ့ဘို့,ငါ့အတွက်, ငါ့ဟာ, ငါ့ဥစ္စာ-ဆို တဲ့ အတ္တနိယ-စွဲလမ်းခြင်းတွေလဲ ပြုတ်ကျကုန်ပါရော၊သည် အခါမှာ တဏှာ ချုပ်ငြိမ်း၍ ပဋိစ္စာတ်ကြီးသိမ်းတယ်လို့ ခေါ်ရတယ်။

## သုညသဘောဟောကိန်းတနည်း

ကဲ—ခန္ဓာငါးပါးတို့၏ သုညသဘောကို ဟောကိန်း, ပြောကိန်းတနည်းဆင်လိုက်ကြအုံးစို့။

ဂဏန်းတွက်ကိန်း ဥပမာအားဖြင့် ဂဏန်းပေါင်းများ စွာကိုတည်ထား၍ စားချေအားဖြင့် အလုံးစုံစားပစ်လိုက် တဲ့အခါ သုည သက်သက်သာ ကျန်တယ်၊ သုညမှတပါး ဂဏန်းတခုမျှမကျန်တော့ဘူး၊ ဤသဘော နည်းလမ်းအား ဖြင့် ပုဂ္ဂိုလ်သတ္တဝါရယ်လို့ စွဲလမ်းနေတဲ့ ခန္ဓာငါးပါး တွေကို ပရမတ္ထ ခေတ်ခွဲကိန်းကြီးအားဖြင့် ခွဲစိတ် စီစစ်ပစ် လိုက်တဲ့အခါ သုညသဘော သက်သက်တွေသာ ကျန်လိမ့် မယ်၊ အနိစ္စဆိုတဲ့ စားကိန်းဖြင့် စားလိုက်တဲ့ အခါမှာလဲ သုညသက်သက်သာကျန်လိမ့်မယ်၊ ပုဂ္ဂိုလ်သဘော,သတ္တဝါ သဘောကို မဆိုထားပါနှင့်အုံး၊ အခိုင်အမြဲ, အစိုင်အခဲ, တည်တံ့နိုင်တဲ့ သဘောကလေးတောင် မရှိနိုင်ပါဘူး။

## ပရမတ္ထခေတ်ခွဲပညာ

ပရမတ္ထ ခေတ်ခွဲပညာဖြင့် ခွဲကြည့် လိုက်ကြစမ်းပါ၊ အတ္တဒိဋ္ဌိကြီး ကိန်းအောင်းပြီး ငါ, သူတပါး, ယောက်ျား, မိန်းမ ထင်နေတဲ့ ဤကိုယ်ကြီးဟာ ဘာတွေ စုခဲနေကြတဲ့ အထယ်ကိုယ်ကြီးပါလိမ့်မလဲလို့ ပရမတ္ထ ခေတ်ဉာဏ်ဖြင့်

စစ်ဆေးပါလျှင် သတ္တဝါသဘောကို မတွေ့ဘဲ ရုပ်ခဲ,နာမ်ခဲ, တွေကိုသာ တွေ့မြင်ရလိမ့်မယ်၊ ရုပ်အစိုင်အခဲတွေမှာလဲ မြေ,ရေ,လေ,မီး-ဆိုတဲ့ ဓာတ်ကြီး လေးပါးမှစ၍ "ဝဏ္ဏ- အဆင်း၊ ဂန္ဓ-အနံ့၊ ဤသို့ အစရှိတဲ့ ရုပ်ပေါင်းတွေကို မြင်ရ လိမ့်မယ်၊ သည်ရုပ်တွေထဲမှာ ငါ, သူတပါး-ဆိုတဲ့ သတ္တဝါ သဘောဟာ တစုံတရာမျှမရှိဘူး။

နာမ်အစုတွေကို ခွဲခြမ်း၍ကြည့်လိုက်ပါအုံးတော့၊ခံစား ခြင်း, မှတ်သားခြင်း, စေ့ဆော်ပြုပြင်ခြင်း, သိခြင်း-အစရှိ တဲ့အမူအရာ ကိရိယာ သဘောတွေကိုသာ တွေ့မြင်ရလိမ့် မယ်၊ သည်လိုနာမ်အမူအရာတွေဟာလဲ သတ္တဝါသဘော မဟုတ်ဘူး၊ စင်စစ်အားဖြင့် ဆိုတော့—နာမ်ခန္ဓာ သဘော တွေဘဲ၊ ဤကိုယ်ကာယကြီးကို ဓာတ်ခွဲပညာဖြင့် ခန္ဓာငါး ပါး ပေါ်အောင် ရှုကြည့်နိုင်တဲ့အခါ သတ္တဝါသဘောမှ ဆိတ်၍ သုညသဘောကြီး ထင်ရှားစွာ ပေါ်လိမ့်မယ်၊ သတ္တဝါသဘောတွေဆိတ်သုဉ်း၍ သုညသဘော သက်သက် မျှသာကျန်လိမ့်မယ်၊ သည်အခါ အနတ္တ ဝိဇ္ဇာဉာဏ်ကြီး ထင်ရှားတော့တာဘဲ။

## ဃနခွဲစိတ်ကိန်း

အနတ္တကို ဃနဖုံးလွှမ်းတယ်၊ ထိုဃနကို ချေဖျောက် နိုင်လျှင်၊ အနတ္တလုံးပေါ်လိမ့်မယ်လို့ အဋ္ဌကထာဆရာကြီး များ မိန့်ဆိုတော်မူခဲ့တဲ့အဓိပ္ပါယ်ကို သည်လိုမှတ်သားကြ၊ အစိုင်အခဲကို ဃနရယ်လို့ခေါ်ဆိုတယ်၊ သည်လို ဃနဖုံး လွှမ်းနေတဲ့အတွက် အနတ္တမထင်နိုင်ဘဲရှိကြတယ်၊ ဃနဆို တာကို ပရမတ္ထဓာတ်ခွဲပညာဖြင့် အသီးသီးခွဲစိတ်၍ ကြည့်

ရတယ်၊ သို့ကလို မခွဲစိတ်နိုင်သမျှ ဃနဆိုတဲ့တပ်ကြီးကို နိုင်အောင်မဖြိုဖျက်နိုင်ဘူး။

သည်ကိုယ်ကြီးထဲမှာ ရုပ်တွေရှိတယ်, နာမ်တွေရှိတယ်၊ ရုပ်တွေထဲမှာ ဘယ်လို သဘောပါသလဲ၊ နာမ်တွေထဲမှာ ဘယ်လိုသဘောတွေပါ သလဲလို့ ပုစ္ဆာထုတ်၍ ဆင်ခြင်ရမယ်။

အစိုင်အခဲ သရုပ်သဏ္ဍာန်ကြီး ထင်အောင်ပြနေတာက ရုပ်သဘောတွေပါကလား၊ရုပ်အထယ်ကိုယ်ထဲမှာ မြင်မှု, ကြားမှု,ခံစားမှု,မှတ်သားမှု-အစရှိတဲ့ကိရိယာတွေကတော့ နာမ်သဘောတွေပါကလား၊ ရုပ်ခန္ဓာ,နာမ်ခန္ဓာတို့ တွဲစပ်နေတဲ့ အထယ်ဝတ္ထုကြီးပါကလား၊ သတ္တဝါဆိုတာက ဘယ်မှာလဲ၊ သို့ကလိုဉာဏ်ဖြင့် အမှန့်ကြိတ်၍ ခွဲစိတ်လိုက်တဲ့ အခါ ဃနဆိုတဲ့ အစိုင်အခဲ သဘောကြီး ပျောက်ပျက်သွားတယ်၊ ဃနပျောက်တော့ သုညသဘောဆိုက်ရောက်လာတာပေါ့၊ သည်အခါ အတ္တ ဟုတ်ကြောင်း ကောင်းကောင်းကြီးပေါ်လာပါရော။

အဲ-သို့ကြောင့် အနတ္တကို ဃနဖုံးလွှမ်းတယ်၊ ဃနကို ဖြိုဖျက်နိုင်လျှင် အနတ္တလုံးကြီး ပေါ်လိမ့်မယ်လို့ အဋ္ဌကထာဆရာကြီးများ မိန့်ဆိုတော်မူကြတာပေါ့၊ဃနပြိုပျက်အောင် ခွဲစိတ်တဲ့ဉာဏ်ကို ''ဓမ္မဝိနိဗ္ဘောဂ'' ဉာဏ်ရယ်လို့ ဆိုရတယ်၊ အဘိဓမ္မာကျမ်းဂန်ကြီးတွေဟာ အစိုင်,အခဲ ခေါ်တဲ့ ဃနကို ခွဲစိတ်၍ပြတဲ့ကျမ်းဂန်ကြီးတွေပါဘဲ၊ အတ္တဖြိုကိန်းလက်နက်ကြီးတွေရယ်လို့ ဆိုလိုတယ်။

သတ္တဝါဆိုတဲ့အတ္တဒိဋ္ဌိအထင်ကတော့-ဘာတွေရယ်လို့ မခွဲဘဲ တလုံးထဲသိမ်းကျုံးပြီး ငါလုံးရိုက်ကာ သတ္တဝါထင် လိုက်တော့တာဘဲ၊ ဒိဋ္ဌိဆိုတာ—ခွဲခြမ်းစိတ်ဖြာ၍ မြင်နိုင်တဲ့ သဘောမဟုတ်ဘူး၊ ဉာဏ်ဆိုတာကခွဲခြမ်းစိတ်ဖြာ၍မြင်နိုင် တယ်၊ အတ္တဒိဋ္ဌိဆိုတဲ့ ရန်သူစစ်သည်တွေကို သမ္မာဒိဋ္ဌိဆိုတဲ့ စစ်ဗိုလ်ချုပ်ကြီးကမှ အတင်းခြေဖျက်၍ နှိပ်စက် လွှမ်းမိုး နိုင်တယ်၊ အဲ—သို့ကြောင့် ယခုလိုဗုဒ္ဓသာသနာကြီး ထွန်း ကားတဲ့အခါမှာ ဓာတ်ခွဲပညာဆိုတဲ့ သမ္မာဒိဋ္ဌိကြီးကို အပြီး သား လက်ကိုင်ရအောင် ထူထောင်ရမယ်လို့ ရှင်တော် ဘုရားဟောကြားတော် မူတာပေါ့၊ မဂ္ဂင် ရှစ်ပါးထဲမှာ သမ္မာဒိဋ္ဌိဆိုတာက ဗိုလ်ချုပ်ကြီးဘဲ မဟုတ်လား။

နာမ်ခန္ဓာတွေမှာ- အစိုင် အခဲ သဘော, သဏ္ဌာန် သဘောမရှိဘူး၊ ရုပ်ခန္ဓာမှာသာ အစိုင်အခဲဆိုတဲ့ သမူဟ သဘော, အထယ်ကိုယ်သဏ္ဌာန် သဘော—ပေါလောကြီး ထင်ရှားတယ်၊အနတ္တကို ဃနဖုံးလွှမ်းတယ်ဆိုတဲ့စကားမှာ- နာမ်ခန္ဓာတွေထက်- ရုပ်ခန္ဓာတို့၏ ဃန ဖုံးလွှမ်းပုံကြီးက အတိုင်းထက် အလွန်ခိုင်မြဲနေတာကလား၊ ရုပ်ခန္ဓာတို့၏ အစိုင်အခဲ သဏ္ဌာန်ဒြပ်ကြီးဟာ လွန်စွာ ထင်ရှားတယ်၊ အနတ္တမထင်အောင် တောင်ကြီးတွေ ကာဆီးထားသလို ပိတ်ပင်ဟန့်ဆီး၍ ထားတယ်၊ အဲ-သို့ကြောင့်-ရုပ်ခန္ဓာတို့၌ "အခိုင်အမြဲ-အစိုင်အခဲ" ဆိုတဲ့ ဃနကြီးကို ခွဲဖြိုရန်အလွန် လိုတယ်၊ အနိစ္စသဘောခွဲပုံမျိုးနှင့်မခွဲသေးဘဲ လက်တွေ့ဒိဋ္ဌ ဃနသဘောကြီးကို ဖြိုဖျက်၍သုညသဘောကြီး ပေါ်ထွက် အောင် ခွဲခြမ်း စိတ်ဖြာ၍ ပြကြစို့။

## ကျောက်ခဲဥပမာ

ထန်းသီးပမာဏလောက် ရှိတဲ့ ကျောက်ခဲ တလုံးကို သေချာစွာယူ၍ အစိုင်အခဲ အခိုင် အမြဲကြီး ဖြစ်နေပုံကို သေချာစွာမျက်စိနှင့်ကြည့်၊ ကျောက်ခဲကြီးဟာ တလုံးတဲ, တခဲထဲအနေအားဖြင့် အထင်အရှားတည်နေတယ် မဟုတ်လား၊ သည်နေရာမှာ အဘိဓမ္မာသဘော ဉာဏ်တခုသွင်း၍ ကြည့်လိုက်ပါ၊ဘယ်လိုအဘိဓမ္မာသဘောဉာဏ်လဲဆိုတော့၊ ထိုကျောက်ခဲကြီးမှာရှိတဲ့ ရုပ်ကလာပ်တို့၏ သဘောနှင့် ကလာပ်တိုင်း ခြားနားထားတဲ့အာကာသ သဘောတွေ, ကျောက်ခဲကြီးထဲမှာ ဘယ်နေရာမှာမှမကျန် အပြည့်အလျှံ ရှိနေတယ်၊ ထိုကျောက်ခဲကြီးဟာကလာပ် အသင်္ချေပေါင်း များစွာစုဆောင်းနေတဲ့ အစိုင်အခဲကြီး ဖြစ်တယ်၊ ကလာပ် သင်္ချေပေါင်း များစွာ ရှိလျှင်လဲကလာပ်အကြား,အကြား ဖြစ်တဲ့ အာကာသတွေ ဟာလဲ အသင်္ချေပေါင်းများစွာရှိမှာဘဲ။

ကလာပ်ပေါင်းများစွာ စုခဲနေတဲ့ ဝတ္ထုမှုန်သမျှတွေကို မှုန့်မှုန့်ညက်ညက်ဖြစ်အောင်ထုချေနိုင်တယ်၊ကြေလေသမျှ, ကွဲလေသမျှတွေဟာ အာကာသဓာတ်ရှိတဲ့ နေရာကသာ ကွဲနိုင်ကြေနိုင်ကြောင်းကို စဉ်းစားဆင်ခြင်ကြရမယ်၊ အာကာသဓာတ်ဖြင့် မပိုင်းခြားဘဲ တလုံးတခဲထဲ ဖြစ်ရိုးမှန်လျှင် ဘယ်လိုနည်းနှင့်မျှ ခွဲချေလို့မရနိုင်ဘူး၊ ဘယ်ဝတ္ထုမျိုးမဆို အစိုင်အခဲအနေနှင့်တည်ရှိခဲ့လျှင် ခွဲလို့မရနိုင်တယ်လို့မရှိ၊ အမှန်ပင်ခွဲချေလို့ရနိုင်တယ်၊ ဘာကြောင့်လဲလို့ဆိုတော့ ထို အစိုင်အခဲတွေထဲမှာ ကလာပ်ပေါင်းများစွာနှင့် အာကာသဓာတ်ပေါင်းများစွာရှိနေတဲ့အတွက် ခွဲချေလို့ရနိုင်တယ်၊

ကလာပ်တခုထဲဖြစ်ပါလျှင်မြဟ္မာမင်းကြီးလာလို့ခွဲသော်လဲ မကွဲမကြေနိုင်ဘူး၊ သိကြားမင်းကြီးက ဝရဇိန်လက်နက်နှင့်ပစ်ခွဲသော်လဲ မကွဲမကြေနိုင်ဘူး၊ အဲ-သို့ကလို ထိထိရောက်ရောက် သိနိုင်တဲ့ဉာဏ်ကို အဘိဓမ္မာ သဘောဉာဏ်ရယ်လို့ခေါ်တယ်။

အထက်က ဘော်ပြခဲ့တဲ့ အတိုင်း ထန်းသီး ပမာဏလောက်ရှိတဲ့ ကျောက်ခဲကြီးကို သံတူဖြင့် အားကုန်လွှဲ၍ထုလိုက်ပါလျှင် အာကာသအကြောရှိရာ အစိတ်စိတ် အမြွာမြွာကွဲသွားလိမ့်မယ်၊ သို့ကလိုကွဲသွားလျှင်ဘဲ ထန်းသီးပမာဏဆိုတဲ့ အစိုင်,အခဲသဏ္ဌာန်သဘောကြီး ပျောက်သွားလေပြီ၊ သို့ပင်ပျောက်သော်လဲ ကျောက်အကွဲတွေမှာသဏ္ဌာန်အမျိုးမျိုးနှင့် တည်နေကြလိမ့်မယ်၊ ထိုကျောက်အကွဲတွေကို ထပ်မံထုခွဲလိုက်အုံး၊ ဂျုံမှုန့်များကဲ့သို့ဖြစ်အောင် အကြိမ်ကြိမ် ထုခွဲပစ်လိုက်တဲ့အခါကျတော့ ကြီးမားခိုင်ခံ့တဲ့ အစိုင်အခဲ သဏ္ဌာန်တွေ ပျောက်သွားလိမ့်မယ်၊ သို့ရာတွင် အမှုန့်များသည် အဆုံးတိုင် ခွဲ၍မရှိနိုင်သောအမှုန့်များမဟုတ်သေးဘူး၊ အမှုန့်တခုတခုမှာ ကလာပ်ပေါင်းများစွာ စုခဲပေါင်းစည်းလျက်ပင်ရှိသေးတယ်။

ထိုကျောက်မှုန့်များကို အနုမြူမျှလောက် တိုင်အောင်ထပ်မံ၍ အကြိမ်ကြိမ် ထုထောင်း ခွဲချေပြန်တဲ့အခါ လွန်စွာမှုံမွှားတဲ့ အဖြစ်သို့ ရောက်သွားလိမ့်မယ်၊ အနုမြူလောက်ကျန်ရှိသေးတယ် ဆိုလျှင် ကလာပ်တွေများစွာ စုပေါင်းလျက်ရှိသေးတယ်၊ အနုမြူလောက်ရှိတဲ့ အမှုန့်ကို လူတို့၏မျက်စိဖြင့် မြင်နိုင်သေးတယ်၊ ကိုင်လို့လဲ ရနိုင်သေးတယ်၊

ထိုနောက် တဘန် ပရမာ နုမြူလောက်တိုင်အောင် အကြိမ်ကြိမ် အထပ်ထပ် ထုထောင်းလိုက်ပါဒုံး၊ ပရမာ နုမြူလောက်တိုင်အောင် မှုန့်တဲ့အခါ ကြပြီ ဆိုတော့ လူတို့၏ မျက်စိဖြင့်မမြင်ရတော့ဘူး၊ ကိုင်စမ်းလို့လဲ မတွေ့နိုင်တော့ဘူး၊ဆိတ်သုဉ်းကွယ်ပျောက်ခြင်းသို့သာ ရောက်ကုန်ကြတော့တာဘဲ။

ကဲ-စဉ်းစားကြစမ်းပါ၊ ခွဲစိတ်ပုံအမျိုးမျိုးတို့ဖြင့် ခွဲစိတ်ပစ်လိုက်ထာ ထန်းသီးပမာဏလောက်ရှိတဲ့ ကျောက်ခဲဟာ ရှိသေး၍လား၊ သုညသဘောသို့ ရောက်ပြီ မဟုတ်လော၊ ထန်းသီးလောက်ရှိတဲ့ကျောက်ခဲကိုခွဲလိုက်တဲ့နောက်ဂုံညင်းလောက်,ဆီးဖြူသီးလောက်,ဆီးစေ့လောက်,ပဲစေ့လောက် စပါးလုံးလောက်,နှမ်းလုံးလောက်မှစ၍ အထပ်ထပ် ခွဲချေ၍ သဏ္ဍာန်အမျိုးမျိုးနှင့်တည်နေကြတဲ့ အစိုင်အခဲတွေဟာလဲ သုညသဘောသို့ ရောက်ကုန်ကြတယ်မဟုတ်လား။

ထို့နောက် ဂျုံမှုန့်လောက်မှစ၍ ဂျုံမှုန့်သဏ္ဍာန်တွေဟာလဲ အဆုံးမှာ မမြင်ရ,မတွေ့ရတဲ့ သုညသဘောသို့ ရောက်ကုန်ကြတယ် မဟုတ်လား၊မမြင်ရ, မတွေ့ရတဲ့-သုညသဘောသို့ ရောက်မကုန်ဘဲနေပမလား၊မမြင်နိုင်, မတွေ့နိုင်အောင်မှုန်မွှားနေတဲ့ ရုပ်ကလာပ်ကလေးတွေ စုပေါင်းနေလို့အစိုင်အခဲကြီးဖြစ်နေတာကိုး၊ ဘယ်လိုပင်ထုထောင်းကြိတ်ချေတယ်ဆိုသော်လဲ ကလာပ်တခုထဲသို့ တိုင်အောင်တော့ဘယ်သူမှ မခွဲနိုင်ပါဘူး၊ ကလာပ်တခုထဲ၏ အသွင်သဏ္ဍာန်ဆိုတာ လူတို့မျက်စိကို မဆိုထားပါနှင့်ဒုံး၊ နတ်တို့မျက်စိ, ဗြဟ္မာကြီးတို့၏မျက်စိနှင့်တောင်မှ မမြင်နိုင်ပါဘူး။

ပကတိသဘောရင်းအားဖြင့် မမြင်နိုင်အောင် မှုန်မွှားတဲ့ဝတ္ထုတွေစုနေတဲ့ အစိုင်အခဲကြီးကို ခွဲလိုက်ပါလျှင် သူ့မူလသဘောအတိုင်းမမြင်ရ, မတွေ့ရတဲ့- သုညသဘောသို့ရောက်သွားမှာအမှန်ပါဘဲ၊ ဓမ္မတာ သဘောဆိုတာ လွန်မြောက်နိုင်တဲ့အရာမဟုတ်ဘူး။

တန်းသီး ပမာဏလောက်ရှိတဲ့ ကျောက်ခဲကို သုညသဘောတိုင်အောင် ခွဲစိတ်တဲ့နည်းအတိုင်း အိမ်လောက်ရှိတဲ့အစိုင်အခဲကြီး, ကျောင်းလောက်ရှိတဲ့ အစိုင်အခဲကြီး, တောင်ရယ်လို့ ခေါ်ရတဲ့ အစိုင်အခဲကြီး, မြင်းမိုရ်တောင်ရယ်လို့ခေါ်ရတဲ့ အစိုင် အခဲကြီးတွေကိုလဲ အဆင့်ဆင့်အထပ်ထပ် ခွဲစိတ်ကြိတ်ချေ လိုက်ပါလျှင် ယခင်နည်းအတိုင်းမမြင်ရ, မတွေ့ရ ပျောက်ခြင်းမလှ ပျောက်ဆုံးတဲ့သုညသဘောကြီးသို့သာရောက်ကုန်ကြမှာအမှန်ဘဲ၊ မြင်းမိုရ်တောင်ကြီးမျှသာမဟုတ်သေးပါ၊ ဤစကြဝဠာကြီးနှင့်တကွအနန္တ စကြဝဠာကို ဤနည်းအတိုင်းသာ ကြိတ်ချေပစ်နိုင်မယ်ဆိုလျှင် စကြဝဠာ အနန္တသည် ဘာတခုမျှမကျန်ဘဲသုညသဘောသို့ ခိုက်ရောက်ကြမည်မှာ မလွန်ဆန်သာတဲ့ ဓမ္မတာသဘောကြီးပေါ့။

ရုပ်ကလာပ်ပေါင်း များသည်ထက် များအောင် စုဆောင်းပေါင်းဖွဲ့၍ နေပါလျှင် အဆိုင်အခဲ ဒြပ်သဏ္ဌာန်တွေကြီးသည်ထက်ကြီးသွားတယ်၊ ကလာပ်ပေါင်းအနည်းငယ်စုဆောင်း၍နေပါလျှင် အဆိုင်အခဲ ဒြပ်သဏ္ဌာန် သေးငယ်တယ်လို့ ခေါ်ရတယ်၊ ကြီးတဲ့ အထယ် ဒြပ်တို့မှာကလာပ်တွေကြီးတယ်၊ သေးငယ်တဲ့ အထည် ဒြပ်တွေမှာကလာပ်တွေသေးငယ်တယ်လို့မရှိဘူး၊ မြင်းမိုရ်တောင်ကြီး

မှာရှိတဲ့ အဋ္ဌကလာပ်,အနုမြူမှာရှိတဲ့ အဋ္ဌကလာပ်၊ သည်လိုရုပ်ကလာပ်ချင်းတွေအတူတူပါဘဲ၊အဘိဓမ္မာသဘောဆိုတာ ဘယ်မျက်နှာကိုမှမလိုက်၊ဓမ္မတာနိယာမ သဘောအားဖြင့် တူမျှစွာဖြစ်လေ့ရှိကြတာမျိုးကလား။

အဲ-သို့ကလိုခွဲစိတ်၍ ကြည့်ရှုဆင်ခြင်တဲ့အခါ၊ ဘယ်လိုအစိုင်အခဲမှမရှိဘဲ သုညသဘောသို့ အမြဲဓမ္မတာသာ ဖြစ်ကြတယ်၊ သည်လိုသဘော ပေါက်အောင် ထင်မြင်နိုင်ပါလျှင် ဃနတွေကင်းပျောက်၍ အနတ္တစခန်း ပေါက်တော့တာဘဲ၊ ယခင်ကပြဆိုခဲ့တဲ့ ခွဲချေထုထောင်းတဲ့နည်းအတိုင်း ပုဂ္ဂိုလ်သတ္တဝါခေါ်တဲ့ အစိုင်ခဲ အထယ် ဒြဗ်တွေကိုလဲ ကလာပ်အနုစိတ်သို့တိုင်အောင် ခွဲကြိတ်၍ ဆင်ခြင်ကြစမ်းပါ၊ ပုဂ္ဂိုလ်သတ္တဝါဆိုရအောင် ဘယ်မှာ အထယ်ဒြဗ်ရှိသေးသလဲလို့။

တလောကလုံးကို သို့ကလိုသိမ်းကျုံး၍ မြင်တဲ့အခါ လောကထဲမှာ တဏှာဒိဋ္ဌိတို့၏ငြိတွယ်ရာမရှိဘဲ ဝိမုတ္တိစခန်းသို့ရှေးရှု၍ အနတ္တစက္ခုအလင်းကြီးပေါ်သွားပါရော၊အဲ-သို့ကလိုတလောကလုံးမှာ ထောက်တည်ရာမရှိ ပကတိသုညသဘောကြီးသက်သက်ကိုသာ ထင်မြင်အောင် ရှုဆင်ခြင်ရမယ်လို့ မောဃရာဇအမည်ရှိတဲ့ ရဟန်းတော်အား ရှင်တော်ဘုရားက သုညတ တရားကိုဟောကြားတော်မူခဲ့တယ်။

သုညတော လောကံ အဝေက္ခဿု၊
မောဃရာဇ သဒါ သတော။ ။

**အနက်ကား။** မောဃရာဇ၊မောဃရာဇအမည်ရှိသော ချစ်သားရဟန်း။ တွံ၊ သင်ချစ်သားသည်။ သဒါ၊ ဘယ်

ခါမလပ် အထပ်ထပ်။ သတော၊ မေ့လျော့ပေါ့တန် အချိန်ကုန်မခံဘဲ ထက်သန်သောသတိရှိသည် ဖြစ်၍။ လောကံ၊ ဤလောကကြီးကို။ သုညတော၊ အခိုင်အမြဲ စိုင်ခဲသဏ္ဌာန်တည်ဟန်ဆိုသမျှ ရှာမရဘဲ သုညသဘောကြီး ပေါ်လေအောင်၊ အဝေက္ခဿု၊ ထင်ထင်မြင်မြင် သက်ဝင် ရှုစားပါလော၊

ယခုဟောခဲ့တာက ယနခွဲစိတ်ကိန်းအားဖြင့် သုညသဘောပေါ်အောင် ဟောပြခဲ့တဲ့ ဒေသနာအချက်ကြီးဖြစ်ပေတယ်၊ သည်အချက်ကိုလဲ နက်နက်နဲနဲ စဉ်းစားဆင်ခြင်ကြ၊ အနတ္တဆိုတာ လွန်စွာ ခဲယဉ်းတဲ့တရားအချက်ကြီးဖြစ်သနော်။

**အနိစ္စဖြင့်သုညဖော်ပုံ**

ကဲ-အနိစ္စသဘောဖြင့် သုညစခန်းကြီး ပေါ်အောင်ဟောကြအုံးစို့ ရဲ့။

ပရမတ္ထဓမ္မတွေဆိုတာ-အကြောင်းအားလျော်စွာ ဖြစ်ပေါ်၍ ဥပဒ်ကာ ကိုယ်ရောင်ကိုယ်ဝါပြပြီးတော့ ချုပ်ဆုံးကွယ်ပျောက်ခြင်းသဘောသို့ ရောက်ကြမြဲဓမ္မတာ ဖြစ်တယ်၊ ဖြစ်ပေါ်၍ကိုယ်ရောင်ပြနေတဲ့အခါမှာ ထင်ယောင်ထင်မှားကြီးတွေ ထင်မြင်ရတယ်၊ ချုပ်တဲ့အခါကြတော့ကိုယ်ရောင်ပြတဲ့ အရိပ်အငွေ့ယောင်တွေက လုံးလုံးပျောက်ကွယ်ကုန်ကြတာဘဲ၊ ချုပ်ကွယ်ပျောက်ဆုံးတဲ့ အခါမှာသုညသဘောကြီး ထင်ရှားသွားတယ်၊ တိုတိုပြောကြစို့၊ အဆုံးသတ်ကြပြီဆိုမှဖြင့် ရှိရှိသမျှတွေဟာ သုညနယ်ကြီးထဲသို့ ရောက်ကုန်ကြတာပါဘဲ၊ သုညသဘောမှာ ဦးခေါင်း

စိုက်ကာ ကွယ်ပျောက်ကြရမြဲမွှတာဘဲလို့သာ အမြဲမှတ်လိုက်ကြပါတော့။

**ဥပမာ။** မှန်တခုကိုလူနှင့်ပဏာရအောင် ပြထားလိုက်တဲ့အခါ မှန်ထဲ၌ လူရိပ်ကြီးကိုယ်ရောင်ပြနေတယ်၊ မှန်ကိုရုတ်ခနဲတဖက်သို့လှဲပစ်လိုက်သည်နှင့်တပြိုင်နက် လူရိပ်ကြီးဟာ ဖြုံးကနဲကွယ်ပျောက်၍ သုညသဘောသို့ ဆိုက်ရောက်သွားတယ်၊ လျှပ်စစ်ပျက်တဲ့အခါ ဘွားကနဲအရောင်တွေပျံ့၍ဖြုံးခနဲအရောင်တွေပျောက်သွားတယ်၊ ကိုယ်ရောင်ပြနေတဲ့အခါ သုညသဘောမဟုတ်သေးဘူး၊ ပျောက်တဲ့အခါမှ သုညသဘောကြီး ပေါ်လာနိုင်တယ်၊ နိမိတ်သဏ္ဍာန်နှင့်ကိုယ်ဟန်ကိုယ်ရောင်ပြလေသမျှမှာ အဆုံးကြတော့ သုညသဘောထဲသို့ ဦးခေါင်းလျှိုး၍ဝင်ကြလိမ့်မယ်။

ကမ္ဘာပေါ်မှာ လွန်ခဲ့တဲ့အတိတ်အခါက အသက်ရှိတဲ့သတ္တဝါ အမျိုးမျိုးတွေ အသက်မရှိတဲ့ဝတ္ထုပစ္စည်း အဆောက်အဦအမျိုးမျိုးတွေဟာ အသင်္ချေနှင့်အနန္တ များခြင်းကြီးမက များအောင် ထင်ရှားစွာပေါ်ပေါက်ဖြစ်ထွန်းဘူးခဲ့လှပြီ၊ အရိပ်အရောင်နှင့် ကိုယ်ယောင်တွေ ပြဘူးခဲ့လှပြီ၊ ယခုအခါ ရှေးအတိတ်က ဖြစ်ပေါ်ကြတဲ့ ထိုသက်ရှိသက်မဲ့တွေဟာ တစုံတရာရှိသေးရဲ့လားလို့ စဉ်းစားကြည့်ကြစမ်းပါ၊ တစွန်း တစ ရှာမရဘဲ သုညသဘောကြီးသို့သာ ဦးခေါင်းလျှိုကာ ဝင်ကုန်ကြရလေပြီ မဟုတ်လား၊ မဟာ ပရိနိဗ္ဗာန သုတ္တန်ပါဠိတော်ကြီးမှာ မလ္လာတိုင်းကြီးသည် ရှေးအခါက ကုသဝတီ နေပြည်တော်ကြီးဖြစ်၍ လွန်စွာကြီးကျယ်ခဲ့သော်လဲ ယခုအခါ အမွေအစရှာမရအောင်

သုညသဘောကြီးတွေ ဖြစ်ကုန်ပြီလို့ ညီတော် အာနန္ဒာ အား ဟောကြားတော်မူပုံများကိုလဲ စဉ်းစားကြည့်ကြပေ တော့။

အခြားဟာတွေကို ရေတွက်ကိန်းလုပ်ပြီး မပြောပါနှင့် တော့၊ ဘုန်းတော်အနန္တ, ဉာဏ်တော်အနန္တ, ကံတော် အနန္တ, စကြဝဠာ, ကမ္ဘာမြေမိုယ်း ဖြန်းဖြန်းကျိုး၍ တန် ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူတဲ့ ရှင်တော်မြတ်ဘုရား ကြီးတွေဟာ ထင်ရှားစွာ ပွင့်တော်မူကြပြီး သုညသဘော ကိုမလွန်ဆန်နိုင်ကြသဖြင့် သုညအခြေသို့ ဆိုက်တော်မူကြရ ကြောင်းများကိုသာ စဉ်းစားကြပါတော့၊ နှစ်ကျိပ်ရှစ်ဆူ ဘုရားတွေဆိုတာ ကျမ်းဂန်တို့မှာ ရေးထားလို့သာ ကြား သိကြရတော့တယ် မဟုတ်လား၊ ထိုရှင်တော်မြတ်ဘုရားတို့ ၏ ဘုန်းတော် သမ္ဘာတော်နှင့် ရွှေကိုယ်တော် ကြီးတွေ ဟာ ဘယ်မှာတွေ့မြင်ကြရတော့သလဲ၊ သုညစခန်းသို့သာ တန်းတန်းမတ်မတ်ကြီး ဆိုက်ရောက်တော် မူကုန်ကြတယ်၊ သို့ကလိုသုညကိန်းကြီးတွေကို တွေးလိုက်တော့ ကျေအေး ဘွယ်မကောင်းလိုက်ထာ လွန်ပါရော။

ယခု ပစ္စုပ္ပန်ကာလမှာ မျက်မှောက်ဒိဋ္ဌအားဖြင့် မတ် မတ်မားမား ထင်ရှားစွာ ကိုယ်ရောင်ပြနေကြတဲ့ လူတွေ, နတ်တွေ, တိရစ္ဆာန်တွေ, အသက်မရှိကြတဲ့ သစ်ပင်တော တောင်တွေ, အဆောက်အဦတွေဟာလဲ နှစ်ပေါင်းများ စွာမကြာခင် အမွေအစရှာမရဘဲ သုညသဘောသို့ ဆိုက် ရောက်ကြမှာ အမှန်မလွဲပါဘဲ သုညနယ်သို့မဝင်ဘဲ အ ထင်အရှားတည်လို့များ နေလိမ့်မယ်မထင်ကြပါနှင့်။

အတိတ်ကာလမှာဖြစ်ခဲ့တဲ့ သက်ရှိ,သက်မဲ့တွေ၊ ပစ္စုပ္ပန်မှာ မတ်မတ်မားမားရှိနေကြတဲ့ သက်ရှိ, သက်မဲ့တွေဟာ အမှန်မုချအားဖြင့် သုညသဘောသို့ သက်ဝင်ခြင်း မလွဲနိုင်ကြသလို နောင်အနာဂတ်ကာလ၌ ဖြစ်ပေါ်လတ္တံ့သော သက်ရှိ,သက်မဲ့တွေဟာလဲ သည်ပုတ်ထဲက- သည်ပဲဆိုသလို အမှန်မုချအားဖြင့် သုညသဘောသို့ ဆိုက်ရောက်ကြမည် မလွဲပါဘူး၊ ပရမတ္ထဓမ္မဆိုတာ ကာလသုံးပါးမှာ အသွားတမျိုးထဲဖြစ်ကြတယ်၊ ရှေးကမကောင်း ယခုမကောင်းလို့ နောက်နောင်ကို မြော်လင့်ဘွယ်များရှိလိမ့်မယ်လို့ မထင်ကြပါနှင့်၊ ယခုမျက်မှောက်ဒိဋ္ဌ တွေ့ကြုံနေရတဲ့ ကမ္ဘာကြီးဟာ လွန်စွာကြီးကျယ်တဲ့အတွက်ကြောင့် မပျက်နိုင်တော့ဘူးလို့ထင်ကြရတယ်၊ ကမ္ဘာပျက်ကိန်းကြီးနှင့် တိုက်ဆိုင်လာတဲ့အခါ စိတ်သာချပါတော့ ဒိဋ္ဌပျက်ကိန်းကြီးနှင့် အမှန်တွေ့ကြုံရပါလိမ့်မယ်၊ သည်လို ကမ္ဘာကြီးတွေပျက်စီးခဲ့တာ ဂဏန်းသင်္ချာနှင့် မရေမတွက်နိုင်တော့ပါဘူး။

ကမ္ဘာအဆောက်အဦ ကြီးတွေဟာ—နေ,လ, နက္ခတ်တာရာမှစ၍ လွန်စွာ ကြီးကျယ် ခမ်းနားပါပေရဲ့၊ သို့ကလို ကြီးကျယ် ခမ်းနားတာတွေဟာ အဆုံးကျတော့ သုညစက်ကြီးကြိတ်ဝါး၍ တရွေးသားလောက်မျှ ရှာဘွေစမ်းသပ်လို့ မရဘဲ သုညသဘောသို့တိုင် ရောက်ကုန်မှာဘဲ၊ နောက်နောက်ကမ္ဘာတွေကိုလဲ သုညစက်ကြီး ကြိတ်ဝါးလှလေပြီ၊ ယခု ကမ္ဘာကြီးကိုလဲ သုညစက်ကြီး ကြိတ်ဝါးလိမ့်မယ်၊ နောင်ပေါ်လတ္တံ့ဖြစ်တဲ့ အနာဂတ်ကမ္ဘာတွေကိုလဲ သုညစက်ကြီးတွေ အတင်း ကြိတ်ဝါးကြလတ္တံ့၊ သည်အတိုင်း ကမ္ဘာကြီးတွေပင်လျှင် သုညစက်ကြီးထဲသို့ဝင်ပြီး ပျောက်

ဆုံး ရှာကြတယ်လို့ဆိုလျှင် ကမ္ဘာပေါ်မှာ တည်ရှိကြတဲ့ သက်ရှိ,သက်မဲ့တွေဟာ သုညစက်သို့မဝင်ဘဲလူစွမ်းကောင်း ကြီးတွေလုပ်ပြီး ငုတ်တုတ်ကြီး ကျန်ရစ်နိုင်ကြပမလား။

အဲ-သို့သလို ကမ္ဘာကြီးနှင့်တကွ သိမ်းကျုံး၍ အလုံးစုံ ပျက်ပြီး, ပျက်ဆဲ, ပျက်လတ္တံ့သော အနိစ္စအချက်တွေကို ဆင်ခြင်လိုက်တဲ့အခါ ကြောက်စရာ လန့်စရာ အမွေအစ ရှာမရတဲ့ သုညသဘောကြီးတွေ ပေါ်လာတော့တာပေါ့၊ အဆုံးတနေ့မှာ သုညသဘောသို့သာ အမှန်ခေါင်းဆိုက်ရ မည့်အရေးကို သံဝေဂဉာဏ်ဖြင့် တွေးလိုက်ပါလျှင် အား တက်နေစရာ အမိုင်အမြဲသဘောနှင့် မက်မောလိုက်စား နေစရာ ဘယ်မှာရှိနိုင်ပါတော့မလဲ၊အဲ-သို့ကြောင့် သုညတ ဉာဏ်အမြင် ပေါက်ရောက်တော်မူကြတဲ့ အရိယာပုဂ္ဂိုလ် မြတ်ကြီးတွေဟာ ဘယ်လိုပင်ထင်စနိုးသော်လဲ အားမကိုး ရတဲ့လောကဝဋ်ဘုံ ကရွတ်မြုံကြီးထဲမှ ထွက်မြောက်သွား တော်မူကြတာပေါ့၊ သုညသဘောကို ထင်မြင်ခဲ့ပါလျှင် ဘယ်ပုဂ္ဂိုလ်မဆို လောကဝဋ်ဘုံ ကရွတ်မြုံကြီးကို အလုံးစုံ ငြီးငွေ့ပြီး ထွက်မြောက်တဲ့ လမ်းစခန်းကို တန်းတန်းကြီး ရောက်မှာအမှန်ပါဘဲ။

## နာမ်တရားတို့၏ သုညသဘော

ယခုဟောပြောခဲ့တဲ့ သုညတ ဒေသနာကတော့-အစိုင် အခဲဖြစ်တဲ့ ရုပ်ခန္ဓာတွေကို အနိစ္စသဘောဖြင့် ခွဲချေ၍ သုညထင်မြင်အောင် ဟောခဲ့တဲ့ ဒေသနာဖြစ်တယ်၊ နာမ် တရားတွေကို အနိစ္စဖြင့်ကြိတ်ချေ၍ သုညကိန်းကြီးပေါ် အောင် ဟောရန်ရှိပေသေးတယ်၊ နာမ်ဓာတ်တွေ, နာမ်

ခန္ဓာတွေကို ဘယ်လိုအနိစ္စ လက္ခဏာနှင့်ချေ၍ သုည သဘောတွေ ပေါ်အောင် ဟောရမလဲလို့ဆိုလျှင် သည်လို နာယူမှတ်သားကြရမယ်။

ယခု ပစ္စုပ္ပန်ဘဝမှာ ဝေဒနာခေတ်တခု၏ သုညဖြစ်ပုံကို ဟောကိန်းထုတ်ကြစို့၊ ယခုမျက်မှောက် အသက်လေးဆယ်လောက်ရှိတဲ့ လူတယောက်မှာ ငယ်ရွယ်စဉ်ကစပြီး နေ့တိုင်း,ရက်တိုင်း, နာရီတိုင်း ခံစားလာလိုက်တဲ့ ဝေဒနာတွေဟာ အသချေပေါင်းများစွာ ရေတွက်နိုင်စရာမရှိတော့ဘူး၊ သုခဝေဒနာကို ခံစားမှုအတွက်တခုနှင့် စဉ်းစားကြည့်လိုက်ပါအုံး—

၁။ အဆင်းကောင်းကောင်းကို မြင်ရ၍ စက္ခုဒွါရ၌ ဖြစ်ပေါ်ခဲ့တဲ့ သုခဝေဒနာတွေ,

၂။ အသံကောင်းကောင်းကိုကြားရ၍ သောတဒွါရ၌ ဖြစ်ပေါ်ခဲ့တဲ့ သုခဝေဒနာတွေ,

၃။ အနံ့ကောင်းကောင်းကို ရှူရှိုက်ရ၍ ဃာနဒွါရ၌ ဖြစ်ပေါ်ခဲ့တဲ့ သုခဝေဒနာတွေ,

၄။ အရသာ ကောင်းကောင်းကို လျက်ရ- စားရ၍ ဇိဝှါဒွါရ၌ ဖြစ်ပေါ်ခဲ့တဲ့ သုခဝေဒနာတွေ,

၅။ အတွေ့ ကောင်းကောင်းကို တွေ့ထိခံစားရ၍ ကာယဒွါရ၌ ဖြစ်ပေါ်ခဲ့တဲ့ သုခဝေဒနာတွေ,

၆။ အာရုံကောင်းကောင်းကို ကြံစည်ရ၍အတွင်းစိတ်ခေတ်၌ ဝမ်းမြောက်ဝမ်းသာ ဖြစ်ပေါ်ခဲ့တဲ့ သုခဝေဒနာတွေ,

များလိုက်တဲ့ သုခဝေဒနာတွေ တိုက်ကြီး, ဂိုဒေါင်ကြီး များနှင့် သိုလှောင်ကာထားလိုက်မယ်လို့ဆိုလျှင် အပုံကြီး စုဥ်စရာပေပေါ့နော်၊ အခိုင် အမြဲသာ တည်ရှိနေကြမယ်ဆို လျှင် သုခဝေဒနာ သူဌေးကြီး, ချမ်းသာသူဌေးကြီးရယ် လို့ အခေါ်ခံရမှာအမှန်ဘဲ၊

နို့-နေပါအုံး၊ နေ့ရှိသမျှ ခံစားလိုက်ရတဲ့ သုခဝေဒနာ တွေဟာ ဘယ်မှာလဲလို့ မေးလိုက်ပါလျှင် ဘာတခုမှ မရှိ တော့ဘူး၊ အရှုအစ ရှာလို့မရတော့ဘူးလို့ ပြောရမှာ ဘဲမဟုတ်လား၊ ဘယ်မှာရှာတွေ့လို့ရနိုင်ပမလဲ၊ သုခဝေဒ နာတွေက အနိစ္စသဘောနှင့် သုညစက်ကြီးအတွင်းသို့ အ တင်းဝင်ကုန်ကြတာကိုး၊ မိုယ်းကြီးရွာတဲ့အခါ ရေပြင်ပေါ် မှာ ပေါ်ပေါ်လာကြတဲ့ ရေပွက်တွေကို စုဆောင်း၍ ဂိုဒေါင်ကြီးနှင့် လှောင်ထားလို့ ဖြစ်ချင် ဖြစ်လိမ့်အုံးမယ်၊ သုခဝေဒနာတွေကို သည်လို စုဆောင်း သိုလှောင်ထားလို့ ဖြစ်နိုင်တာမျိုးမဟုတ်ပါဘူးလို့ ကျေးဇူးရှင် လယ်တီဆရာ တော်ဘုရားကြီး ဟောကြားတော်မူလေ့ရှိတဲ့ တရားအချက် များကိုလဲ စဉ်းစားပြီးကြည့်ရှုကြရမယ်။

အဲ-သို့ကလို ခဏကလေး ဖြစ်ပေါ်ကာ ကိုယ်ရောင်ပြ ပြီး သုညသဘောသို့ ရောက်သွားတဲ့ အတွက်ကြောင့် သုခ ဝေဒနာတွေကို ရှာဖွေ လိုက်ကြရတာ ဘယ်အခါမှာမှ အအားမနေကြရဘူး မဟုတ်လား၊ သုညသဘောဆိုတာ ဘယ်အခါမှာမှ ရှာလို့အဖတ်မတင်နိုင်ဘူး၊အသက်လေး ဆယ်တိုင်တိုင် ရှာမှီးလိုက်ရတဲ့ဝေဒနာတွေဟာ ဘာတခုမှ အဖတ်မတင်ဘဲ ချွတ်ခြုံဗလာကျ၍ သုညကိန်းကြီး ကျသလို

နောင်အသက်ရှည်သမျှဘယ်လိုပင်ရှာရှာဘယ်သုခဝေဒနာမှ အဖတ်တင်အောင် ရရှိလိမ့်မယ်လို့ မထင်စားပါနှင့်တော့။

သည် ပစ္စုပ္ပန် ဘဝမှာသာ မဟုတ်သေးဘူး၊ ရှေးအတိတ်သံသရာက ဘဝတိုင်းဘဝတိုင်း သုခဝေဒနာတွေကို ရှာမှီးခဲ့ပါပြီ၊ ဘယ်မှာအဖတ်တင်လို့ရှိဘူးသလဲ၊ နောင်အနာဂတ်ဘဝတွေမှာလဲ သည်နည်းအတိုင်း သုခဝေဒနာတွေကို ရှာဘွေကြရပါလိမ့်အုံးမယ်၊ နောင်အနာဂတ်ဘဝတွေမှာဖြင့် နေရာကျစရာရှိပါသေးရဲ့လို့များ မထင်စားကြပါသေးနှင့်၊ သည်ပုတ်ထဲက-သည်ပဲတွေချည်းပါဘဲ။

၁။ သူဌေးကြီးဖြစ်လို့စုဆောင်းလိုက်ရတဲ့ သုခဝေဒနာတွေ,
၂။ ပဒေသရာဇ်,ကေရာဇ်မင်းတွေဖြစ်လို့ စုဆောင်းလိုက်ရတဲ့ သုခဝေဒနာတွေ,
၃။ စကြဝတေးမန္ဓာတ်မင်းကြီးတွေဖြစ်လို့ စုဆောင်းလိုက်တဲ့ သုခဝေဒနာတွေ,
၄။ နတ်တွေ, သိကြားတွေ, ဗြဟ္မာကြီးတွေဖြစ်လို့ စုဆောင်းလိုက်ရတဲ့ သုခဝေဒနာတွေ,

ကဲ-စဉ်းစားကြစမ်းပါ၊ ဘယ်မှာ တခုတလေလောက်များ စမ်းသပ်ရှာဘွေလို့ရသလဲ၊ ဘယ်မှာရနိုင်မလဲ ဝေဒနာဆိုတာက သုညစက်ကြီးသို့ အပြီးသားခေါင်းဆိုက် နေတာကိုး၊ ဒုက္ခဝေဒနာ,ဥပေက္ခာဝေဒနာမှာလဲ သည်နည်းအတိုင်းပင်မှတ်သားကြရမယ်၊ ယခုဟောခဲ့တာက ဝေဒနာ

ဆိုတဲ့ ခံစားမှုကြီးဟာ အနန္တကမ္ဘာပေါင်းများစွာ ဖြစ်ပေါ်ခဲ့ပါသော်လဲ တစုံတရာမျှ အဖတ်မတင်တဲ့အတွက် သုညစက်သဘော်ကြီးထင်ရှားကြောင်းကို ဟောပြတဲ့ဒေသနာဖြစ်တယ်။

နာမ်ခေတ်တွေ ဆိုသမျှကိုလဲ ဝေဒနာနှင့် မကွဲပြား၊ ထူးမခြားနားလို့ သာမှတ်ကြပေတော့၊ ဘယ်နာမ်ခေတ်တခုကလေးဟာ သုညသဘောသို့မဆိုက်ရောက်ဘဲ၊ ကိုယ်ရောင်ပြကာ အခိုင်အမြဲတည်နေတယ်လို့ မရှိဘူး။

၁။ ဝေဒနာဆိုတဲ့ တွေ့ထိမှုသဘောတွေ,
၂။ သညာဆိုတဲ့ မှတ်ခြင်းသဘောတွေ,
၃။ စိတက်ဆိုတဲ့ ကြံစည်ခြင်းသဘောတွေ,
၄။ ဝိရိယဆိုတဲ့အားထုတ်ခြင်းသဘောတွေ,
၅။ ပီတိဆိုတဲ့နှစ်သိမ့်ခြင်းသဘောတွေ,

အဲ-သည်အညသမာန်း သဘောတွေ ဟာလဲ ကမ္ဘာအသချေမကဖြစ်ဘူးလှပါပြီ၊ တစွန်းတစမျှရှာဘွေလို့ ရနိုင်ကြသေးရဲ့လား၊ သုညတွေသာဖြစ်ကုန်ကြတယ်။

သည့်ပြင်မှတပါး–
၁။ လိုချင်ခြင်းဆိုတဲ့ လောဘသဘောတွေ,
၂။ အမျက်ထွက်ခြင်းဆိုတဲ့ ဒေါသသဘောတွေ,
၃။ တက်ကြွခြင်းဆိုတဲ့ မာနသဘောတွေ,
၄။ အယူမှားခြင်းဆိုတဲ့ ဒိဋ္ဌိသဘောတွေ,
၅။ ဝန်တိုခြင်းဆိုတဲ့ မစ္ဆရိယသဘောတွေ,
၆။ မနာလိုခြင်းဆိုတဲ့ ဣဿာသဘောတွေ,
၇။ ယုံမှားခြင်းဆိုတဲ့ ဝိစိကိစ္ဆာသဘောတွေ,

၈။ နောင်တ တဖန်-ပူပန်ရခြင်းဆိုတဲ့ ကုက္ကုစ္စသဘော တွေ,

သို့ကလိုအကုသိုလ်သဘောတွေဟာလဲ လွန်ခဲ့တဲ့ကမ္ဘာ အသင်္ချေက ရေတွက်ကိန်းမရှိအောင် ဖြစ်ပွားခဲ့ဘူးလှပါပြီ၊ သည်အကုသိုလ်သဘောတွေဟာ ယခုမျက်မှောက်ဘဝမှာ တစွန်းတစမျှ ရှာလို့မတွေ့နိုင်တော့ဘူး၊ သုညတွေဖြစ်ကုန် ပြီမဟုတ်လား၊ ယခုမျက်မှောက်ဘဝမှာ လောဘအသစ် တွေ,ဒေါသအသစ်တွေ, မာနအသစ်တွေ, ဣဿာ အသစ် တွေ,မစ္ဆရိယအသစ်တွေနှင့် တပေပေ လိမ်းကျံ၍ နေကြ ပြန်တယ်၊ သည်လိုဖြစ်ကြတာတွေဟာလဲ မြဲလိမ့်မယ် မထင် ကြနှင့်အုံး၊ ဆိတ်သုဉ်းတဲ့ သုညသဘောထဲသို့သာ ရောက် ကုန်ကြလိမ့်မယ်။

ထို့ပြင်တပါး–

၁။ ကြည်ညိုခြင်းဆိုတဲ့ သဒ္ဓါ သဘောတွေ,

၂။ မကောင်းမှုမှရှက်ခြင်း, ကြောက်လန့်ခြင်း ဆိုတဲ့ ဟိရီ,ဩတ္တပ္ပသဘောတွေ,

၃။ မလိုချင်ခြင်းဆိုတဲ့ အလောဘ သဘောတွေ,

၄။ အမျက်မထွက်ခြင်းဆိုတဲ့ အဒေါသ သဘောတွေ,

၅။ တတ်သိလိမ္မာခြင်းဆိုတဲ့ ပညာ သဘောတွေ,

၆။ သတ္တဝါတို့အပေါ်မှ ချစ်ခြင်းဆိုတဲ့မေတ္တာသဘော တွေ,

၇။ သနားကြင်နာခြင်းဆိုတဲ့ ကရုဏာသဘောတွေ,

၈။ ဝမ်းမြောက်ခြင်းဆိုတဲ့ မုဒိတာသဘောတွေ,

သည်ကုသိုလ်သဘောတွေဟာလဲ ကမ္ဘာ အသင်္ချေမက အတိတ်ကာလက ဖြစ်ဘူးခဲ့လှပါပြီ၊ ယခုပစ္စုပ္ပန် ဘဝမှာ တစွန်းတစရှာဘွေ့လို့ ရသေးရဲ့လား၊ သုညစက်ကြိတ်ဝါး၍ ပျက်ပြားပျောက်ဆုံးပြီးဆိတ်သုဉ်းခြင်းသို့သာ ရောက်ကုန်ကြတယ်မဟုတ်လား။

## သူတော်ကောင်းတရားခုနစ်ပါးတို့၏ သုညသဘော

သူတော်ကောင်းတရား ခုနစ်ပါးတို့၏ သုညသဘောဖြစ်ပုံကို အကွက်ဖေါက်ပြောကြပါစို့ရဲ့။

သံသရာတခွင်မှာ ကျင်လည်တဲ့အခါ အလွန်မွန်မြတ်တဲ့ ရတနာ ၇-ပါးရယ်လို့ရှိတယ်၊ သဒ္ဓါ,သီလ, သုတ, စာဂ, ပညာ,ဟိရိ,ဩတ္တပ္ပ၊ သည်ခုနစ်ပါးကို ရတနာအစစ်ကြီးတွေရယ်လို့ ရှင်တော်ဘုရား ဟောကြားတော် မူတယ်၊ သူတော်ကောင်းတို့၏ ဥစ္စာရတနာရယ်လို့လဲ ဆိုရတယ်၊ အနန္တ အတိတ်ကမ္ဘာတွေမှာ သူတော်ကောင်းများနှင့် တွေ့တဲ့အခါ သူတော်ဥစ္စာရတနာခုနစ်ပါးတွေကို တတ်အားသမျှဆည်းပူးကြပါရဲ့၊ သို့ရာတွင် အခိုင်အမြဲ အစိုင်အခဲအားဖြင့် တည်တံ့တဲ့ သဘော မဟုတ်ကြတဲ့ အတွက် သူတော်ဥစ္စာရတနာတွေမက ငါတို့မှာ အစုအပုံတွေ သိုလှောင်၍ ထားတာများလှပါပြီလို့ ဘယ်မှာဆိုစရာရှိကြသေးသလဲ၊ သူတော်ကောင်းနှင့်ပေါင်းမိတဲ့ဘဝမှာ သူတော်ဥစ္စာရတနာတွေကို စုဆောင်းပြီး အနိစ္စသဘောဖြင့် သုညနယ်ကြီးထဲသို့ဝင်သွားကြတဲ့အတွက်ကြောင့် မစုမိနိုင်ဘဲ တမွဲထဲမွဲပြာကျလို့သာ လာခဲ့ကြရတယ်မဟုတ်လား။

လောကမှာ ပစ္စည်းဥစ္စာတွေကို ကံအားလျော်စွာ စုဆောင်းမိ၍ သူဌေးကြီးဆိုတဲ့နာမည်နှင့် ထင်ပေါ်ကျော်စောကြပါရဲ့၊ သူတော် ဥစ္စာရတနာ သူဌေးကြီးတွေဆိုတဲ့ ဘွဲ့များကိုရပြီး လူလူကြီးထင်ရှားနေတဲ့သူ ဆိုတာမှာ လွန်စွာရှားပါလိမ့်မယ်၊ သို့ကလို ဖြစ်ရခြင်းဟာ ဘာ့ကြောင့်လဲလို့ဆိုတော့ ပရမတ္ထမှန်သမျှတွေဟာ သုညသဘောကို မလွန်ဆန်နိုင်သောကြောင့်လို့ မှတ်ကြရမယ်၊ နာမ်ဓာတ်တွေ၏သဘောအသီးသီးတို့ကို သုညလုံးကြီးထင်ရှားအောင် ချဲ့ထွင်၍ အကျယ် မဟောနိုင်တော့ဘူး၊ ဝေဒနာမှာ ဟောခဲ့တဲ့အတိုင်းသာ မှတ်သား၍ အနတ္တဘာဝနာကို ပွားကြပေတော့။

## သညာ,ပညာ ၂-ပါးတို့၏ သုညသဘော

ကဲကဲ-သညာနာမ်ဓာတ်,ပညာနာမ်ဓာတ်, နှစ်ပါးတို့၏ သုညကိန်းကြီး ဆိုက်ပုံကို အနည်းငယ်လောက် ဟောကြပါအုံးစို့ရဲ့၊ သညာနှင့် ပညာတို့၏ သုညဖြစ်ပုံတွေဟာ သတ္တဝါတို့မှာ လွန်စွာနစ်နာလွန်းလို့ သတိရကြစေရန်အတွက် ဟောရပြန်ပါတယ်။

၁။ မှတ်သားခြင်းသဘောကို သညာရယ်လို့ဆိုတယ်။
၂။ တတ်သိလိမ်မာခြင်းသဘောကို ပညာရယ်လို့ ဆိုတယ်။

ဖြစ်လေသမျှ ဘဝတိုင်းဘဝတိုင်းမှာ မှတ်လိုက်ရတဲ့အမှတ်သညာတွေဟာ ဘယ်မှာဆုံးနိုင်လိမ့်မလဲ၊ ကလေးသူငယ်-လူမမယ်အရွယ်ကစပြီး တောင်,မြောက်, အရှေ့,အနောက်,အမိ,အဘမှစ၍ လောကလူမှာ လူရေလယ်စရာ

တွေ ရှိသမျှအလုံးစုံ မှတ်သားကြရတယ်၊ ဘဝတိုင်းအမြဲ လုပ်ရတဲ့ ထာဝရ-ကမ္ဘာ့အလုပ်ကြီးပေါ့၊ ဖြစ်လေသမျှ ဘဝတိုင်းမှာ သင်ကြားလိုက်ရတဲ့ အလိမ်မာနှင့် အတတ်ပညာတွေ လူမျိုးဘာသာ အားလျော်စွာ ဆိုင်ရာဆိုင်ရာ ပြောလို့ မဆုံးနိုင်တော့ပါဘူး၊ ကလေးသူငယ်-လူမမယ် အရွယ်ကစပြီး ကကြီး,ခခွေး စသည်ဖြင့် သင်ပုန်းကြီးကပဌမတည်၍ သင်ကြားကြရတယ်၊ ထိုနောက်တဘန် စာပေကျမ်းဂန်တွေကို သင်လိုက်ရတာ ဗေဒင်ကျမ်းတွေ, ဆေးကျမ်းတွေ, နက္ခတ်ကျမ်းတွေကိုသင်လိုက်ရတာ ဘယ်မှာမှ လမ်းမဆုံးနိုင်တော့ဘူးမဟုတ်လား။

ထို့ပြင်တဖန် လောကီအရေး အသက်မွေးမှုနှင့်စပ်၍ ပန်းထိမ်,ပန်းဘဲ,ပန်းချီ,ပန်းပုမှစ၍ လက်မှုပညာ, နှုတ်မှုပညာတွေဟာ ဘယ်မှာ ပြီးဆုံးနိုင်တယ်လို့ ရှိတော့မလဲ၊ အသိအလိမ်မာနှင့် ပြည့်စုံ၍ ပညာဂုဏ် ကြွယ်ဝတဲ့အခါ ပညာရှိရယ်လို့ တဘဝကလေး အခေါ်ခံရပါရဲ့၊ သို့ကလို ဘဝတိုင်း ဘဝတိုင်း သင်ကြားလိုက်ရတဲ့ ပညာတွေဟာ သုညသဘောသို့မရောက်ပါဘဲ အခိုင်အမြဲ-အစိုင်အခဲ သဘောနှင့်သာ တည်တံ့လို့ နေကြမယ်ဆိုပါလျှင် မြင်မြင်သမျှသတ္တဝါတွေဟာ ပညာရှိတွေဖြစ်ကုန်ကြမှာ အမှန်ပါဘဲ၊ တိုးချဲ့၍သင်ရန်ဆိုတာဘာမျှ မရှိစလောက်ဖြစ်နေလိမ့်မယ်၊သတ္တဝါမှန်သမျှတွေဟာ သံသရာကြောကြီး ရှည်လွန်းလို့မတွေ့မကြုံဘူးတာ,မသင်မကြားဘူးတာ ဘာတခုမျှ မရှိဘူးတဲ့၊ အနတ္တဝိဇ္ဇာနှင့် လောကုတ္တရာ ပညာများကိုသာ မသင်မကြားဘူးကြဘဲ နေကြတယ်၊ သစ္စာလေးပါးကိုသာ မသင်ကြားဘူးကြဘဲ၊ ပုံးလုံး နားမထွင်း နေခဲ့ကြတယ်၊

လောကီ ပညာတွေမှန်သမျှ အလုံးစုံ သင်ဘူး တတ်ဘူးကြ တာချည်းပါဘဲ၊ ယောဂီရှာန်လမ်းမှာ အသိဉာဏ်စခန်း သို့တိုင်အောင် သင်ဘူးတတ်ဘူးကြပါတယ်။

သို့ကလို အနန္တော အနန္တ ဘဝပေါင်းများစွာ သင် ကြားတတ်မြောက် လာကြတဲ့ ပညာတွေဟာ ဘယ်သွား ကုန်သလဲလို့ ဆိုတော့- သုညစက်ရှိန်ဝါး၍ ထွားထွားညက် ညက်ကြေပျက်ဆိတ်သုဉ်းပြီး သုညလုံးတွေသာ ဖြစ်ကုန်ကြ တယ်၊ အဲ-သို့အတွက်ကြောင့် ဘယ်အခါမှာမှ မှတ်သား ခြင်းဆိုတဲ့သညာကိစ္စမဆုံးနိုင်ဘဲ ပညာသင်ကြားခြင်း ကိစ္စ မတုန်းနိုင်ဘဲ ဘဝတိုင်း,ဘဝတိုင်းမှာ ပညာသင်ကြားမှုကိစ္စ နှင့်သာ အပင်ပန်းခံနေကြရတာပေါ့။

သင်ခဲ့သမျှပညာတွေဟာအခိုင်အမြဲအစိုင်အခဲသဘောနှင့် သာတည်နေကြမယ်လို့ဆိုလျှင်ဘယ်သူ့ထံမှာမှ နိဿယည်း ခံ၍ တပည့် လုပ်ဘွယ်မရှိကြဘူး၊ သတ္တဝါ မှန်သမျှ ဒိသာ ပါမောက္ခ ဆရာကြီးတွေ, ယူနီဘာစီတီသိပ္ပံကျောင်းဆရာ ကြီးတွေ,ပိဋကတ်သုံးပုံကို နှုတ်ငုံရတဲ့ဆရာကြီးတွေသာဖြစ် ကုန်ကြမှာပေါ့၊ သုညသဘောကြီးကအပြီးသားကြိတ်ဝါး၍ ဘီလူးကြီးလို စားနေတဲ့အတွက်ကြောင့် ဘဝတိုင်းမှာ ဆရာ အဖြစ်သို့ မရောက်နိုင်ကြဘဲ တပည့်အဖြစ်နှင့်သာ ပညာရှာ ရတဲ့ ဒုက္ခကြီးကို ခံနေကြရတယ် မဟုတ်လား၊ ဘယ့်က လောက် ပညာတတ်တဲ့ ဆရာတော်ကြီးပင်ဖြစ်စေ၊ နောင် ဘဝ ကျသွားတဲ့အခါ ဆရာ၏ထံပါး-ဝပ်တွားရိုကျိုး ရှိခိုး ဦးနှိမ်ပြီး ကကြီး, ခခွေး,ဂငယ်, ဃကြီး ရယ်လို့ သင်ပုန်း ကြီးကစလို့ သင်ရမယ် မဟုတ်လား၊သည်ကိန်းကြီးကို လွဲ

အောင် မရှောင်နိုင်ကြဘူးနော်၊ဆရာတော်ကြီးတွေပေမယ့် လို့ သုညသဘောကြီးက မျက်နှာမလိုက်ဘူး။

ပညာဆိုတဲ့အသိအလိမ္မာဓာတ်သဘောကြီး တခုဟာ သံသရာတခွင်ကျင်လည်သမျှ သုညကပ်ကြီး ဖျက်ဆီး တိုက်ခိုက်ခြင်းခံရတာ အလွန်တရာမှ နစ်နာဘို့ ကောင်းလှတယ်၊ အခြားဓာတ်သဘောတွေဟာ သုညကပ်ကြီး အတိုက်ခံချင် ခံရပါစေဦးတော့၊ သိုကလောက် မနစ်နာလှပါဘူး၊ပညာဓာတ်သဘောတခုဟာ အခိုင်အမာတည်တံ့ နေနိုင်တယ်ဆိုလျှင် သံသရာမှာ တော်တော် ခံသာပါသေးရဲ့၊ မလွတ်နိုင် မကျွတ်နိုင်ဘဲ သံသရာထဲမှာ တဝဲလယ်လယ် နေကြရတယ်ဆိုတာလဲ ပညာသေးသိမ်ကြလို့သာဖြစ်တယ်၊ သစ္စာလေးပါးကို မသိနိုင်ကြတာလဲ ပညာဓာတ်ခံ သေးသိမ်လို့ဖြစ်တယ်၊ ဘဝတိုင်းဘဝတိုင်းမှာ တပည့်ခံပြီး အသိဉာဏ်ကို စုဆောင်းသင်ကြားကြရတယ်-ဆိုတာလဲ ပညာဓာတ်တွေက သုညသဘောသို့ အတင်းပြေးဝင်ကုန်ကြလို့ဖြစ်တယ်၊ အဲ-သည်တော့ ပညာဓာတ်ကို သုညကပ်ကြီးအတိုက်အခံရတာ အလွန်တရာမှ နစ်နာတာပေါ့။

သို့ရာတွင် သုညသဘော ဆိုတာက ထာဝရ-နိယာမကိန်းကြီးဖြစ်နေတော့ ဘယ်တရားကိုမှ ညှာတာခွင့်မပေးဘူး၊ ဘယ်တရားကိုမှ မျက်နှာမလိုက်ဘူး၊ သုညကပ်တိုက်ပြီး ဖျက်ဆီးချေမှုန်းလိုက်မယ်ဆိုတဲ့ဘက်ကသာနေတာဘဲ၊ ယခုဟောပြောခဲ့တဲ့တရားအချက်ဟာ ဝေဒနာမှစ၍ နာမ်ဓာတ်တို့၏ သုညသဘောဖြစ်ပုံတွေကို ပြဆိုခဲ့တဲ့ ဒေသနာတော်ဖြစ်ပေတယ်၊ သုညသဘောကို ရုပ်ဓာတ်ရော-နာမ်

ခေတ်ရော-အစုံအလင်ဟောပြောခဲ့ပြီနော်၊ ခန္ဓာငါးပါးဆို တဲ့ရုပ်တရား,နာမ်တရားတွေဟာ တစုံတရာမျှ သုညကပ် ကြီးတွင်းက မလွတ်ကင်းနိုင်ဘူး၊ ဘွားကနဲ ဖြစ်ပေါ်ကာ ကိုယ်ရောင်ပြ၍ ဖြိုးကနဲချုပ်ဆုံးခြင်းဆိုတဲ့ သုညစက်ကြီး ထဲသို့သာ ဝင်ကုန်ကြရမြဲဓမ္မတာဘဲ။

## အချုပ်အားဖြင့်မှတ်ဘွယ်

အချုပ်အားဖြင့်ဆိုရလျှင် ရှိရှိသမျှ ခန္ဓာငါးပါးတွေကို တည်၊ အနိစ္စနှင့်စား၊ ဘာမှအကြွင်းမရှိ၊ သုညသာကြွင်း တော့၏-ဟုဆိုလိုတာဘဲ၊ ခန္ဓာပရမတ် ရုပ်ခေတ်, နာမ် ခေတ်တွေဟာ သဘောအားဖြင့်လဲ မထင်မြင်စကောင်းတဲ့ အကြောင်းမှ ဖြစ်ပေါ်လာကြတယ်၊ ချုပ်ကွယ်တဲ့အခါမှာ လဲ မမြင်စကောင်းတဲ့-သုညသဘောသို့ ဆိုက်ရောက်ကုန် ကြတယ်၊ လျှပ်စစ်တွေဟာ မမြင်စကောင်းတဲ့ အကြောင်း မှဘွားကနဲဖြစ်ပေါ်လာကြပြီးလျှင် အရောင်အဝါနှင့် ကိုယ် ရောင်ပြ၍ မမြင်ရတဲ့-ချုပ်ပျက်ခြင်းသို့ ဆိုက်ရောက်ကုန် ကြသလိုဘဲ။

သုညတ ဒေသနာတော်ကြီးဟာ လွန်စွာ နက်နဲတယ်၊ ရှင်တော်မြတ်ဘုရားတို့၏ လက်ထက်တော်အခါပွင့်မှ ပေါ် လာတဲ့ တရားထူးမျိုးလဲ ဖြစ်တယ်၊ အရိယာအပေါင်း သူ တော်ကောင်းတို့၏ လက်သုံး တရားရင်းကြီးလဲ ဖြစ်တယ်၊ ယသော်ဓရာထေရီ ဘိက္ခုနီ ပရိနိဗ္ဗာန် ဝင်စံခါနီးတွင် သုညတ တရားကြီးကို အကျယ်တဝင့် ခင်းခင်းကျင်းကျင်း ကြီး ဟောတော်မူကြောင်းများကိုလဲ ထေရီအပဒါန်ပါဠိ

တော်ကြီးမှာ ထင်ရှားစွာမိန့်ဆိုထားတယ်၊ အဲ-သို့ကြောင့် သုညတ တရားကို ဉာဏ်သွားထင်ထင် အမြင်လင်းလင်း နှင့် ရှင်းရှင်းကြီးမှတ်သားကြရမယ်။

ခန္ဓာငါးပါး ဓာတ်တရားတွေကို ယခုလို ပြဆိုဟော ကြားအပ်တဲ့ အတိုင်း သုညတွေသာ ထင်မြင် ခဲ့ပါလျှင် အတ္တဒိဋ္ဌိဆိုတဲ့ အထင်ဆိုးကြီး, အမြင်ဆိုးကြီးဟာ စွဲလမ်း စရာမရှိနိုင်တော့ဘူး၊ သုညတ ဒေသနာတော် ကြီးဟာ အတ္တဒိဋ္ဌိဆိုးကို မိုယ်းကြိုးနှင့်ပစ်ခွင်းသလို တင်းတင်းကြီး ဖြုတ်ချေတဲ့ဒေသနာတော်ကြီးဖြစ်တယ်၊ ယနခွဲကိန်း,အနိစ္စ လက်နက်နှင့် ဖြိုဖျက်ကိန်းကြီးများကို သတိကြပ်ကြပ်ထား ကြရမယ်။

ကဲ-သုညအချက်အားဖြင့် အတ္တဒိဋ္ဌိ ဖြိုဖျက်ကိန်းကြီးကို ရပ်လိုက်ကြအုံးစို့။

---

## အသာရသဘောဆင်ခြင်ပုံ

အနှစ်မပါ အကာအတိဆိုတဲ့-အသာရသဘောကြီးကို ပြောကြအုံးစို့။

၁။ အနှစ်သာရလို့ခေါ်တယ်,
၂။ အနှစ်မရှိတာကိုတော့-အသာရလို့ခေါ်တယ်,
၃။ အနှစ်ကယ်လို့ ထင်မြင်စွဲလမ်းနေတာက အတ္တဒိဋ္ဌိ သဘော,
၄။ အနှစ်မရှိ ဟုထင်မြင်တာက အနတ္တသဘော,

သာရနှင့်အနတ္တဆိုတဲ့စကားနှစ်လုံးဟာဆန့်ကျင်ဘက် ကြီးဖြစ်နေကြတယ်၊ ပုထုဇဉ်သတ္တဝါတွေက အနှစ်သာရ

ရယ်လို့ အမြဲအစွဲထင်မှတ်ကြတယ်၊ အရိယာပုဂ္ဂိုလ်တွေက အနှစ်သာရမရှိဘူးလို့ထင်မြင်ပုံသဘောအားဖြင့်ဘယ်ကလောက်ပြောင်းပြန်ကြီး ကွဲလွဲနေကြတယ်ဆိုတာ စဉ်းစားကြစမ်းပါ၊ ပုထုဇဉ် သတ္တဝါတို့အထင်က မှန်သလား၊ အရိယာပုဂ္ဂိုလ်တို့၏ အထင်က မှန်သလားလို့ တရားသဘောအတိုင်း စစ်တမ်းထုတ်ဘို့ရှိပေတယ်။

မိမွေးတိုင်း,ဘမွေးတိုင်းသဘောနှင့် အနှစ်သာရအတ္တအမှန်ဘဲလို့ စွဲလမ်းပုံကသည်လိုတဲ့၊ ငါ, သူတပါးဆိုတာအမှန်ရှိတယ်၊ ပုဂ္ဂိုလ်သတ္တဝါဆိုတာ တကယ်ရှိတယ်၊ အသက်ရှင်လျက်ရှိတဲ့-သည်ကိုယ်ကောင်ကြီးဟာ ငါအမှန်ဘဲ၊ သတ္တဝါအမှန်ဘဲ၊အသက်ရှင်နေတာအမှန်ဘဲ၊ အဲ-သို့ကလို ထင်မြင်စွဲလမ်းတာကိုပင် အနှစ်သာရ ထင်မြင်တယ်လို့ဆိုတယ်၊ငါဆိုတာ တဘဝမှာမှ တခါသာသေဆုံးတယ်၊တဘဝမှာ ခဏခဏ ငါသေတယ်လို့ မရှိဘူး၊ ငါဘဝပြောင်းတယ်၊ ရှေးရှေးဘဝတွေက ငါဖြစ်ခဲ့တယ်၊ နောင်ဘဝမှာလဲ ငါဖြစ်လိမ့်အုံးမယ်၊ ငါဟာချမ်းသာကို ခံစားတယ်၊ ငါဟာဆင်းရဲကိုခံစားတယ်၊ ငါကြံတယ်၊ ငါပြုလုပ်တယ်-စသည်ဖြင့် များလိုက်တဲ့ငါတွေဟာထားစရာတောင်နေရာမရှိတော့ပါဘူး။

တဘဝမှ,တဘဝသို့ပြောင်းတယ်လို့ ဆိုသော်လဲ ကိုယ်ကြီးသာပြောင်းသွားတယ်၊ ငါဆိုတာကတော့ ကိုယ်အသစ်နှင့်တမျိုးဖြစ်သွားတယ်၊ ကိုယ်ဟောင်းလဲပစ်၍ကိုယ်အသစ်ထူထောင်တယ်လို့ဆိုလိုတာပေါ့လေ၊ သို့ကလိုယူတဲ့ အယူမှာ၊ အချုပ်အားဖြင့်ပြောလိုက်တော့၊ ငါဆိုတာမသေနိုင်

ဘူး၊ အခိုင်အမြဲ အနှစ်သာရနှင့် ပြည့်စုံတယ်၊ ငါကိန်း ခေအောင်းရာဖြစ်တဲ့ကိုယ်ကာယကြီးသာ အမျိုးမျိုးလဲပြောင်း နေတယ်လို့ အဓိပ္ပါယ်ဆိုလိုတယ်။

သို့ကလိုထင်မြင်ခြင်းတွေဟာ ပုထုဇဉ်သတ္တဝါမှန်သမျှ တို့၏ထင်မြင်ပုံအကြီးကြီးတွေပါဘဲ၊ သည်လိုထင်မြင်ပုံ လက် ရိုးကြီးတွေကို မဖြေမဖျောက်နိုင်ကြတဲ့ အတွက်ကြောင့် ငါနယ်ကမထွက်ဘဲ နေကြရတယ်၊သံသရာမှာ ငါတပေပေ နှင့်သာ နစ်မျော၍ နေကြရတယ်၊ ငါအထင်ကစပြီး ခိုင်မြဲ တယ်,မပျက်စီးနိုင်ဘူးဆိုတဲ့ သဿတ ဒိဋ္ဌိဆိုးကြီးတွေ ပေါ် လာကုန်တာပေါ့၊ ငါထင်ခြင်းကအစပြု၍- အကိုင်းအခက် တွေဖြာလိုက်တော့။

၁။ ငါရှိတယ်,
၂။ သူတပါးရှိပါတယ်,
၃။ ယောက်ျားရှိတယ်,
၄။ မိန်းမရှိတယ်,
၅။ လူရှိတယ်,
၆။ နတ်ရှိတယ်,

စသည်ဖြင့် များပြားလိုက်တဲ့ ပုဂ္ဂိုလ်သတ္တဝါ အထင် အမြင် အကိုင်းအခက်တွေ၊သည်မှတပါး ငါနှင့်စပ်ဆိုင်တဲ့ ဝတ္ထုပစ္စည်းတွေ၊ ငါ့အိမ်, ငါ့ယာ,ငါ့ရွှေ, ငါ့ငွေ, ငါ့ကျွန်, ငါ့ကျေး,ငါ့သား, ငါ့မယား, ငါ့လင်, ငါ့ယောက်ျားမှစ၍ မီးခိုးမဆုံး- မိုဃ်းမဆုံးဆိုသလို- ကျယ်ဝန်းကုန်တော့တာ ပေါ့၊ ငါလုံးတလုံးဟာ မဆုံးနိုင်အောင် ကျယ်ဝန်းသနော်၊ နှယ်နှယ်များမမှတ်လိုက်ကြနှင့်။

အဲ-သို့ကြောင့် ကျေးဇူးရှင်လယ်တီ ဆရာတော်ဘုရားကြီးရေးသားတော်မူတဲ့ လင်္ကာတခုမှာ-

"ငါတလုံးနှယ်၊ အနန္တနိုးငယ်ကျယ်၊ သုံးသွယ် ဘုံတိုက်၊ မြုံတသိုက်၊ တုန်ရိုက်ကယ်ဆူညံ၊ မြူမချန်"။

ရယ်လို့စပ်ဆိုတော်မူတာပေါ့၊ သုံးလောက တိုက်အလုံးကို၊ ငါ,ငါတွေဖုံးနေတယ်လို့ဆိုလိုတယ်။

အဲ-သို့ကလိုအနှစ်သာရအနေအားဖြင့် စွဲလမ်းပုံအမှားကြီးကို အနှစ်ဗလာ အကာအတိဖြစ်အောင် ဘယ်လိုဉာဏ်သွားနှင့် တရားနည်းလမ်းအတိုင်း ရှုဆင်ခြင်ရမလဲလို့ စဉ်းစားဘို့ ရှိတယ်မဟုတ်လား၊ ငါစွဲလမ်းတာက သည်ကိုယ်ကြီးတခုလုံးကို သိမ်းကျုံးပြီးစွဲလမ်းတယ်၊ သည်လိုစွဲလမ်းတဲ့ကိုယ်ကြီးထဲမှာ ငါဆိုတာက ဘယ်နေရာမှာ ရှိသလဲလို့ ဓာတ်ခွဲပညာဖြင့် ရှာကြည့်စမ်း၊ အစစ်အမှန်အားဖြင့် ရုပ်နာမ်နှစ်ပါးမှတပါး ငါဆိုတာတစုံတရာမျှ ရှာလို့မတွေ့ကြောင်းထင်ရှားလိမ့်မယ်။

လက်စသတ်တော့ ငါဆိုတာ တခြားမဟုတ်ဘူး၊ ရုပ်နာမ်နှစ်ပါးပေါင်းစုနေတဲ့ သည်ကိုယ်ကြီးကိုပင် လက်ဝါးကြီးအုပ် သိမ်းကျုံး၍ ငါလုံးနှင့် တံဆိပ် ခတ်ထားပါကလားလို့ ထင်ရှားစွာ သိလာကြလိမ့်မယ်၊ နက်နက်နဲနဲသဘောထိမိအောင်- မဆင်ခြင် နိုင်တဲ့ ဒိဋ္ဌိသဘောနှင့် တိမ်တိမ်ကလေးတွေးတောပြီး စွဲလမ်းတဲ့ အစွဲပါကလား၊ အလွန်မှားသနော်လို့-ဉာဏ်သွားစူးရှလာပြီဆိုလျှင် အနတ္တဝိဇ္ဇာဉာဏ်ပေါ်သို့ လမ်းပွင့်လာပြီလို့သာ မှတ်ကြပေတော့။

သို့ကလိုတိမ်တိမ်ကလေးနှင့်အတွေးကြီးတွေးပြီး စွဲလမ်းတဲ့အတွက်အနှစ်သာရ မဟုတ်ထာတွေကို တကဲ့အနှစ်သာရတွေရယ်လို့ထင်နေတာပေါ့၊အတ္တဒိဋ္ဌိ ထင်မြင်တဲ့အတိုင်း အနှစ်သာရမဟုတ် အကာအတိသာ ဖြစ်ကြောင်း၊ အတ္တမမှန်-အနတ္တကေန်သာ ဖြစ်ကြောင်းကို သည်လိုဆင်ခြင်ကြရမယ်။

ခန္ဓာငါးရပ်ရုပ်ဓာတ်,နာမ်ဓာတ်တို့၏အစုအပုံကြီးဖြစ်တဲ့ဤကိုယ်ကြီးဖြင့်သတ္တဝါလုပ်၍လာကြရတာဘယ့်ကလောက်ကြာပြီရယ်လို့မည်သူမျှမပြောနိုင်ကြဘူး၊သို့ကလောက်ကြာမြင့်စွာပြုလုပ်ခဲ့လာတဲ့ ဤကိုယ်ကြီးဟာ တကယ်လို့အနှစ်သာရရှိ၍နှင့်ခိုင်မြဲပါမူကား အားကိုးလောက်ဘွယ် တစုံတခုကို ရလောက်သင့်ပြီ၊ ခဏခဏ ပဋိသန္ဓေ နေရတာပျင်းစရာကောင်းပါတယ်၊ ခဏခဏအိုရတာ ငြီးငွေ့စရာကောင်းပါတယ်၊ ခဏခဏ နာရတာ လွန်စွာ ဆင်းရဲပါတယ်၊ခဏခဏ သေရတာ အလွန် စက်ဆုပ်စရာ ကောင်းပါတယ်။

သည်လိုသံသရာဒုက္ခမျိုးတွေကို ပယ်ရှားပြီး အေးအေးသာသာ ခိုင်ခိုင်မြဲမြဲနေစမ်းပါမယ်လို့ ကြံစည်အားထုတ်ပြီးနေကြည့်စမ်းပါ၊ ထင်တဲ့အတိုင်း မပေါက်ထာအမှန်ပါဘဲ၊ သံသရာ့ဓမ္မတာကြီးကိုဘယ်ဘဝမှာမှမလွန်ဆန်နိုင်ကြဘူး၊ လွန်ဆန်နိုင်ပါရိုးလား၊ ငါငါရယ်လို့ စွဲလမ်းနေတဲ့ ကိုယ်ကြီးက အနှစ်သာရရှိတာမှ-မဟုတ်ဘဲကိုး၊သံသရာထဲမှာဖြစ်နေရတဲ့အခါ သံသရာ့ ဓမ္မတာကို ဘယ်သူဘယ်ဝါမှ မလွန်ဆန်နိုင်ဘူး၊ သံသရာ့ဓမ္မတာဆိုတာက ဘယ်သူ့ကိုမှ မျက်နှာသာ ပေးတာမဟုတ်၊ သံသရာကြီးကို အရောဝင်လို့

ရတာမျိုးမဟုတ်၊လောကီ ဥပမာအားဖြင့်ဆိုလျှင် တခုသော မြို့ထဲမှာ နှစ်ပေါင်းများစွာ နေထိုင်ခဲ့ပါလျှင် မြို့နှင့်အကျွမ်းဝင်ပြီး မြို့၏စရိုက်ဝသီကို နားလည်နိုင်တယ်၊ ထိုမြို့မှာနေထိုင်ကြတဲ့ မြို့သူမြို့သားတွေနှင့် မျက်နှာသိတွေဖြစ်၍ အရောတဝင်နှင့်ညှာသင့်တဲ့နေရာမှာ ညှာတာထောက်ထားခြင်းကို ခံရတယ်။

သံသရာကြီး ဆိုတာက သည်လိုမဟုတ်ဘူး၊ အနန္တသတ္တဝါတွေဟာ သံသရာဆိုတဲ့ မြို့တော်ကြီးထဲမှာ နေထိုင်လာလိုက်ကြတာ အစမထင်အောင် ကြာခြင်းကြီးကြာကုန်ကြပြီ၊ သို့ပင်ကြာသော်လဲ သံသရာ့ဓမ္မတာတွေနှင့် အရောတဝင်ချစ်ခင်ကာ မျက်နှာသိ မိတ်ဟောင်းကြီးဖြစ်ပြီ၊ ထို သံသရာ့ဓမ္မတာတို့၏ ညှာတာခြင်းများကို တခါတလေခံရဘို့သင့်တယ် မဟုတ်လား၊ သည်လိုမဟုတ်ဘူး၊ ဘယ့်ကလောက်ပင် သံသရာမြို့တော်ကြီးထဲမှာ ကြာအောင်နေ၍ သတ္တဝါလက်ဟောင်းကြီးတွေ, မျက်နှာသိကြီးတွေဖြစ်၍ နေသော်လဲ တခါတလေကလေးမျှ ညှာတာထောက်ထားခြင်းကို ခံရလိမ့်မယ်လို့ မထင်စားပါနှင့်၊ သူ့ဓမ္မတာအတိုင်း စီရင်လိုက်ထာချည်းဘဲ၊ သံသရာ့ ဓမ္မတာဆိုတဲ့ လက်ရိုးအချက်ကြီးတွေက အဖန်ဖန် ပဋိသန္ဓေနေရခြင်း, အဖန်ဖန်အိုရခြင်း,အဖန်ဖန်နာရခြင်း,အဖန်ဖန်သေရခြင်း ဆိုတဲ့ အချက်ကြီးများပေပေါ့။

သံသရာရုံးတော်ကြီး၏ စီရင်ထုံး ဥပဒေတော်ကြီးဟာ အလွန်တရာဖြောင့်မှန်တရားတယ်၊ ဘယ်သူ့ကိုမှ မျက်နှာ မလိုက်ဘူး၊ မျက်နှာလိုက်ပြီး သံသရာ့ဓမ္မတာက လက်လျှော့နိုင်ပါရိုးလား၊ သတ္တဝါကောင်တွေ လုပ်နေကြတဲ့

ရုပ်ခေတ် နာမ်ခေတ်, ပရမတ်ခန္ဓာတွေက အနှစ်သာရရှိတာမှမဟုတ်ဘဲကိုး၊ ပဋိသန္ဓေမနေရတဲ့ ခန္ဓာမျိုး, မအိုရတဲ့ခန္ဓာမျိုး, မနာရတဲ့ခန္ဓာမျိုး, မသေရတဲ့ ခန္ဓာမျိုးတွေသာဖြစ်နေခဲ့ပါလျှင် သံသရာ့ဓမ္မတာကြီးတွေဟာ အနားကိုတောင်သီပ့်ကြမှာမဟုတ်ဘူး၊ သတ္တဝါခေါ်တဲ့ကိုယ်ခန္ဓာကြီးတွေဟာက အနှစ်သာရမရှိတဲ့အတွက်ကြောင့် ဘယ်လိုပင်ဖြစ်သော်လဲ တခဏ-တခဏကလေးဘဲ၊ အတန်ကြာလျှင်အနှစ်သာရမရှိတဲ့ သဘောအတိုင်း ပျက်စီးကွယ်ပျောက်သွားကြကုန်တယ်။

## မြက်ပင်ဥပမာ

လောကမှာ အနှစ်သာရရှိတဲ့ မန်ကျည်းပင်-ပိတောက်ပင်-ကျွန်းပင် အစရှိတဲ့သစ်ကြီးမျိုးတွေရှိကြတယ်၊ သို့ကလိုအနှစ်သာရရှိတဲ့သစ်ပင်ကြီးမျိုးတွေဟာ နှစ်ပေါင်းများစွာတည်တံ့ကာကြီးပွား၍ မားမားမတ်မတ်ကြီးတွေ တည်နေနိုင်ကြတယ် တည်နိုင်ကြတယ်၊ မိုယ်းရွာတဲ့အခါမှာမှ ဖြိုးကနဲထ၍ပေါက်ကြတဲ့ မြက်ပင်,စပါးပင် အစရှိတဲ့ အပင်ကလေးများဟာ အနှစ်သာရ မရှိကြတဲ့အတွက် အတန်ကလေး ကြာလျှင် မတ်မတ်မားမား တည်တံ့နိုင်တဲ့သဘောမရှိဘဲယိုင်လဲခွေပြေ့ကာပျက်စီးပျောက်ဆုံးကုန်ကြတယ်။

## နှိုင်းယှဉ်ပြချက်

အဲ-သည် ဥပမာအတိုင်း သတ္တဝါလုပ်နေကြတဲ့ ကိုယ်တွေဟာ အနှစ်သာရမရှိတဲ့ မြက်ပင်ကလေးတွေလို၊ ကံ, စိတ်, ဥတု, အာဟာရ အစရှိတဲ့အကြောင်း များကြောင့်ဘွားကနဲ- ဖြစ်ပေါ်ထူထောင်လာကြပြီး အတန်ကလေး

ကြွာလျှင်၊ အနှစ်မရှိတဲ့ ဓမ္မတာအတိုင်း ပျက်စီးပျောက်ဆုံးခြင်းသို့ ရောက်ကုန်ကြတော့တာဘဲမဟုတ်လား၊ သို့ကလို အတည် အခိုင်ရယ်လို့ ဘယ်တော့ကမှ မရစဘူးကြဘဲ ခေတ္တကလေး ကိုယ်ရောင်ပြကာ ဖြစ်ပေါ်ကြပြီး ဖြုံးကနဲ ပျက်စီးကုန်ကြတာ အနှစ်သာရမရှိတာကြောင့်ဘဲလို့ အမြဲ ဆင်ခြင်ကြရမယ်။

မြက်ပင်, စပါးပင်တွေဟာ နှစ်ပေါင်း မည်မျှလောက် ရှည်ကြာအောင်တည်ပါတယ်,ခိုင်ခံ့ပါတယ်လို့ များ ဆိုနိုင် ကြရဲ့လား၊ ဘယ်မှာဆိုနိုင်မလဲ အနှစ်သာရရှိတဲ့ အပင် မျိုးမှ မဟုတ်ဘဲကိုး၊အနန္တသံသရာမှာခန္ဓာကိုယ်တွေဖြစ်ဖြစ် သမျှကို စုဆောင်း၍ ထားလိုက်မယ်ဆိုပါလျှင် အဇ္ဇုဌာ ကာသ ခေါ်တဲ့ ကောင်းကင်ကြီးတောင်မဆန့်နိုင်ဘူး၊ တ ကိုယ်လုံးကိုမပြောပါနှင့်အုံးတော့၊သတ္တဝါတဦးတယောက် ၏ ဖြစ်ခဲ့တဲ့ သံသရာမှာ တဘဝတွင်တခါ သတ္တဝါ၏ အမွေး တပင်တပင်ကို ယူပြီး စုဆောင်းထားခဲ့မယ်လို့ ဆိုပါလျှင် မဟာမြင်းမိုရ်တောင်ကြီးပေါင်း တသိန်းစာလောက်မက အောင်များပြားပေလိမ့်မယ်။

သို့ကလောက်များပြားတဲ့ ဘဝခန္ဓာတွေထဲမှာ ဘယ် ဘဝခန္ဓာတခုမျှ အမြဲတည်နေရစ်တယ်လို့ရှိဘူးသလဲ၊ ပျက် မြဲ ဓမ္မတာ,ပျောက်မြဲဓမ္မတာအတိုင်း အမွေ အစ ရှာမရ အောင်ပျောက်ပျက်ကုန်တာပေါ့၊နောင်အနာဂတ် သံသရာ မှာလဲ အနှစ်သာရနှင့် ပြည့်စုံတဲ့သတ္တဝါဖြစ်ရလိမ့်အုံးမယ်၊ အနှစ်သာရနှင့်ပြည့်စုံတဲ့ ခန္ဓာကိုယ်ကို ရရှိလိမ့်အုံးမယ်လို့ များ ဘယ်တော့မှ မထင်စားလေနှင့်၊ခန္ဓာဆိုတာ အတိတ်,

ပစ္စုပ္ပန်,အနာဂတ်ဆိုတဲ့ ကာလသုံးပါးမှာ ထူးမခြားနား တသားထဲ တထေဝထဲ တမျိုးထဲချည်းပါဘဲ။

ဘယ်အတွက်ကြောင့် သို့ကလို-မခိုင် မမြဲခြင်း တွေသာ ဖြစ်နေရပါသလဲလို့ ဆိုလျှင်၊ ကိုယ်ခန္ဓာလုပ်ထားတဲ့ ခန္ဓာ ငါးပါးတွေက ဘယ်တော့မှ အနှစ်သာရရှိတဲ့ သဘောမျိုး မဟုတ်လို့တဲ့၊ တကယ်လို့ ခန္ဓာငါးပါးတွေဟာ အနှစ် သာရနှင့် ပြည့်စုံခဲ့ပါလျှင် သတ္တဝါထင်မှတ်နေတဲ့ ကိုယ်ခန္ဓာ တွေဟာ ခိုင်မြဲတည်တံ့ နေကြ ပေလိမ့်မယ်၊ ကိုယ်ခန္ဓာ တွေဟာ ပဋိသန္ဓေနေခြင်း,အိုခြင်း,နာခြင်း, သေခြင်းဆိုတဲ့ သံသရာ့ဓမ္မတာ သဘောကြီး လေးချက်ကို လွန်မြောက်၍ မောက်မောက်မားမားကြီးတွေသာ တည်တံ့နေကြမယ်လို့ ဆိုလျှင် အတ္တအမှန်ဘဲ, သတ္တဝါအမှန်ဘဲ, စွဲချင်လျှင် စွဲ လမ်းထိုက်စရာရှိပါသေးရဲ့။

သည်လိုမှ တည်တံ့ခိုင်မြဲနေတာမဟုတ်ပါဘဲကိုး၊ အတ္တ ဆိုလောက်စရာ အနှစ်သာရ,သတ္တဝါဆိုလောက်စရာအနှစ် သာရဘယ်မှာရှာတွေ့လို့ရနိုင်ပါတော့မလဲ၊အဲ-သို့ကြောင့် အသာရကဋ္ဌေနအနတ္တာ....ရယ်လို့ အဋ္ဌကထာ ဆရာကြီး များ-မိန့်ဆိုတော်မူကြတာပေါ့။ အသာရကဋ္ဌေန၊ အခိုင် အမြဲနေနိုင်သည့်အဖြစ်,အနှစ်သာရ-မြူမျှမရှိခြင်း သဘော အားဖြင့်။ အနတ္တာ၊ အနတ္တမည်ကုန်၏။

## ရုပ်ခန္ဓာ၌အနှစ်သာရမရှိပုံ

အဲ-ခန္ဓာ ငါးပါးတို့၏ အနှစ်သာရမရှိပုံကို စစ်တမ်း ထုတ်ကြအုံးစို့။

ရုပ်ခန္ဓာတပါး,နာမ်ခန္ဓာလေးပါးရယ်လို့ဆိုတဲ့ ခန္ဓာငါးပါးရှိခဲ့ရာ ရုပ်ခန္ဓာမှာ အနှစ်သာရရှိပါတယ်လို့ ဆိုမလား၊ ရုပ်ခန္ဓာတို့တွင် မဟာဘုတ်ကြီးလေးပါးကို စစ်ဆေးရလိမ့်မယ်။

၁။ ပထဝီဓာတ်ဆိုတာ ခက်မာ, နူးညံ့ခြင်း သဘောမျှသာရှိတယ်၊ အနှစ်သာရဆိုတဲ့ ခိုင်မြဲမှု ဆိုတာ အငွေ့အသက်မျှမပါဘူး။

၂။ အာပေါဓာတ်ဆိုတာ ဖွဲ့စည်း,ယိုစီးခြင်း သဘောမျှသာရှိတယ်၊ အနှစ်သာရခေါ်လောက်တဲ့ ခိုင်မြဲမှုဆိုတာ အငွေ့အသက်မျှမပါဘူး။

၃။ တေဇောဓာတ်ဆိုတာ ပူခြင်း, လောင်မြိုက်ခြင်း သဘောမျှသာရှိတယ်၊ အနှစ်ဆိုလောက်စရာ ခိုင်မြဲမှုသဘောဆို၍ အငွေ့အသက်မျှမပါဘူး။

၄။ ဝါယောဓာတ်ဆိုတာ လှုပ်ရှားမှု, ယိမ်းနွဲ့မှု သဘောမျှသာရှိတယ်၊ အနှစ်ပြောလောက်စရာ ခိုင်မြဲမှုသဘောဆို၍ အငွေ့အသက်မျှမပါဘူး။

မဟာဘုတ်ဓာတ်ကြီးလေးပါးကို အမှီတကဲ သဟဲပြုနေရတဲ့ ဥပါဒါ ရုပ်ကလေးတွေမှာတော့ အခိုင်အမြဲဆိုစရာ အနှစ်သာရဟူ၍ မှုငွေ့လောက်မျှမပါပါဘူး၊ အလွန်တန်ခိုးကြီးတဲ့ မဟာဘုတ်ဓာတ်ကြီးတွေမှာမှ အနှစ်သာရ သဘောမရှိပါဘဲနှင့် ဥပါဒါ ရုပ်သေးကလေးတွေမှာ အနှစ်သာရသဘော ပါဘို့ဟာ ပါစင်အောင်ဝေးနေရောမဟုတ်လား၊ အဲ-သို့ကလို ရုပ်ခန္ဓာတို့မှာမူလသဘောရင်းအားဖြင့် အနှစ်သာရမရှိဘဲ အသာရကဒ္ဒသဘော သက်သက်မျှ ဖြစ်ကြောင်းကို ကောင်းကောင်းကြီး စဉ်းစားကြရမယ်။

## အကြောင်းအားဖြင့်အနှစ်သာရမရှိပုံ

ဖြစ်ပုံအကြောင်းအားဖြင့် အနှစ်သာရရှိလိမ့်မလားလို့ များ စဉ်းစားကြအုံးစို့။

ရုပ်ခတ်ကြီးလေးပါးတို့ဟာကံ,စိတ်,ဥတု,အာဟာရ ဆိုတဲ့ အကြောင်းလေးပါးတွင် တပါးပါးကြောင့်ဖြစ်ပေါ် ကြတယ်၊ ဖြစ်ပေါ်ရန် အကြောင်းတွေက အနှစ်သာရရှိသ လား၊ ဖြစ်ပေါ်ရန်အကြောင်းတွေဟာ ဘာမျှ အနှစ်သာရ မရှိဘူး၊ကံ,စိတ်,ဥတု,အာဟာရတွေဆိုတာလဲ ခန္ဓာငါးပါး ထဲမှ မလွတ်ကြ၍ သူတို့လဲအနှစ်မပါတဲ့ အကာအတိ သ ဘောတွေပါဘဲ၊ ဖြစ်ပေါ်ရန် လူထောင်တဲ့အကြောင်းတွေ ကိုက အနှစ်သာရမရှိပါဘဲနှင့် အကျိုးဖြစ်တဲ့ မဟာဘုတ် တွေမှာ ဘယ်မှာအနှစ်သာရရှိနိုင်ပါမလဲ၊ အကြောင်းတွေ ကလဲမခိုင်မြဲ၊ အကျိုးတွေကလဲမခိုင်မြဲ၊ အနှစ်မဲ့ချင်းဒွန်တွဲ နေတဲ့သဘောမျှပါဘဲ။

## သဘောအားဖြင့်အနှစ်သာရမရှိပုံ

ဖြစ်ပေါ်ပြီးတဲ့နောက် တည်နေပုံသဘောအားဖြင့် အ နှစ်သာရများရှိလိမ့်မလားလို့ စဉ်းစားကြအုံးစို့။

ဖြစ်ပေါ်ပြီး ဌီ,အနေအားဖြင့် တည်ရှိတဲ့ ရုပ်ကလာပ် တခုတခုဟာ ပမာဏမပြုနိုင်အောင် သေးငယ် မှုန်မွှား တယ်၊ ဘယ်လောက်ရှိတယ်လို့မှ ဥပမာမပြုနိုင်ဘူး၊ သို့က လောက်သေးသိမ်မှုန်မွှားတဲ့ ရုပ်ကလာပ်ကလေးမှာအနှစ် သာရဟူ၍ မြှုတ္တေမျှရှိနိုင်ပါတော့မလား၊ ဖြစ်ပေါ်တဲ့အခါ ဌီ,အနေအားဖြင့် ခေတ္တကလေးတည်တံ့ကာ ကိုယ်ရောင်ပြ ပြီး ပြိုးကနဲ ချုပ်ကွယ်သွားကုန်ကြတော့တာဘဲ၊ ရုပ်တို့၏

အသက်ဟာ စိတ္တက္ခဏပေါင်း ၁၇-ချက်စာလောက် ရှိတယ်လို့ ကျမ်းဂန်တို့မှာ ပြဆိုတော်မူကြတယ်၊ စိတ္တက္ခဏ ၁၇-ချက်ဆိုတာ ဘယ့်ကလောက်ကြာတယ်လို့ ဥပမာ မပြနိုင်ဘူး၊ လက်ပစ်တတွက်, လျှပ်တပြက်မှာ စိတ္တက္ခဏပေါင်း ကုဋေတသိန်းဖြစ်တယ်၊ ကုဋေတသိန်း ချုပ်တယ်ဆိုတော့ စိတ္တက္ခဏ ၁၇-ချက် စာကလေးမှာ ဘယ့်ကလောက်ကြာတယ်လို့ ဥပမာပြနိုင်ပါအုံးမလား၊ အဲ-သို့ကလို ဖြစ်ဆဲ-အနေအားဖြင့်လဲ အနှစ်သာရမရှိပုံ, ကိုယ်ရောင်ပြကာ တည်တံ့ဆဲအသက်အားဖြင့်လဲ အနှစ်သာရမရှိပုံများကို စူးစူးစိုက်စိုက် ထိုက်ထိုက်-လျောက်လျောက်သဘောပေါက်အောင် စဉ်းစားဆင်ခြင်ကြပေတော့။

## မိရာအားဖြင့်အနှစ်သာရမရှိပုံ

တည်ရာ မှီရာအားဖြင့် အနှစ်သာရ ရှိလိမ့်မလားလို့ စဉ်းစားကြအုံးစို့။

မဟာဘုတ်ဓာတ်ကြီးလေးပါးဆိုတာ တစုံတရာ အနှစ်သာရရှိတဲ့ဝတ္ထုပေါ်မှာ တည်နေကြတာမဟုတ်ဘူး၊ သတ္တဝါပေါ်မှာ တည်နေကြတာလဲမဟုတ်ဘူး၊ စင်စစ်အားဖြင့်ဆိုတော့- မဟာဘုတ်အချင်းချင်းတို့ အပေါ်မှာသာ သဟဇာတသတ္တိသဘော,အညမညသတ္တိသဘော, နိဿယသတ္တိသဘောအားဖြင့် တည်နေကြတယ်။

အဲ-သို့ကြောင့်—

ဧကံ မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ၊ တယော မဟာဘူတေ ပဋိစ္စ ဧကော မဟာဘူတော။

အစရှိသည်ဖြင့် ပဋ္ဌာန်းပါဠိတော်ကြီးမှာ မဟာဘုတ်တို့၏ တည်ပုံ မှီပုံကို ဟောကြားတော်မူခဲ့တာပေါ့၊ မဟာဘုတ်တွေဟာ မစွမ်းသန်တဲ့သူအချင်းချင်း မှီတွယ်အားကိုး၍နေကြတာလို အနှစ်သာရမရှိတဲ့ဓာတ်အချင်းချင်း မှီတွယ်နေရတဲ့အတွက် မှီရာကလဲအနှစ်မရှိ၊ မှီတာကလဲအနှစ်မရှိ၊ အနှစ် မရှိသမားချင်း ဒွန်တွဲနေကြတဲ့ အသာရ သဘောသက်သက်သာဖြစ်ကြတယ်၊ အဲ-သို့ကလို တည်ရာမှီရာအားဖြင့် အနှစ်မရှိပုံများကိုလဲ နက်နက်ကြီး စဉ်းစားလို့ကြည့်ကြပေတော့။

ယခုပြဆိုခဲ့တဲ့အတိုင်း တနည်းနည်းနှင့်မျှ အနှစ်သာရတွေအောင် ရှာဖွေလို့မရနိုင်တဲ့ ရုပ်ခန္ဓာတွေဖြစ်နေတဲ့အတွက်ကြောင့် မဟာဘုတ်ရုပ်ကလာပ်တွေ ဘယ်မျှလောက် အစိုင်အခဲ ကြီးကျယ်အောင် စုပေါင်းနေကြသော်လဲ အဆုံးတရက်မှာ အနှစ်သာရမရှိတဲ့သဘောအတိုင်း ပျက်စီးကွယ်ပျောက်ခြင်းသို့သာ ရောက်ကြကုန်တာပေါ့၊ ဤကမ္ဘာပေါ်မှာ သက်ရှိသက်မဲ့ ဝတ္ထုတွေမှန်သမျှ အနှစ်သာရမရှိတာချင်းဒွန်တွဲကာ စုခဲနေကြတဲ့အတွက်ကြောင့် အဆုံးတရက်မှာ အမွှေအစ ရှာမရအောင် ပျက်စီးကြရမှာ အမှန်ဘဲ၊ မူရင်းသဘောကိုက အနှစ်သာရမရှိတာကိုး၊ ဘယ်လိုပုဂ္ဂိုလ်မျိုးမှ အနှစ်သာရ ရှိအောင် ပြုပြင် ဖန်ဆင်းလို့ရနိုင်ပမယ် ကုန်ကုန် ပြောပါတော့မယ်လေ ရှင်တော်မြတ်ဘုရားပေါင်း အသိန်းအသောင်း စည်းဝေးပြီးပထဝီဓာတ်ကလေး တခုကို အနှစ်သာရ ရှိလာအောင် စွမ်းဆောင်ပြုပြင်တော်မမူနိုင်ကြဘူး၊ပရမတ္ထဓမ္မတွေအပေါ်မှာ

ဘယ်သူမှ ဆရာမလုပ်နိုင်ကြောင်းများကိုလဲ ထင်ရှားစွာ သဘောပေါက်ကြရမယ်။

## နာမ်ခန္ဓာ၌အနှစ်သာရမရှိပုံ

ကဲ-ရုပ်ခန္ဓာမှာ အနှစ်သာရရှာမတွေ့လို့ နာမ်ခန္ဓာ လေးပါးမှာ အနှစ်သာရကလေးများ ရှိကောင်းရှိလိမ့်အုံး မလားလို့ စဉ်းစားဉာဏ်ထုတ်ကြအုံးမလား၊ ဘယ်လိုမှ မစဉ်းစားကြနှင့်တော့၊ နာမ်ခန္ဓာလေးပါးမှာလဲ အနှစ် သာရဆို၍ အငွေ့အသက်မျှမရှိဘူး၊ နာမ်ခန္ဓာ လေးပါးတို့ အထဲမှာ အနှစ်သာရ ရှာစမ်းကြစို့။

(က) ဝေဒနာက္ခန္ဓာဆိုတာကခံစားမှုသဘောကလေး မျှသာရှိတယ်၊အနှစ်သာရဟူ၍ မြူငွေ့မျှ မသန်း ပါဘူး။

(ခ) သညာက္ခန္ဓာဆိုတာက မှတ်သားမှုကလေးသာ ရှိတယ်၊အနှစ်သာရဟူ၍ မြူငွေ့မျှ မသန်းပါဘူး။

(ဂ) သင်္ခါရက္ခန္ဓာ ဆိုတာက ပြုပြင် စေ့ဆော်မှု သဘောကလေးမျှသာရှိတယ်၊အနှစ်သာရဟူ၍ မြူငွေ့မျှ မသန်းပါဘူး။

(ဃ) ဝိညာဏက္ခန္ဓာ ဆိုတာက သိခြင်း သဘောက လေးမျှသာရှိတယ်၊ အနှစ်သာရဟူ၍ မြူငွေ့မျှ မသန်းပါဘူး။

အစိုင်အခဲ ထင်မြင်အောင် ဖြစ်ပေါ်လေ့ ရှိကြတဲ့ ရူပက္ခန္ဓာမှာမှ အနှစ်သာရမရှိပါဘဲ အစိုင်အခဲ မထင်ရှား တဲ့နာမ်ခန္ဓာတွေမှာတော့ အနှစ်သာရရှိဘို့ရာ သာလို့ပင် ဝေးတော့မပေါ့။

## သဘောအားဖြင့်အနှစ်သာရမရှိပုံ

ဖြစ်ပုံသဘောအားဖြင့် အနှစ်သာရ ရှိနိုင်အုံးမလား လို့စဉ်းစားလျှင် နာမ်ခန္ဓာတွေဆိုတာ ဥပါဒ်-ဌီ-ဘင်-ဆို တဲ့ခဏယ် သုံးချက်စာကလေးလောက်သာ အသက်ရှိကြ တယ်၊ ရုပက္ခန္ဓာလောက်မျှ အသက်ရှည်ကြာခြင်း မရှိဘူး၊ ရုပ်ခန္ဓာ၏ဌီကိုမျှ ဘယ်လောက်ကြာမြင့်တယ်လို့ ပမာဏ မပြနိုင်ပါဘဲနှင့်နာမ်ခန္ဓာတို့၏ အသက်ပမာဏကို ဘယ်မှာ ပြနိုင်ပါတော့မလဲ၊ နာမ်ခန္ဓာတွေထက် အဖြစ်အပျက်လျင် မြန်တဲ့သဘောဟာ ဘယ်အခါ- ဘယ်ကမ္ဘာမှာမှ မရှိနိုင် တော့ဘူးလို့ အမြဲမှတ်ထားကြပေတော့၊ လက်ပစ်တတွက် လျှပ်တပြက် အတွင်းမှာ နာမ်ခန္ဓာပေါင်း ကုဋေတသိန်းဖြစ် နိုင်-ချုပ်နိုင်တယ်ဆိုတဲ့ စကားကိုလဲ လက်ကိုင် ထားကြရ မယ်၊သို့ကလိုလျှင်မြန်တဲ့ နာမ်ခန္ဓာတွေမှာ အနှစ်ဆိုစရာ ဘယ်မှာ ရှိနိုင်ပါတော့မလဲ။

## မိရာအားဖြင့် အနှစ်သာရမရှိပုံ

တည်ရာ မှီရာသဘောအားဖြင့် အနှစ်သာရရှိနိုင်အုံး မလားလို့ စဉ်းစားဘို့ရှိသေးတယ်၊နာမ်ခန္ဓာတို့၏ တည်ရာ မှီရာဆိုတာ-နိဿယသဘောအားဖြင့် ဝတ္ထုရုပ်တွေအပေါ် မှာ တည်ကြတယ်၊ သဟဇာတ,သမ္ပယုတ္တသဘောအားဖြင့် နာမ်ခန္ဓာအချင်းချင်းတွေအပေါ်မှာ တည်ကြတယ်၊ ဝတ္ထု ရုပ်တွေဆိုတာလဲ ခိုင်မြဲတဲ့ အနှစ်သာရမရှိ၊ နာမ်ခန္ဓာ အချင်းချင်းတွေဆိုတာလဲ ခိုင်မြဲတဲ့အနှစ်သာရမရှိ၊အဲ-သည် လိုဖြစ်တော့ အနှစ်မရှိတဲ့အပေါ်မှာ အနှစ်မရှိတာတွေ မှီတွယ်ပြီး ဒွန်တွဲကာ ဖြစ်ပွားနေတာဘဲလို့ဆိုရမှာအမှန်ဘဲ

မဟုတ်လား၊ အဲ-သို့ကြောင့် မှီရာသဘောအားဖြင့်လဲ နာမ်ခန္ဓာတွေဟာ ဘာမျှအနှစ်သာရမရှိဘူးလို့ အမြဲမှတ်ကြရမယ်။

နာမ်ခန္ဓာတွေမှာ အဖြစ်အချုပ် မြန်လွန်းတဲ့ အတွက် အစိုင်အခဲ သဘောပေါ်အောင်မျှ ကိုယ်ရောင်မပြနိုင်ရှာကြဘူး၊ အနန္တရပစ္စည်းဖြင့် တခုပြီးမှတခု ဖြစ်ပေါ်ကြတဲ့ အတွက်ကြောင့်လဲ အစိုင်အခဲသဘောသို့ မရောက်နိုင်ရှာကြဘူး။

ရုပ်ခန္ဓာတွေဆိုတာကတော့ နာမ်တွေထက် အသက်ရှည်ကြတယ်၊ ဖြစ်တဲ့အခါမှာလဲ တခုမချုပ်ခင် တခုကထပ်ဖြစ်နိုင်ကြတယ်၊ အဲ-သို့ကြောင့် အစိုင်အခဲ သဘောအားဖြင့် ကိုယ်ရောင်ပြနိုင်ကြသပေါ့၊ အနှစ်မရှိတဲ့တောမှာ ကြက်ဆူပင်မင်းမူဆိုတဲ့စကားလို ရုပ်ခန္ဓာတွေက အနှစ်သာရမရှိသော်လဲ သူတို့လောက်မျှ အသက်မရှည်ရှာကြတဲ့ နာမ်ခန္ဓာတွေအပေါ်မှာ လူမော်လုပ်ပြီး မင်းမူနေကြတာပေါ့လေ။

## နာမ်ခန္ဓာအနှစ်သာရမရှိပုံတနည်း

နာမ်ခန္ဓာတို့၏ အနှစ်သာရမရှိပုံတွေကို အဓိပ္ပါယ်တနည်းဖြင့် ဟောကိန်းထုတ်ကြအုံးစို့ရဲ့။

ခံစားခြင်းဆိုတဲ့ဝေဒနာဓာတ်ဟာ အနှစ်သာရမရှိတဲ့ အတွက် ခဏကလေးနှင့်ဖြစ်ပြီး ခဏကလေးနှင့် ပျက်သွားတယ်၊ ခံစားတဲ့အခိုက်ကလေးမှာသာ ခံစားခြင်း သဘောရိပ်ခနဲထင်ရှားသွားတယ်၊ ချုပ်ဆုံးသွားတဲ့နောက် မကျန်ရစ်ဘဲ အဆုံးစွန်ပျောက်သွားကုန်တော့တာဘဲ၊ အဲ-သို့

ကြောင့် သတ္တဝါအနန္တတွေဟာ အာရုံအမျိုးမျိုးနှင့် ခံစား လိုက်ကြတဲ့ ဝေဒနာတွေ အသင်္ချေနှင့် အနန္တော ပြော၍လို့ မဆုံးနိုင်ဘူးမဟုတ်လား၊ သည်တဘဝမှာ ခံစားကြတာ မဟုတ်၊ ဘဝပေါင်းများစွာတွေက ခံစားလိုက်ကြတဲ့ ဝေဒ နာတွေကိုလဲ ပြန်လို့စဉ်းစားလိုက်ကြစမ်းပါအုံး၊ သည်လို ခံစားလိုက်တဲ့ ဝေဒနာတွေဟာ ဘယ်မှာရှာဘွေစုံစမ်းလို့ ရသေးသလဲ၊ ဘာ့ကြောင့် သည်လိုဖြစ်ရသလဲ ဆိုတော့- အနှစ်သာရမရှိတဲ့အတွက် ဖြစ်ပြီးပျက်ကုန်လို့ပေါ့။

သည်လိုဖြစ်နေတာကို ခံစားခြင်းကိစ္စအတွက်လိုက်စား လို့ စခန်းသတ်နိုင်အုံးတော့မလား၊ခံစားလို့မဝနိုင်၊ခံစား ပြီး ခံစားချင်လျက်နှင့်သာ နေ့ရက်ရှိသမျှနေထိုင်ကြရတယ် မဟုတ်လား၊ ဝေဒနာဆိုတဲ့ နာမ်ဓာတ်ဟာ အနှစ်သာရ ရှိလို့ တဘဝလောက် ခံစားပြီး ပြဒါးသေတယ်ဆိုတာလို သိဒ္ဓိဓာတ်ကိုရပါလျှင် ဘယ်မှာအဖန်ဖန်ခံစားဘို့ အလုပ် ကို လုပ်နေဘွယ် ရှိပါအုံးတော့မလဲ။

သညာက္ခန္ဓာတွေမှာလဲ မှတ်လိုက်ရတဲ့ အမှတ်အသား တွေ ဘဝတိုင်း, ဘဝတိုင်းက မှတ်သားလာလိုက်ရတဲ့ အ မှတ်အသားတွေ ဘယ်မှာ အဖတ်တင်တယ်လို့ ရှိသလဲ၊ ဟိုဘဝလဲမှတ်၊ သည်ဘဝလဲမှတ်၊ နောင်ဘဝလဲမှတ်၊ မှတ် လို့ကိစ္စမတုံးနိုင်ဘူး၊ ဘာ့ကြောင့် သည်လိုဖြစ်ရသလဲဆို တော့-သညာက္ခန္ဓာက အနှစ်သာရနှင့် ခိုင်မြဲတဲ့ သဘောမ ဟုတ်လို့-မှတ်သားပြီး ပျက်စီး ပျောက်ကွယ် ကုန်ကြတယ်၊ အဲ—သို့ကြောင့် အမှတ်သညာတွေဟာ အဖတ်မတင်နိုင် အောင်ရှိနေတာပေါ့။

သင်္ခါရက္ခန္ဓာမှာလဲ ပြုပြင်လိုက်ရတဲ့ အပြုပြင်မျိုးတွေ, လိုချင်လိုက်ရတဲ့ အလိုချင်မျိုးတွေ လက်ဖျားဝေနေတာဘဲ မဟုတ်လား၊ သည်လိုပြုပြင်စေ့ဆော်ရတဲ့ ကိုယ်အမူအရာတွေ, နှုတ်အမူအရာတွေ, စိတ်အမူအရာတွေဟာ ဘယ်မှာရှာဘွေလို့ရနိုင်သလဲ၊ ဘဝတိုင်းက ပြုလုပ်ခဲ့ရတဲ့ သင်္ခါရက္ခန္ဓာတွေများကို စဉ်းစားလို့ ကြည့်လိုက် ကြစမ်းပါ၊ ဥပမာ-ကုသိုလ်ကံတခုကို ပြုပြင်လိုက်တဲ့အတွက် မပျက်မစီးနိုင်အောင် အကျိုးပေးနေမယ်ဆိုလျှင် ထိုကဲ့သို့သော ကုသိုလ်မျိုးကို ထပ်ခါ-ထပ်ခါ ဘယ်မှာပြုလုပ်ဘို့ရှိပါတော့မလဲ၊ယခုတော့ ပြုလုပ်လိုက်ရတဲ့ သင်္ခါရကိစ္စတွေ ရှေးဘဝဟောင်းကလဲပြုပြီး; ယခုဘဝမှာလဲပြုဆဲ, နောင်ဘဝမှာလဲ ပြုရလတုံ၊ ဖတ်ဖတ်သာမောပါရော အတောသတ်ဘို့လမ်းမရှိပါဘူး၊ အဲ-သို့ကလို ဖြစ်ရတာ ဘာကြောင့်လဲလို့ ဆိုတော့- သင်္ခါရက္ခန္ဓာတွေက အနှစ်သာရမရှိလို့ ခဏကလေးနှင့်ဖြစ်ပြီး ပျောက်ဆုံး ချုပ်ကွယ်ကုန်ကြတယ်၊ အဲ-သို့ကြောင့် သင်္ခါရက္ခန္ဓာတွေဟာ ဘယ်လိုပင်ပြုပြု ဘာတခုမှအဖတ်မတင်ဘဲ ပြုပြင်မြဲ ပြုပြင်နေကြရတာပေါ့။

ဝိညာဏက္ခန္ဓာမှာလဲ သိလိုက်ရတဲ့ အသိတွေ ကမ္ဘာအသချေမဆုံးနိုင်အောင်ဘဲ မဟုတ်လား၊ ဟိုဘဝမှာလဲ သိအောင်ပြုရ,သည်ဘဝမှာလဲ သိအောင်ပြုရ, နောင်ဘဝမှာလဲ သိအောင်ပြုကြရလိမ့်မယ်၊ သိလို့ဘဲကိစ္စမတုံးနိုင်ဘူး၊ မီးခိုးမဆုံး မိုယ်းမဆုံးဖြစ်နေတာပေါ့၊ ဘာကြောင့် သည်လိုဖြစ်ရသလဲလို့ ဆိုတော့- ဝိညာဏက္ခန္ဓာတွေက အနှစ်သာရမရှိဘဲကိုး၊ ဖြစ်ပြီး ပျက်စီး ကွယ်ပျောက်ကုန်တာပေါ့၊ သည်တော့ ဘယ်မှာ အဖတ်တင်နိုင်ပါ့မလဲ၊ တသိထဲသိ

အောင် လုပ်နေကြရတာပေါ့၊ သည်ဘဝကသိသမျှတွေဟာ နောင်ဘဝကျတော့ ပါမသွားတော့ဘူး၊ အသစ်တဖန်သိ အောင်ဟာ ထူထောင်၍ ကြိုးစားကြရလိမ့်မယ်၊ အဲ-သို့က လို ပြဆိုခဲ့တဲ့အတိုင်း နာမ်ခန္ဓာတွေ၏ အနှစ်သာရမရှိပုံ များကိုလဲ ထင်ရှားစွာ နှလုံးသွင်းကြရမယ်။

ခန္ဓာငါးပါးတို့၏ အနှစ်သာရ မရှိပုံများကိုလဲ- ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော်ကြီးမှာ—

၁။ ရူပက္ခန္ဓာက ရေမြှုပ်ခဲကြီးနှင့် တူတယ်။

၂။ ဝေဒနာက္ခန္ဓာက မိုယ်းရွာတဲ့အခါ ရေပြင်မှာပေါ် တက်တဲ့ ရေပွက်ကလေးတွေ များနှင့်တူတယ်။

၃။ သညာက္ခန္ဓာက တံလျှပ်တွေနှင့် တူတယ်။

၄။ သင်္ခါရက္ခန္ဓာက အနှစ်မပါ ဗလာသုဥ်းတဲ့ငှက်ပျော တုံးကြီးတွေနှင့် တူတယ်။

၅။ ဝိညာဏက္ခန္ဓာက မျက်လှည့်ဆရာတွေလိမ်လည်၍ ပြတဲ့မျက်လှည့်ရုပ်တွေနှင့်တူတယ်-

လို့ရှင်တော်ဘုရားဟောကြားတော်မူခဲ့ပေတယ်။

အဲ-သည်လိုပြဆိုအပ်တဲ့ ဥပမာတွေဟာ စင်စစ်မှာတော့ အနှစ်သာရ မရှိပုံတွေကို ပြဆိုတော်မူတာဘဲ မဟုတ်လား၊ မြစ်ထဲမှာမျောလာတဲ့ ရေမြှုပ်အစိုင်အခဲကြီးတွေမှာ အနှစ် သာရရှိကောင်း ရှိလိမ့်မလားလို့ရှာလျှင် ကမ္ဘာကုန်ဆုံး သော်လဲ အနှစ်တွေ့လိမ့်မယ် မဟုတ်ဘူး၊အနှစ်တွေ့နိုင်ပါ့ မလား၊မူလရင်းကိုယ်ကအနှစ်သာရရှိတဲ့အမျိုးမှ မဟုတ်ဘဲ ကိုး၊ရေမြှုပ်စိုင်ခဲကြီးတွေကို များစွာစုဆောင်းပြီးကျောင်း

ဆောက်ဘို့,အိမ်ဆောက်ဘို့,ခြံကာဘို့,မီးဆိုက်ဘို့,အရုပ်ထုဘို့,ပန်းထုဘို့မှစ၍ အသုံးချစရာတနေရာကမှအသုံးကျလိမ့်မယ်မဟုတ်ဘူး။

## နှိုင်းယှဉ်ပြချက်

၁။ အဲ-ရူပက္ခန္ဓာတွေဆိုတာလဲ သည်ရေမြှုပ်စိုင်ကြီးတွေလိုဘဲ ဓာတ်ခွဲပညာနှင့်အနှစ်ရှာလျှင် ကမ္ဘာအနန္တတွေသာကုန်လိမ့်မယ်၊ ဘယ်အခါမှာမှ အနှစ်သာရကို တွေ့နိုင်မယ်လို့မဟုတ်ဘူး၊ သို့ကလိုအနှစ်မရှိတဲ့ရုပ်ကြီးကို "ငါဘဲ, သူဘဲ,ငါ့ကိုယ်ဘဲ,သူ့ကိုယ်ဘဲ"ရယ်လို့ အစွဲအလမ်းပြုနေမယ်လို့ဆိုလျှင် ထိုထက်မှားတဲ့အမှားမရှိတော့ဘူး။ဥပမာ-သူရူးတယောက်ဟာ ရေမြှုပ်ကြီးတွေ့ကိုမြင်တဲ့အခါ အိမ်ဆောက်ရအောင်,အရုပ်ထုရအောင် အားရပါးရရှာဘွေစုဆောင်းသော်လဲ စုဆောင်းရင်းပျက်စီး ကုန်တယ်၊ပျက်စီးကုန်သော်လဲ အရူးကဖြင့် အရေးတကြီး စုဆောင်းတုန်းဘဲ၊ သည် ဥပမာမှာ ရူပက္ခန္ဓာကို "ငါဘဲ,သူဘဲ" ထင်မြင်ပြီး တွင်တွင်ကြီးအားကြီးမာန်တက် သိမ်းပိုက်ကြတာ အရူးကအထင်လွဲပြီး ရေမြှုပ်ခဲကြီးတွေကို စုဆောင်းနေကြတာနှင့် မတူကြဘူးလား၊အရူးစုဆောင်းတဲ့ ရေမြှုပ်ခဲကြီးတွေဟာ စုဆောင်းရင်းပျက်စီးကုန်တာလို ငါငါထင်မှတ်ပြီး အတ္တဒိဋ္ဌိအစွဲအလမ်းနှင့် သိမ်းပိုက်ထားတဲ့ ရူပက္ခန္ဓာ တွေဟာလဲ သိမ်းပိုက်ထားရင်း အတင်းပျက်စီး နေကြပုံများကို ထင်မြင်အောင် စဉ်းစားဆင်ခြင်ကြရမယ်။

၂။ ဝေဒနာက္ခန္ဓာက ရေပွက်ကလေးတွေနှင့်ဥပမာတူသတဲ့၊အလွန်ကောင်းတဲ့ ဥပမာဘဲ၊ သည်ကိုယ်ခန္ဓာကြီးမှာ နေရာတကာတိုင်းက ပွက်လိုက်ထာ ဝေဒနာရေပွက်က

လေးတွေဟာ အပ်သွားချစရာတောင်မကျန်ဘူး၊ ခြောက် ဒွါရမှာ ဝေဒနာရေပွက်ကလေးတွေဖြစ်ပုံများကို ဝိပဿ နာတရားနှင့်ဆင်ခြင်ကြစမ်းပါ၊ ဘယ်နေရာမှာဝေဒနာ မ ပွက်နိုင်တဲ့ နေရာရှိသေးသလဲလို့၊ ရေပွက်ကလေးတွေမှာ အနှစ်သာရရှိကြရဲ့လား၊ခဏကလေးပွက်ပြီး ခဏကလေး နှင့် ပျက်သွားတယ်၊ ဘာမျှမကြာလိုက်ခင်ဘူး၊ ဘာ့ကြောင့် သည်လိုဖြစ်ရသလဲလို့ဆိုတော့- အနှစ်သာရမရှိလှတဲ့ အ တွက်ကြောင့်ပေါ့။

အရှုံးတယောက်ကရေပွက်ကလေးတွေကို မြင်တဲ့အခါ လွန်စွာလှပတဲ့ ရွဲလုံးကလေးမှတ်လို့ ရေပြင်ထဲ ဆင်းပြီး စုဆောင်းရာ ဘမ်းလို့မမိခင် ရေပွက်တွေ ပျက်ကုန်တယ်၊ အထိတောင်မခံဘူး၊ အဲ-သည် ဥပမာလိုဘဲ ဝေဒနာတွေကို ငါခံစားတယ်ဆိုတဲ့ ဒိဋ္ဌိအစွဲဖြင့် သဲသဲမဲမဲစွဲလမ်းသော်လဲ ဝေဒနာရေပွက်ကလေးတွေဟာ ဖမ်းလို့မှမမိလိုက်ခင်ဘူး၊ အလျင်တဆောပျက်စီးကုန်တာဘဲ၊ ဘယ်အခါမှ ဝေဒနာ အခိုင်အမြဲကိုရဘူးသလဲလို့ စဉ်းစားကြစမ်းပါ၊ ရေပွက် မှာ အနှစ်မရှိတာလို ဝေဒနာမှာလဲအနှစ်မရှိဘူး။

၃။ သညာက္ခန္ဓာကတံလျှပ်နှင့်တူသတဲ့၊ တံလျှပ်ဆိုတာ နေပူတဲ့ကွင်းပြင်များမှာ ခပ်ဝေးဝေးကနေပြီးကြည့်တဲ့ အ ခါ တလျှမ်းလျှမ်းမြင်ရတဲ့အာရုံတွေကိုခေါ်တယ်၊ တံလျှပ် ဆိုတာ ရေပြင်ကြီးနှင့် အလွန်တူတာကလား၊ တံလျှပ် မှာအနှစ်သာရရှိမည်ဝေးလို့ အနီးသို့သွားတဲ့အခါ ဘာမျှ ရှိတာမျိုးမဟုတ်ဘူး၊မှတ်ထင်တဲ့ သညာတွေဟာလဲ တံလျှပ် တွေလိုဘဲ၊ ပရမတ္ထဉာဏ်ဖြင့် ဆင်ခြင်၍ ကြည့်လိုက်တဲ့အခါ မှတ်ထင်တဲ့အတိုင်း ဘာတခုမျှမဟုတ်ဘူး။

သမင်တကောင်သည် ရေငတ်ငတ်နှင့် တံလျှပ်ကို ရေထင်တဲ့အတွက် အရေးတကြီးလိုက်တဲ့အခါ ရေတပေါက်မျှ မတွေ့ရဘဲ လိုက်ရင်း-လိုက်ရင်း မောဟိုက်ပင်ပန်းကာ သေရရှာသတဲ့၊ သည်ဥပမာအတိုင်း ဤလောကတွင် သညာမှတ်ထင်တဲ့အတိုင်းလိုက်စားကြရာ အဆုံးသတ်တော့ တံလျှပ်နှင့်အတူ အချည်းနှီး ဖတ်ဖတ်မော၍ သံသရာတကြောမှာ အိုခြင်း,နာခြင်း,သေခြင်းဆိုတဲ့ ဘေးကြီးတွေနှင့်သာ တလုံးလုံးတထွေးထွေး နှစ်မျောကြရတော့တာဘဲ၊ အတ္တဒိဋ္ဌိနှင့်ယှဉ်တဲ့သညာက ငါငါရယ်လို့ မှတ်ထင်နေရာ ပရမတ္ထဓာတ်ခွဲပညာနှင့် ရှာဖွေလိုက်လံတဲ့အခါ ငါဆိုတာကို ဘယ်မှာမှ မတွေ့နိုင်တော့ဘူး၊ အဲ-သို့ကြောင့် သညာက္ခန္ဓာဆိုတဲ့နာမ်ဓာတ်ဟာလဲ၊ တံလျှပ်သဘောနှင့်အတူ အနှစ်ဟူ၍ မြူမျှမရှိနိုင်ဘူး။

၄။ သင်္ခါရက္ခန္ဓာက ငှက်ပျောတုံးနှင့်တူသတဲ့၊ သိကြတဲ့အတိုင်း ငှက်ပျောတုံးမှာ အနှစ်သာရမရှိဘူး၊ သင်္ခါရက္ခန္ဓာခေါ်တဲ့စေတသိက် ၅၀-မှာလဲ ဘယ်ဟာတခုမှာမှ အနှစ်သာရမရှိဘူး၊သူရူးတယောက်ဟာ ငှက်ပျောတုံးကြီးတွေကို တွေ့တဲ့အခါ နေရာကျလှပြီ၊အိမ်ဆောက်ရအောင်လို့ များစွာစုဆောင်းပြီး အနှစ်ကျန်အောင် အဖတ်အဖတ်တွေကို အလှပ်အလှပ် ခွာလိုက်ရာ ငှက်ပျောတုံးကြီးသာကုန်ပါရော အနှစ်သာရမတွေ့ဘူး၊ အဲ-သည် ဥပမာလိုသင်္ခါရက္ခန္ဓာတွေမှာ အလှပ်လှပ်ခွာပြီး အနှစ်ရှာသော်လဲ အဆုံးသတ်တော့ အကာဖတ်တွေကိုသာ တွေ့ရလိမ့်မယ်၊ အနှစ်သာရဆို၍ ဘယ်တော့မှတွေ့မှာမဟုတ်ဘူး၊ သင်္ခါ

ရက္ခန္ဓာတွေကို ငါဘဲ,သူဘဲ,အထင်လွဲ၍ အစွဲကြီးစွဲနေကြ သည်မှာ အရူးကငှက်ပျောတုံးမှာ အနှစ်ရှိလိမ့်မယ် ထင်သလိုဘဲ။

၅။ ဝိညာဏက္ခန္ဓာက မျက်လှည့်ရုပ်နှင့် တူသတဲ့၊ မျက်လှည့်ရုပ်ဆိုတာက သရက်သီးမဟုတ်ထာကို သရက်သီးထင်အောင်လိမ်၍ ပြတယ်၊ သခွားသီး မဟုတ် ထာကို သခွားသီးထင်အောင် မျက်လှည့်ပညာနှင့် လိမ်၍ပြတယ်၊ ငွေမဟုတ်ထာကိုငွေထင်အောင်၊ရွှေမဟုတ်ထာကို ရွှေထင်အောင် လိမ်၍ ပြတယ်၊ မျက်လှည့်ပြပွဲမှာ ကြည့်နေတဲ့သူများကတော့- တိမ်တိမ်ကလေးနှင့် ကြည့်ကြတဲ့အတွက် တကယ့်အဟုတ်တွေလိုဘဲထင်ကြရတယ်၊ တကယ်ဆိုတော့ ဘယ်မှာအစစ်တွေ ဟုတ်နိုင်ပါမလဲ၊ အဲ-သို့ကလို ဝိညာဏက္ခန္ဓာဆိုတာက လွန်စွာ မျက်လှည့်အပြကောင်းတယ်၊ မျက်လှည့် ဆရာတို့တွင် ဝိညာဉ်ဆိုတာ ဒိသာပါမောက္ခ မျက်လှည့်ဆရာကြီးဘဲလို့ မှတ်ကြပေတော့။

မျက်လှည့်ပညာဖြင့် လိမ်လည်၍ပြတဲ့ မျက်လှည့်ရုပ်တွေမှာ အနှစ်သာရတစုံတခုမျှမရှိတာလို သိခြင်းဆိုတဲ့ဝိညာဏက္ခန္ဓာမှာလဲ ဘာတခုမျှအနှစ်သာရမရှိဘူး၊ နောက်က ပြောပြခဲ့တဲ့ အတိုင်းသိမှုဆိုတဲ့ ဝိညာဉ်တွေဟာ အထင်နှင့်အမြင် ကွာခြား၍ ဘွားကနဲဖြစ်ပြီး ဖြုံးကနဲ ကွယ်ပျောက်ကုန်ကြတာဘဲ၊မျက်လှည့်ပွဲကြည့်ပြီးတဲ့အခါ ဘာမျှအသုံးမကျသလို,အနှစ်သာရမရှိသလို ဝိညာဉ်တွေဟာလဲဘယ်အခါမှ အဖတ်တင်တယ်လို့မရှိဘဲ ဖြစ်ပြီးတဲ့အခါ ဘာမျှအသုံးမကျတော့ဘူး၊အဲ-သို့ကြောင့် ဝိညာဏက္ခန္ဓာကို အနှစ်သာရမရှိဘူးလို့ ဆိုတာပေါ့။

ခန္ဓာငါးပါးလုံးမှာ ဥပမာနှင့်တကွ အနှစ်သာရမရှိပုံတွေကို ရှင်တော်ဘုရားဟောကြားတော်မူတဲ့ ဥပမာတော်ကြီးအတိုင်း အလှိုင်းတကြီး ဉာဏ်ဖွင့်၍ ဆင်ခြင်တဲ့အခါ အနှစ်သာရမရှိပုံတွေကို ထင်မြင်လာလိမ့်မယ်၊ အနှစ်မရှိပုံတွေကို ထင်မြင်တဲ့အခါ "အသာရကဋ္ဌေနအနတ္တာ" ဆိုတဲ့အတိုင်း "ငါ-ငါ" ဆိုတဲ့ အတ္တဒိဋ္ဌိအထင်တွေ ကင်းကွာသွားလိမ့်မယ်၊ ထိုအခါ အနတ္တဝိဇ္ဇာလမ်းကြီးပေါက်၍ သိဒ္ဓိမြောက်ပြီလို့မှတ်ကြရမယ်၊ အနတ္တဝိဇ္ဇာမိုရ်လုပ်ငန်းကြီးဟာ သာသနာတော် အတွင်းမှာမှ ပေါ်ပေါက်မြဲ ဓမ္မတာ ဖြစ်တယ်၊ သာသနာပတဲ့အခါတို့မှာ အနတ္တာဝိဇ္ဇာလမ်းကြီးဟာ မှောင်ထုကြီးပိတ်ကာ၍ အဝိဇ္ဇာဖုံးလွှမ်းတဲ့အတွက် စမ်းသပ်ရှာဖွေလို့ တစွန်းတစမျှမတွေ့နိုင်ဘူး၊ အနတ္တဆိုတဲ့အသံများကို ကြားတောင်မကြားနိုင်ကြဘူး။

---

## အဝသဝတ္တနုသဘောဆင်ခြင်ပုံ

ကဲကဲ-အလိုသို့မလိုက် အကြိုက်သို့မပါတဲ့-အဝသဝတ္တနုသဘောကြီးကို ဟောကြအုံးစို့ရဲ၊ အတ္တထင်၍ နေကြတာဘာ့ကြောင့်လဲဆိုတော့- မိမိတို့အလိုသို့လိုက်၍ အကြိုက်သို့ပါတယ်ဆိုတဲ့ အထင်ကြောင့် အတ္တ အမြင်နှင့်စွဲလမ်း၍ နေကြတယ်၊ အလိုလိုက်တယ်လို့ အတ္တဒိဋ္ဌိ ထင်မြင်ပုံက တိမ်တိမ်ကလေးနှင့် အပေါ်ရံကလေးမျှသာ ထင်မြင်ခြင်းဖြစ်တယ်၊ဘယ်လို အပေါ်ရံကလေးနှင့် တိမ်တိမ်ကလေးလဲလို့ဆိုတော့- ငါသွားချင်လျှင် သွားနိုင်တယ်၊ ငါလာချင်လျင်လာနိုင်တယ်၊ ငါထိုင်ချင်လျှင် ထိုင်နိုင်တယ်၊ သို့ကလို

တိမ်တိမ်အပေါ်ရံကလေးတွေကို ရှုမြင်ပြီး သည်ခန္ဓာကိုယ်ကြီးဟာ အလိုသို့လိုက်၍ အကြိုက်သို့ပါနေတယ်လို့ထင်နေတာလား၊ သို့ကလိုထင်မြင်တဲ့ သွားခြင်း,လာခြင်း စသည်တို့ကိုပင်—

၁။ ငါ့အလိုကြောင့် သွားတာလား၊ ငါ့အလိုကြောင့် လာတာလားလို့ စဉ်းစားစရာရှိသေးတယ်။

၂။ သွားခြင်းဆိုတာ ပုဂ္ဂိုလ် သွားတာလား၊ သတ္တဝါ သွားတာလား-စစ်ဆေးဘို့ရှိတယ်။

ဘယ်လိုစစ်ဆေးမလဲလို့ဆိုတော့- သွားခြင်းကြိယာမှာ မူလပဌမ ဇောစိတ်တွေက သွားလိုတဲ့- စေတနာဖြစ်ပေါ်လာတယ်၊ထိုအခါ ဝါယောလွန်တဲ့ စိတ္တဇရုပ်တွေကို သွားလိုတဲ့စိတ်က ဖြစ်ပေါ်အောင် ထူထောင်ပြီး လှုပ်ရှားစေတယ်၊ သည်လိုရုပ်နာမ်နှစ်ပါး အချင်းချင်း ကျေးဇူးပြုပြီး စီမံလိုက်ကြတဲ့အခါသည်ကိုယ်ခန္ဓာကြီးဟာ ရှေးအမူအရာမှ လဲပြောင်း၍ အဟောင်းစွန့်ပစ် အသစ် ထူထောင်ကာ လှုပ်ရှားတဲ့အမူအရာဖြင့် တွေ့လာတယ်၊ ဝါယော လွန်ကဲသောစိတ္တဇရုပ်တို့က ဦးစီး,ဦးကိုင်လုပ်ပြီးရုပ်ကောင်ကြီး၏ လှုပ်ရှားတဲ့ အမူအရာကိုပင် အတ္တဒိဋ္ဌိက ငါသွားတယ်လို့ စွဲလမ်းလိုက်ပါရော့။

စင်စစ်မှာ-ဟောပြခဲ့ပြီးတဲ့အတိုင်း အကျိုးနှင့် အကန်းတို့၏အချင်းချင်း အသင်းပေါင်းဖွဲ့ကာ သွားခြင်း အစရှိတဲ့ အမူအရာတွေကို ဆောင်ရွက်သလို ရုပ်ဓာတ်, နာမ်ဓာတ် နှစ်ရပ်စုပေါင်းပြီး လှုပ်ရှားတဲ့သဘောကိုပင် သွားတယ်လို့ မှတ်ထင်တော့တာပါဘဲ။

၁။ နာမ်က အလုပ်အရှားခိုင်းတယ်။
၂။ ရုပ်က လုပ်ရှားတယ်။

ဘယ်သတ္တဝါမှသွားတာလဲမဟုတ်ပါဘူး၊ လှုပ်ရှားခြင်း သဘောမျှပါဘဲ၊ ရုပ်,နာမ်တို့၏ ပြုမူခြင်း-ဗျာပါရမှတပါး သတ္တဝါတို့၏ ဗျာပါရရယ်လို့ မရှိ၊ သတ္တဝါရယ်လို့မရှိဘူး၊ သို့ကလိုရုပ်, နာမ်နှစ်ပါးတို့၏ အချင်းချင်း စည်းလုံးကာ သမ္မိရသတ္တိဖြင့် ပြုပြင်ခြင်း, ကျေးဇူးပြုခြင်းတွေကို သေချာ စွာမြင်နိုင်ပါလျှင် ငါဆိုတာမရှိ၊ ငါ၏အမှုအရာဗျာပါရဆို တာမရှိကြောင်းကို ကောင်းကောင်းကြီး မြင်လာလိမ့်မယ်၊ သည်လိုမြင်တဲ့အခါ အတ္တခေါ်တဲ့သတ္တဝါလဲမရှိ၊သတ္တဝါတို့ ၏အလိုလဲမရှိ၊ အလိုသို့လိုက်တဲ့သဘောမရှိပုံကို စုံလင်စွာ သိမြင်လာလိမ့်မယ်၊ ထိုအခါ အလိုသို့မလိုက်တဲ့ အဝသ ဝတ္တနုသဘောဖြင့် အနတ္တစင်စစ် အမှန်ဖြစ်ပါတကားလို့ ဘွားဘွားကြီး ထင်မြင်ပြီး အနတ္တဝိဇ္ဇာလမ်းကြီး ပေါ်လာ ပါရော၊ငါထိုင်လိုလျှင်ထိုင်နိုင်တယ်၊ ငါထလိုလျှင် ထနိုင် တယ်-စသည်ဖြင့် မိမိအလိုသို့လိုက်နေသလိုလို ထင်နေပုံ များကို သည်နည်းအတိုင်း စဉ်းစားဆင်ခြင်ကြလေတော့။

အတ္တဒိဋ္ဌိ ထင်မြင်ပုံက-ခန္ဓာငါးပါး အစုအပုံ ဖြစ်တဲ့ သည်ကိုယ်ကြီးကို အလိုလိုက်တဲ့ကိုယ်ကြီးဘဲ၊သည်ကိုယ်ကြီး ဟာ ငါဘဲ၊ ငါအစိုးပိုင်တဲ့ ကိုယ်ကြီးဘဲလို့- ထင်မြင်တယ်၊ အချုပ်အားဖြင့် ဆိုလိုက်တော့ ကိုယ်ကောင်တွေ ဖြစ်နေတဲ့ ခန္ဓာငါးပါးကြီးကို ငါပိုင်တယ်၊ငါအစိုးရတယ်၊ ငါ့အလိုသို့ လိုက်တယ်လို့ ထင်မြင်နေတာကလား၊ သို့ကလို အတ္တဒိဋ္ဌိ ထင်တဲ့အတိုင်းမဟုတ်ဘဲ အစိုးရပုံ,အလိုသို့ လိုက်ပုံများကို

ထင်ရှားအောင်ဟောပြရလိမ့်မယ်၊ခန္ဓာငါးပါးတို့တွင် ရုပ်ခန္ဓာကြီး၏အလိုမလိုက်ပုံကိုသည်လိုမှတ်သားကြပေတော့။

## ရုပ်ခန္ဓာကြီး၏အလိုမလိုက်ပုံ
## သုတ္တန်နည်း

သုတ္တန်နည်းအားဖြင့် အလိုမလိုက်ပုံတွေကို ရှေးဦးစွာခပ်ကြမ်းကြမ်းဟောပြမယ်၊သံသရာ့ဓမ္မတာဖြစ်တဲ့ ပဋိသန္ဓေနေခြင်း,အိုခြင်း, နာခြင်း, သေခြင်း ဆိုတဲ့သဘောများကိုသတ္တဝါတို့ကအလိုမရှိကြ၊အိုနာသေဘေးမှကင်း၍ အတည်ထာဝရချမ်းသာစွာ နေထိုင်ရခြင်းကိုမှ အလို ရှိကြတယ်၊အလိုရှိတဲ့ အတိုင်း သည်ကိုယ်ကြီးက အလိုသို့လိုက်၍အကြိုက်သို့ ပါသလားလို့ ဆိုတော့- အထင်အရှားကြီးပါဘဲ၊ဘယ်အခါမှာမှအလိုလိုက်၍အကြိုက်သို့မပါဘူး။

၁။ မအိုချင်ပါဘဲနှင့် အဘိုးအိုကြီးတွေ, အမယ်အိုကြီးတွေ ဖြစ်သွားကြ ရတယ်၊ ငယ်ရွယ် ပျိုနု စဉ်အခါ တုန်းကတော့ ပြည့်ပြည့်ဖြိုးဖြိုးနှင့်ကြည့်ရှုလို့ အတင့်တယ်သားပါဘဲ၊အတန်ကြာလာပြီဆိုတော့ အိုရုပ်တွေပေါ်လာပြီး တစတစ လူအိုကြီးအဖြစ်သို့ရောက်သွားကြရတယ်၊ အိုခြင်းဆိုတဲ့ ဓမ္မာတာကြီးဟာ လွန်စွာကြောက်ဘွယ် ကောင်းပါကလား၊ သည်တဘဝကလေးမှာ တချွေ ခြောက်သလိုသည်ကိုယ်ကြီးဟာ နာနာဘာဝအဖြစ်သို့ ရောက်သွားတယ်၊အိုတဲ့အခါ ကြောက်စရာမကောင်းကြဘူးလား၊တကယ်လို့အစိုးတရနှင့် အလိုသို့လိုက်ပါလျှင် အိုနိုင်ပါအုံးမလားလို့စဉ်းစား ကြည့်ကြစမ်းပါ၊ ရုပ်ခန္ဓာတို့၏ တဖြေးဖြေး ဇရာ

သဘောတွေ ပေါ်လောကြီးပေါ်လာတာကိုပင် အတ္တဒိဋ္ဌိက ငါအိုတယ်လို့ စွဲလမ်း လိုက်သေးတယ်၊ ဘယ်နေရာမှာမှ လွတ်တယ်လို့မရှိဘဲ လက်ဝါးကြီး အုပ်ပြီး စွဲလမ်းတဲ့ဒိဋ္ဌိ ကြီးဘဲနော်။

၂။ သတ္တဝါတွေဟာ မနာချင်ပါဘဲနှင့် ရောဂါသယ် ကြီးတွေ,လူနာကြီးတွေဖြစ်ကြရတယ်၊ ကျန်းကျန်းမာမာနှင့် တပျော်တပါးနေတဲ့သူများဟာ တခါတခါ သူနာကုတဲ့ဆေး ရုံကြီးပေါ်သို့ ရောက်သွားကြရတယ်၊ ကျန်းမာ၍ နေရာက ဖြိုးကနဲလူနာကြီးဖြစ်သွားတာဟာ လွန်စွာ ကြောက်စရာ ကောင်းတာဘဲ၊ ရုပ်ခန္ဓာတို့၏ ဘောက်ပြန် သောင်းကျန်း သဖြင့် တမျိုးတမည် ပျက်စီးယိုယွင်းမှုတွေကို အတ္တဒိဋ္ဌိဆိုး ကြီးက ငါနာတယ်၊ ငါရောဂါသည်ကြီး ဖြစ်နေတယ်လို့ လက်ဝါးကြီးအုပ်ပြီး စွဲလမ်းလိုက်သေးတယ်။

၃။ သတ္တဝါတွေဟာ မသေချင်ပါဘဲနှင့်လဲ သေသွား ကြရတယ်၊ အသက်ဝိညာဉ်နှင့် အရှင်လတ်လတ် နေရာက လူသေကောင်ကြီးဖြစ်သွားရတယ်၊ မြို့တွင်း, ရွာတွင်းမှာ ပျော်ရွှင်စွာနေရာက သင်းချိုင်းသို့ ရောက်သွားကြရတယ်၊ သေခြင်းဆိုတဲ့ မရဏသဘောကြီး လောကမှာ ရှိနေတာ သတ္တဝါတို့၏ အကြီးဆုံးဖြစ်တဲ့ ရန်သူကြီးဘဲနော်၊ သေခြင်း ဆိုတာ ရှင်တော်မြတ်ဘုရား ကိုယ်တော်မှ ညှာတာထောက် ထားခြင်းမရှိဘူး၊ နာမ်ခန္ဓာနှင့် ကမ္မဇရုပ်ခန္ဓာတို့၏ ချုပ် ခြင်းကိုပင် သတ္တဝါသေတယ်လို့ အတ္တဒိဋ္ဌိကြီးက စွဲလမ်း လိုက်သေးတယ်။

၄။ သေပြီးနောက် မဖြစ်ချင်တော့ပါဘူးလို့ ဘယ်လို ပင် တောင့်တသော်လဲ မဖြစ်ဘဲနေရလိမ့်မယ်များ မထင်

စားကြနှင့်၊ သေတဲ့နောက်နားက ဘာ-တခုမျှ မခြားဘဲ ပဋိသန္ဓေနေရခြင်းကိစ္စဖြင့် ဘဝသစ်တခု ထူထောင်ရပြန်ပါရော၊ ဘဝသစ် ထူထောင်မိတဲ့အခါကျတော့ မအိုချင်ဘဲနှင့်အိုရ, မနာချင်ဘဲနှင့်နာရ, မသေချင်ဘဲနှင့် သေရတဲ့-သံသရာ့ဓမ္မတာဆိုးကြီးတွေကို တိုးလျှိုးရပြန်ပါရော၊ ဘယ်မှာအလိုလိုက်တယ်လို့ ရှိသေးသလဲ။

အတ္တဒိဋ္ဌိကြီးဟာ အလွန်ဆိုးတယ်၊ အိုမှု,နာမှု,သေမှု, ပဋိသန္ဓေနေမှုဆိုတဲ့ဘေးကြီးထဲသို့ သူကဘဲ အတင်းဆွဲလို့ချတယ်၊ ထင်မြင်ပုံနှင့် ပြုလုပ်ပုံဟာ ညီညွတ်ပါသေးရဲ့လား၊ တရားနည်းလမ်း ကျအောင် စဉ်းစားကြစမ်းပါ၊ တကယ်လို့ အစိုးရပြီး အလိုလိုက်တဲ့ ခန္ဓာကိုယ်ကြီးဖြစ်ခဲ့ပါလျှင်—

၁။ မအိုချင်လျှင် မအိုဘဲနေရလိမ့်မယ်။

၂။ မနာချင်လျှင် မနာဘဲနေရလိမ့်မယ်။

၃။ မသေချင်လျှင် မသေဘဲနေရလိမ့်မယ်။

၄။ ပဋိသန္ဓေမတည်ချင်လျှင် မတည်ဘဲ နေရလိမ့်မယ် မဟုတ်လား။

စင်စစ်မှာတော့— သုတ္တန်နည်းအားဖြင့်-အစိုးမရပုံတွေဟာ လွန်စွာထင်ရှားလှပါတယ်၊ လောကီဥပမာအားဖြင့်-အစိုးရမှ အလိုလိုက်တယ်၊ အစိုးမရလျှင် အလိုသို့ မလိုက်ဘူး၊ ခန္ဓာငါးပါးအစုအဝေးကြီးဖြစ်တဲ့ ကိုယ်ခန္ဓာကြီးဟာ ဘာတခုမျှအစိုးမရဘူး၊ အစိုးမရတဲ့အတွက် အလိုမလိုက်အကြိုက်မပါဘူး၊ သို့ကလို အလိုမလိုက်တော့—

အဝသဝတ္တနဌေနအနတ္တာ။

အဝသဝတ္တနဌေန၊ အလိုသို့မလိုက်တတ်သော သဘောအားဖြင့်။ အနတ္တာ၊ အနတ္တ-ဟူ၍ စွဲလမ်းစရာမရှိ။ဝါ၊အတ္တမဟုတ်၊ငါ,သူတပါး,ယောကျ်ား,မိန်းမ မဟုတ်-လို့ ဆိုတဲ့အတိုင်း အနတ္တစင်စစ်ကြီးဘဲမဟုတ်လား၊ အတွင်းဆုံးလုပ်ထားတဲ့ သည်ကိုယ်ခန္ဓာကြီးကမှ အလိုမလိုက်ပါဘဲ,အစိုးမရပါဘဲနှင့် ငါ့သားသမီးက ငါ့အလို လိုက်လိမ့်မယ်၊ ငါ့ဥစ္စာပစ္စည်းက ငါ့အလိုလိုက်လိမ့်မယ်၊ ငါ့မယား, ငါ့လင်က ငါ့အလိုလိုက်လိမ့်မယ်- စသည်ဖြင့် အတ္တနိယ အထင်တွေဟာ ပါစင်အောင်လွဲကုန်ရောမဟုတ်လား၊ အဲ-တာကသုတ္တန်နည်းအားဖြင့် ကိုယ်ခန္ဓာကြီး၏ အလိုသို့ မလိုက်ပုံများကို ဟောကြားတဲ့ဒေသနာဖြစ်တယ်။

**အဘိဓမ္မာနည်း**

အဘိဓမ္မာနည်းအားဖြင့် အလိုမလိုက်ပုံတွေက အနုစိတ်၍ဟောကြအုံးစို့ရဲ့။

ရူပက္ခန္ဓာ၏ အလိုမလိုက်ပုံကို ပဌမစတင်၍ ဟောရလိမ့်မယ်၊ ကိုယ်ခန္ဓာ အတွင်း၌ရှိတဲ့ မဟာဘုတ် ဓာတ်ကြီးလေးပါးတို့တွင်—

**ပထဝီ**။ ပထဝီဓာတ်ဟာ အလိုမလိုက်တဲ့ သဘောကြီးတခုဘဲ၊ ဘယ်လို အလိုမလိုက်သလဲဆိုတော့-ပထဝီဓာတ်ဖြောင့်မတ်စွာနှင့် ကျန်းကျန်းမာမာနှင့် နေလိုပါတယ်လို့ဆန္ဒရှိကြတယ်၊ ပထဝီဓာတ်က အလိုအတိုင်း မလိုက်ဘဲအကြောင်းအားလျော်စွာချောက်ချားတဲ့အခါ ဖောက်ပြန်ချောက်ချား၍ မကျန်းမာမှုတွေ ပေါ်လာတယ်၊ ညောင်း

ခြင်း,ကိုက်ခြင်း, တောင့်တင်းခြင်း, ဆီးဝမ်းချုပ်ခြင်း အစ ရှိတဲ့ ဖောက်ပြန်မှုတွေဟာ ပထဝီဓာတ် ဖောက်ပြန်မှုတွေ ဘဲ၊ ဓာတ်ကြီးလေးပါးဆိုတာ ကိုယ်ခန္ဓာအတွင်းမှာ အ ချင်းချင်း တိုက်ခိုက်နေကြတဲ့ ရန်သူကြီးတွေ ဖြစ်ကြတယ်၊ သည်ကိုယ်ကောင်ကြီးဟာ မဟာဘုတ်ကြီး လေးပါးတို့၏ တိုက်ခိုက်ရာ စစ်တလင်းကြီးနှင့်တူတယ်။

(က) တရံတခါ အာပေါဓာတ်က အနိုင်ရသွားတဲ့ အခါ ခက်မာမှုပထဝီတွေ ပြိုပျက်ပြီး အရည် တွေတွေ စီးကျကုန်တယ်။

(ခ) တရံတခါ တေဇောဓာတ်က အနိုင်ရလို့ ပထဝီ တွေကို မီးလောင်ကုန်တယ်။

(ဂ) တရံတခါ ဝါယောဓာတ်ကအနိုင်ရလို့ ပထဝီ တွေကို ဖရိုဖရဲ ဖြစ်အောင် လွှင့်ပစ်လိုက်ကြ တယ်။

သို့ကလိုဖြစ်နေတဲ့အတွက် ပထဝီဓာတ်ဟာ သတ္တဝါ၏ အလိုကို ဘယ်မှာ လိုက်နိုင်တော့မလဲ၊ ဓာတ်သဘော အ ချင်းချင်းတို့၏ အလိုသို့သာ လိုက်ပါနေရတယ်။

တရံတခါ တောင့်တင်းခက်မာမှုကြီးက ဘိစီးလွန်ကဲ၍ အသက်ရှည်စွာ မနေနိုင်ဘဲ လဲသေသွားရတယ်၊ ပထဝီ ဓာတ်ချို့တဲ့ချည့်နဲ့နေတဲ့အခါမတ်တတ်မှမရပ်နိုင်ဘဲ လဲလို့ နေရတော့တယ်၊ ဦးခေါင်းကိုမှ မထောင်နိုင်,ခြေလက်ကိုမျှ မသယ်နိုင်အောင် ဖောက်ပြန်ကုန်ကြတယ်၊ သတ္တဝါအလို က မတ်တတ်ရပ်ချင်တယ်၊ ပထဝီဓာတ်က မတ်တတ်ရပ် ဘို့ အခွင့်မပေးနိုင်ဘူး၊ သတ္တဝါအလိုကတမျိုး, ဓာတ်သ ဘော အလိုကတခြား၊အလွန်မှားနေကြတယ်မဟုတ်လား။

အတ္တနော သဘာဝံ ခါရေတီတိ ခါတု။

အတ္တနော၊ မိမိ၏။ သဘာဝံ၊ သဘော ရင်းကိုသာ။ ခါရေတိ၊ ဆောင်တတ်၏။ဣတိတသ္မာ၊ ထို့ကြောင့်။ ခါတု၊ ခါတ်မည်၏။ သို့ကလို ဝိဂြိုဟ်ဆိုအပ်တဲ့အတိုင်း ခါတ်ဆိုဘာ ဘယ်သူ့အလိုမှ မလိုက်ဘဲ မိမိသဘောအတိုင်း အကြောင်းအားလျော်စွာ ဖြစ်ပေါ်နေသတဲ့၊ သို့ကလို ဘယ်သူ့အလိုမှမလိုက်တဲ့ ခါတ်သဘာဝတွေကို ငါဘဲ, ငါ့ဟာတွေဘဲ, ငါ့အလိုလိုက်တာတွေဘဲလို့ စွဲလမ်းလို့နေပါလျှင် ဥပမာ-ဘာနှင့်တူပါသလဲလို့ဆိုတော့—တောထဲမှာအလွန်ရိုင်းစိုင်းတဲ့ ကျားတွေ,ခြင်္သေ့တွေကို ငါပိုင်တာတွေ ရယ်လို့ သိမ်းပိုက်ထားတာနှင့် တထေဝ-ထဲပေါ့။

**အာပေါ**။ သတ္တဝါတို့ အလိုဆန္ဒက ညီမျှတဲ့ အာပေါခါတ်ဖြင့် ဂျန်းမာစွာ နေထိုင်ချင်ကြတယ်။

၁။ အာပေါခါတ်ကတော့ သတ္တဝါတို့၏ အလိုမလိုက်ဘဲ တရံတခါ ပဂ္ဃရဏသဘောဖြင့် ပြင်းစွာယိုစီးပြီး အကြီးအကျယ်ဒုက္ခရောက်စေတတ်တယ်၊အာပေါလွန်ကဲစွာ ပဂ္ဃရဏ သဘောကို ဆောင်ပြီး သည်ကိုယ်ကြီးဟာ အရည်တွေတွေဆင်းလျက်သေကြေပျက်စီးခြင်းသို့ ရောက်သွားတယ်၊ ဝမ်းရောဂါတွေ, ဆီးလွန်ရောဂါတွေဆိုတာ အာပေါခါတ်က ပဂ္ဃရဏလက္ခဏာတွေဘဲမဟုတ်လား၊ တရံတခါ အာပေါခါတ်က အာဗန္ဓနသဘောဖြင့် တင်းတင်းကြီးဖွဲ့စည်းပြီး မလှုပ် မရှားနိုင်အောင် ပြုစားတယ်။

၂။ တရံတခါ တေဇောဓာတ်က အနိုင်ရလို့ အာပေါဓာတ်တွေ သွေ့ခြောက်ကုန်တယ်။

၃။ တရံတခါ ဝါယောဓာတ်က အနိုင်ရလို့ အာပေါဓာတ် ဖရိုဖရဲနှင့် လှိုင်းထကုန်တယ်။

၄။ တခါတရံ ပထဝီဓာတ်ကအနိုင်ရလို့ယိုစီးအောင်မဟတ်နိုင်ဘဲ နုံ့နှေးနေတယ်။

သို့ကလို အာပေါဓာတ် ဖောက်ပြန်တဲ့အခါ သတ္တဝါဆိုတဲ့သူဟာ လွန်စွာ ဒုက္ခတွေ့နေတော့တာပေါ့၊ သတ္တဝါတွေက ဓာတ်ညီညီမျှမျှနှင့်ချမ်းသာချင်ကြတယ်၊ဓာတ်တွေကသတ္တဝါတို့၏ အလိုဆန္ဒအတိုင်းအခွင့်မပေးဘူး၊ အဲ-သို့ကလို ဖြစ်တော့ အလိုမလိုက်တဲ့ သဘောတွေ ထင်ရှားကုန်တာပေါ့။

**တေဇော။** တေဇောဓာတ်၏ အလိုမလိုက်ပုံကမှ သာလို့ထင်ရှားသေးတာကလား၊ ဓာတ်ကြီး လေးပါးတို့တွင် တေဇောဓာတ်ကို ဘုရင်လို့ဆိုရတယ်၊ သတ္တဝါတို့၏ ကိုယ်ခန္ဓာကလေးများကို မဆိုထားပါနှင့်တော့၊ အနန္တကမ္ဘာလောကဓာတ်, နေ, လ,နက္ခတ် တွေကို တေဇောဓာတ်ကစီရင်ဖန်တီးတော်မူတာပေါ့၊တေဇောဓာတ်ကိုပင် ဥတုရယ်လို့ခေါ်တယ်၊ဥတုဇရုပ်တွေဆိုတာ တေဇောကြောင့် ဖြစ်တဲ့ရုပ်တွေချည်းပါဘဲ။

ပူမှု,အေးမှုဆိုတာက တေဇော၏ သဘောရင်း ဖြစ်တယ်၊ စင်စစ်မှာတော့ ပူသည်ဖြစ်စေ, အေးသည် ဖြစ်စေ၊ လောင်မြိုက်ခြင်းသဘောတခုဘဲ၊ အပူလဲ လောင်မြိုက်တတ်ထာဘဲ၊ အအေးလဲ လောင်မြိုက်တတ်တာဘဲ၊ အဝီစိငရဲ၌

အပူလောင်မြိုက်ပုံ, လောကန္တရိက်ငရဲ၌အအေးလောင်မြိုက်ပုံများကို စဉ်းစားကြည့်ကြပါ။

အအေး, အပူမျှတ၍နေပါမှ သတ္တဝါတို့မှာ ချမ်းသာခွင့်ကိုရကြတယ်၊ တမျိုးမျိုးလွန်ကဲ ကုန်ပြီဆိုမှဖြင့် ဆင်းရဲဒုက္ခတွေကုန် ကြတော့တာဘဲ၊ နွေအခါမှာ သတ္တဝါတို့၏ အလိုဆန္ဒကအေးချင်ကြတယ်မဟုတ်လား၊ သည်ကိုယ်ကြီးကသတ္တဝါတို့၏အလိုဆန္ဒအတိုင်းအေးမြလိမ့်မယ်လို့ မထင်ကြနှင့်၊ ဗဟိဒ္ဓကအပူဓာတ်သဘောဘက်သို့ လိုက်ပါပြီး ဥဏှသဘော လွန်ကဲတဲ့ အပူရုပ်စဉ်တွေကို ပေါက်ဘွားတော့တာဘဲ။

၁။ သတ္တဝါက အေးချင်တယ်။

၂။ တေဇောဓာတ်က ပူလောင်တယ်။

သို့ကလို အလိုမလိုက်တဲ့ အတွက်ကြောင့် ယပ်လေခပ်ခြင်း, အရိပ်ကောင်းရာသို့ ခိုဝင်ခြင်း, ရေချိုးခြင်း အစရှိတဲ့ ကွယ်ကာမှုများကို ပြုကြရတယ်၊ တေဇောဓာတ်က အလိုလိုက်ခဲ့ပါလျှင် ယပ်လေခပ်ခြင်းအစရှိတဲ့ အပိုကိစ္စတွေကို ဘာ့ကြောင့် လုပ်နေရမှာလဲ၊ ဆောင်းအခါမှာ—

၁။ သတ္တဝါတို့က နွေးချင်တယ်။

၂။ သည်ကိုယ်ကြီးက သတ္တဝါအလိုဆန္ဒကို မလိုက်ဘဲ ဗဟိဒ္ဓလောကဥတုကြီးဘက်သို့ လိုက်ပါပြီး သီတသဘောဖြင့် အေးမြတဲ့ရုပ်အစဉ်တွေ ဖြစ်ပေါ်စေတယ်။

၃။ သတ္တဝါက နွေးချင်တယ်။

၄။ တေဇောဓာတ်က အေးမြတယ်။

ဘယ်မှာ အလိုသို့လိုက်သေးသလဲ၊ သို့ကလိုအလိုမလိုက်တဲ့အတွက်ကြောင့် အပူဓာတ် ကူရအောင် စောင်ခြုံခြင်း, မီးလှုံခြင်း,ကိုယ်ငွေ့ဖြင့်ကွေးခြင်း, ပူနွေးယောက် ဆိုင်ကာကိုယ်ငွေ့ဟပ်ခြင်းကိစ္စများကိုပြုလုပ်ကြရတယ် မဟုတ်လား၊ အလိုသို့လိုက်ပါလျှင် စောင်ခြုံခြင်း, မီးလှုံခြင်း အစရှိတဲ့ကိစ္စပိုတွေကို လုပ်ရပါအုံးမလား၊ "ဟဲ့တေဇောရဲ့ ပူလိုက်ဟဲ့၊ နွေးလိုက်ဟဲ့"လို့ အမိန့်ပေးရုံ ရှိတော့မှာပေါ့။

တေဇောဓာတ်ဆိုတာက ငါနှင့်မဆိုင်, ငါမဟုတ်တဲ့သူစိမ်းပြင်ပ-ပရသဘောကြီးဖြစ်တဲ့အတွက် စိမ်းကားပြီးဗဟိဒ္ဓအပြင်သဘောသို့သာ လိုက်ပါတယ်၊ အတွင်းဆုံးဆိုတဲ့ကိုယ်၏သဘောသို့ မလိုက်မပါဘူး၊ တရံတခါ ဥဏှတေဇောလွန်ကဲပြီး အဖျားကြီး ဖျားလိုက်ရတယ်၊ ဆေးကုလို့မရဘဲသေသွားရတယ်၊ ပိဋ္ဌိတ်ကပ်ရောဂါ,တုတ်ကွေးရောဂါတွေဆိုတာ ဥဏှလွန်ကဲတဲ့ရောဂါတွေပေါ့၊ သို့ကလိုတေဇောလွန်၍ ဖောက်ပြန်တာကို အတ္တဒိဋ္ဌိဆရာကြီးကငါဖျားတယ်လို့ စွဲလမ်းလိုက်သေးတယ်၊ တရံတခါ သီတတေဇောလွန်ကဲပြီး အအေးကြီးအေးတယ်၊ အပူငုပ်ဝပ်၍အအေးဓာတ်ပတ်ရုံပြီးဖျားတယ်၊ အစာမကျေခြင်း, ခြေအေးခြင်း,လက်အေးခြင်း,ခေါင်းကိုက်ခြင်း အစရှိတဲ့ ဝေဒနာတွေ ပေါ်ပေါက်လာတယ်၊ သီတလွှမ်းခြုံမှုကို ပျောက်အောင်မကုနိုင်လျှင် သေသည်တိုင်အောင် ဒုက္ခရောက်ရတော့တာဘဲ။

တရံတခါ ပထဝီနှင့်အာပေါတို့က စစ်တိုက်ကြ၍ အနိုင်ရသွားတဲ့အခါ တေဇောအားနည်းစွာနှင့် အရှိန် အခိုး

မလွှတ်နိုင်ဘဲငုပ်နေတယ်၊ တရံတခါ မိတ်ဆွေကြီးဖြစ်တဲ့ ဝါယောဓာတ်က အပြင်းအထန်အားပေးသဖြင့် အရှိန်ကြီးစွာနှင့်တောက်လောင်တယ်၊သို့ကလိုဖောက်ပြန်တဲ့အခါ သတ္တဝါတွေသေလျှင်လဲသေ၊ မသေလျှင်လဲမလှုတမ-ဆိုတဲ့ ဆင်းရဲကို နက်နက်နဲနဲကြီးဆိုက်ရောက်ဘို့သာ ရှိတော့တာပေါ့၊ အဲ—သို့ကလိုတေဇော၏အစိုးမရပုံတွေဟာ လွန်စွာများပြားတယ်၊ ဆေးသမားနှင့် ဓာတ်ဆရာတွေဟာ တေဇော၏ ဖောက်ပြန်ပုံအမူအရာတွေကို လက်တွေ့ဒိဋ္ဌအမျိုးစုံသိနိုင်ကြစရာရှိပါရဲ့။

**ဝါယော။** လှုပ်ရှားခြင်းသဘောဆိုတဲ့ ဝါယောဓာတ်ဟာလဲ လွန်စွာသတ္တိရှိတဲ့ဓာတ်ဘုရင်ကြီးတပါးပေဘဲ၊ တေဇော၏ မဟာမိတ်ကြီးဖြစ်ပေတယ်၊ သတ္တဝါတို့ သွားလာပြုမူလှုပ်ရှားနေကြသမျှတွေဟာ ဝါယော၏အစွမ်းသတ္တိတွေပေါ့၊ ဝါယော၏ကြိယာကို အတ္တဒိဋ္ဌိဆရာကြီးက ငါသွားတယ်၊ ငါပြေးတယ်၊ ငါယိမ်းတယ်၊ ငါကဘယ်-စသည်ဖြင့် အမျိုးမျိုးစွဲလမ်းထားလိုက်ထာ ငါတံဆိပ်ကြီး တွေဟာ မြှိုင်လို့သာနေပါရော၊ ဝါယောဓာတ်ညီမျှခြင်း ရှိပါလျှင်-သက်သာခွင့်ရနိုင်ပါရဲ့၊ အတင်းရုန်းကန်ပြီး ဖောက်ပြန်ပြီဆိုမှဖြင့် ဒုက္ခကြီးတွေနှင့်တွေ့ကြုံရပါရော။

ဝါယောလွန်ကဲတဲ့အခါ လေနာခြင်း,ရင်ဘတ်နာခြင်း, အထက်သို့ဆန်၍ ပျို့အန်ခြင်း, ဘေးထိုး ရင်ကြပ်ဖြစ်ခြင်း အစရှိတဲ့ရောဂါဆိုးတွေပေါ်လာကုန်ကြတယ်၊ ရောဂါသာဆိုရတယ်၊ စင်စစ်မှာတော့ - ဝါယောဆိုတဲ့ လေဓာတ်ဖောက်ပြန်မှုတွေပါဘဲ၊ သတ္တဝါတို့၏ကိုယ်ထဲမှာ ဝါယောဓာတ်တွေပြည့်လို့သာနေတာဘဲ၊ ဘော့လုံးကြီးများကိုလေ

ထိုးသွင်းထားသလိုပေါ့၊ သည်လေတွေဟာလဲ အစဉ် အမြဲလှုပ်ရှားဖောက်ပြန်နေကြတယ်၊ တခါတခါ အကြီး အကျယ် ဖောက်ပြန်လိုက်ပြီဆိုမှဖြင့် လှလှကြီး ဒုက္ခတွေ တော့တာဘဲ။

လေဓာတ်ညှို့ဖျင်းနေတဲ့အတွက်ဟာလဲ ဖောက်ပြန်ခြင်း တမျိုးဘဲ၊ လေဆိုတာ ကိုယ်ခန္ဓာအတွင်းမှာ ဆိုင်ရာ ဆိုင်ရာ ညီညွတ်စွာဖြစ်ပွားနေကြမှ သင့်လျော်တယ်၊ လေဓာတ်နဲ့ ၍ လေပြတ်ပြီဆိုလျှင် သွက်ချာပါဒဆိုတဲ့ရောဂါစွဲပြီး မထ နိုင်,မထိုင်နိုင်,ခြေမသယ်နိုင်, လက်မသယ်နိုင်, စကား မ ပြောနိုင်,တခြမ်းသေ,တပိုင်းသေ, အစောင်းအရွဲ့ကြီးတွေ ဖြစ်ကုန်ကြတယ်၊ လူရှင်လတ်လတ်ကြီး တပိုင်းသေ-တခြမ်း သေ ဖြစ်ရတာလဲ မသေမရှင်ဆိုတာလို လွန်စွာကြောက် စရာကောင်းတာဘဲ၊အတ္တဒိဋ္ဌိဆရာကြီးက ဝါယောသောင်း ကျန်းတဲ့အမှုအရာကိုပင်“ငါတပိုင်းသေနေတယ်၊ ငါစကား မပြောနိုင်ဘူး”စသည်ဖြင့် အရဖမ်းပြီး စွဲလမ်းသေးတာ ကလား။

၁။ တရံတခါ အာပေါ,ပထဝီတို့နှင့် စစ်တိုက်ကြရာ ဝါယောဓာတ်က ရှုံးသဖြင့် ဝါယောကိစ္စကိုလှလှ သန်သန်ကြီး မဆောင်ရွက်နိုင်ဘဲ လေချုပ်ခြင်း အစရှိတဲ့ ရောဂါတွေပေါ်လာကုန်တယ်။

၂။ တရံတခါ မဟာမိတ်ဖြစ်တဲ့ တေဇောဓာတ်က အားပေးသဖြင့် လေလွန်ကဲပြီး စကားများခြင်း, သည်းခြေကို လေခတ်၍ ရူးသွပ်ခြင်း အစရှိတဲ့ ဝေဒနာတွေပေါ်ပေါက်လာတယ်။

၃။ တရံတခါ ဝမ်းထဲမှာလေတွေထ၍ အာဟာရမှ မစားနိုင်ဘဲ ယိုင်လဲနေရတယ်၊ လေသင်ခုန်းများ ဖြတ်ပြီဆိုမှဖြင့် ဖြုံးကနဲသေသွားတာဘဲ။

သို့ကလိုဖြစ်ရခြင်းတွေဟာဘာ့ကြောင့်လဲလို့ ဆိုတော့-လေဓာတ်ကိုအစိုးမရခြင်းကြောင့်ပေါ့၊ လေဓာတ်ကိုသာ အစိုးရပါလျှင် သို့ကလိုဖောက်ပြန်ခြင်းတွေဟာ– ဘယ်က လာပြီး ဖြစ်နိုင်ပါတော့မလဲ၊ "ဟဲ့····လေဓာတ်၊ မချောက်ချားနှင့်၊ ငြိမ်ငြိမ်ကလေးနေ" လို့ အမိန့်ပေးလိုက်ရုံရှိတော့ တာပေါ့။

အဲ–သို့ကလိုပြဆိုဟောကြားအပ်တဲ့အတိုင်း ရူပက္ခန္ဓာမှာ ခေါင်းဆောင်ကြီးတွေဖြစ်ကြတဲ့ မဟာဘုတ်ကြီးတွေဟာ တစုံတရာမျှ အလိုမလိုက်ကြောင်းသိကြရမယ်။

၁။ သတ္တဝါတို့နှင့်ဘာမျှမဆိုင်တဲ့ သူစိမ်းပြင်ပတွေ။

၂။ သူစိမ်းပြင်ပြင်ဖြစ်တဲ့အတွက် အစိုးမရဘူး။

၃။ အစိုးမရတဲ့အတွက်ကြောင့်ပင်လျှင် အလိုသို့ မလိုက်ဘဲ ဖြင်းဆန်ကြတယ်။

ယခင်က ဟောပြခဲ့တဲ့အတိုင်း သည်ကိုယ်ကောင်ကြီးဟာ မဟာဘုတ်စစ်ဗိုလ်ကြီးတို့၏ စစ်ခင်းကျင်းရာဖြစ်တဲ့ စစ်မြေပြင်ကြီး အမှန်ဖြစ်ပေတယ်၊ စစ်မြေပြင်ကျတဲ့ မြို့ပြ, ပြည်ရွာတွေဟာ ပျက်စီးခြင်းဘေးဒုက္ခနှင့် တွေ့ကြုံကြရတာကိုး၊ စစ်တလင်းဖြစ်တဲ့ သည်ကိုယ်ကောင်ကြီးဟာလဲ အမြဲပင် ဒုက္ခရောက်နေတာဘဲ၊ ဒုက္ခမရောက်ဘဲနေနိုင်ပမလား၊ မဟာဘုတ်စစ်ဗိုလ်ကြီး လေးပါးတို့က နေ့တိုင်း စစ်ပွဲကြီးကိုဆင်ပြီး အစဉ်သဖြင့် စစ်တိုက်နေကြတာကိုး။

## မဟာဘုတ်စစ်ပွဲဂါထာ

သင်္ဂါမေ ဟိ အယံ ကာယော၊
မဟာဘူတာ ဗြဟာ ဗလာ။
နိစ္စံ ယုဇ္ဈန္တိ သင်္ဂါမေ၊
တိက္ခာဝုဓေဟိ တေ ဗလာ။ ။

**အနက်ကား။** ဟိ၊ ဤကိုယ်ကြီး ဖြစ်ပုံကို ဥဒါဟရဏ်ဖြင့်ခင်း၍ ထင်လင်းစွာပြဆိုဦးအံ့။ အယံကာယော၊ ခန္ဓာငါးရပ် ပေါင်းစပ်ထူထောင် ဤကိုယ်ကောင် ကြီးသည်။ သင်္ဂါမေ၊ စိန့်ပုံး, အမြောက် ပစ်ဖောက်သွန်ကြဲ အားခဲ၍တိုက်ခိုက်ကြရာ မြို့ရွာစစ်တလင်းကြီးပေတည်း။ မဟာဘူတာ၊ မြေ,ရေ,လေ,မီး ဓာတ်ကြီးသမုတ် မဟာဘုတ်တို့သည်။ ဗြဟာ၊ ကြောက်ဘွယ်လန့်ဘွယ် ကြီးကျယ်ခမ်းနား စွမ်းအားသတ္တိ အထူး ရှိကြကုန်သော။ ဗလာ၊ စစ်ဗိုလ်ကြီးတို့ပင်တည်း။ သင်္ဂါမေ၊ ဤကိုယ်ကောင် တည်းဟူသော စစ်မြေတလင်း၌။ တေဗလာ၊ ထိုစစ်ဗိုလ်ကြီး လေးဦးတို့သည်။ တိက္ခာဝုဓေဟိ၊ ခက်မာ,ဖွဲ့စေး,ပူအေး, လှုပ်ရှား လေးပါးထက်မြက် လက်နက်စက်ရှိန် ဝရဇိန်ကြီး လေးစင်းတို့ဖြင့်။ နိစ္စံ၊ နေ့တိုင်း, ညဥ့်တိုင်း မဆိုင်း မညှာ အမြဲသာလျှင်။ ယုဇ္ဈန္တိ၊ ကြဲသွန်ပစ်သွင်း၍ အတင်းတိုက်ခိုက်ခါနေကြကုန်၏။

သည်ကိုယ်ကောင် စစ်မြေတလင်းမှာ စစ်ခင်း၍ အမြဲတိုက်ခိုက်တဲ့ မဟာဘုတ်စစ်ဗိုလ်ကြီးလေးဦးတို့၏—

၁။ ခက်မာခြင်းလက်နက်,

၂။ ဖွဲ့စေးယိုစီးခြင်းလက်နက်,

၃။ ပူအေး လောင်မြိုက်ခြင်းလက်နက်,
၄။ ထောက်ခံလှုပ်ရှားခြင်းလက်နက်,

သည်လက်နက်ကြီး လေးစင်းတို့၏ ဒဏ်ချက်ကြောင့် ညက်ညက်ကြေအောင် ကိုယ်ခန္ဓာတွေ သိမ့်သိမ့်တုန်ပြီး ပျက်စီးခြင်းကြီးမက မလှတမ-ပျက်စီး နေကြ တာပေါ့၊ သတ္တဝါတို့အထင်အမြင်မှာ အဖျားရောဂါ ဖြစ်လာတယ်၊ ဘေးထိုးရင်ကြပ်ဖြစ်လာတယ်၊ ကုဋ္ဌအနာကြီးပေါက်လာတယ်၊ အဆိပ်သင့်တယ်၊ ဝက်ရူးနာပေါ်တယ်-စသည်ဖြင့် ပြောဆို လိုက်ကြတဲ့ အနာမျိုးတွေဟာ အလွန်တရာ များပြားတာပါဘဲ၊ သည်လိုအနာရောဂါတွေဟာ ဘာကြောင့်ဖြစ်သလဲလို့ဆိုတော့–အပြင် ဗဟိဒ္ဓတွေကို အပြစ်တာဝန် မချကြပါနှင့်၊ အတွင်းကရှိတဲ့ မဟာဘုတ် ရုပ်ဓာတ်ကြီးတွေ တိုက်ခိုက်သောင်းကျန်း ဖောက်ပြန် ချောက်ချားတဲ့ အမူအရာဆိုးကြီးတွေပါဘဲ၊ အတ္တဒိဋ္ဌိ အစွဲတန်းလန်းရှိတဲ့ သတ္တဝါ တွေကတော့– ဘယ်ရောဂါဘဲဖြစ်ဖြစ် ကိုယ်အတွင်းသန္တာန်က ဓာတ်ရုပ်တွေပေါ်မှာ အပြစ်မချဘဲ အပြင်ဘက်ကိုသာလွှဲချနေကြတယ်။

## မြွေကိုက်လို့သေတဲ့ဥပမာ

မြွေကိုက်လို့သေတဲ့ ဥပမာတခုကို ပြဆိုကြပါအုံးစို့ရဲ့၊ မြွေကိုက်တဲ့ဒဏ်ရာဆိုတာ များစွာမကြီးကျယ်ပါဘူး၊ မြွေဆိပ်ကလေးဟာလဲ နှင်းပေါက်လောက်မျှရှိပါတယ်၊ တကယ်လို့သာ မဟာဘုတ်ဓာတ်ရုပ်ကြီးတွေက သတ္တဝါအလိုကိုလိုက်ပါမူကား မြွေဆိပ်နှင့် ရောနှော၍ မြွေဆိပ်သဘောသို့မလိုက်ပါဘဲ အတင်းခုခံလိုက်ကြမှာပေါ့။

မဟာဘုတ်တွေက အတွင်းအဇ္ဈတ္တအလိုသို့ မလိုက်ဘဲ ဗဟိဒ္ဓတွေနှင့်သာ ရောနှော လိုက်ပါလေ့ ရှိကြတဲ့အတွက် မြေကိုက်လိုက်တဲ့အခါ မဟာဘုတ် ဓာတ်ရုပ်တွေက နှင်းပေါက်လောက်မျှရှိတဲ့ မြေဆိပ်နှင့် ရောနှောကြတယ်၊ မြေဆိပ်သဘောသို့လိုက်ပါကြတဲ့အခါ တကိုယ်လုံးမှာရှိတဲ့ရုပ်တွေဟာ မူလသဘောကိုစွန့်၍ မြေဆိပ်တွေ ဖြစ်ကုန်ကြတယ်၊သည်အခါတကိုယ်လုံးအဆိပ်လွှမ်းမိုးပြီး သေရတော့တာဘဲ၊ အတွင်းသန္တာန်မှာရှိတဲ့ ရုပ်တွေက မြေဆိပ်အလိုသို့လိုက်ပါ၍ သတ္တဝါသေအောင် သတ်လိုက်တာပါကို မြေကိုက်လို့သေတယ်ဆိုပြီး အပြင်ပက မြေပေါ်မှာသာ အပြစ်ချလိုက်ကြတယ်၊ ကိုယ်ကောင်ကြီး လုပ်ထားတဲ့ အတွင်းသန္တာန်ကရုပ်တွေကိုတော့ အပြစ်မချကြဘူး။

အပြစ်ချပါရိုးလား၊ အတ္တဒိဋ္ဌိက-ငါငါရယ်လို့စွဲလမ်းထားတာကို၊ သည်နည်းအတိုင်းဘဲ နေပူတဲ့အခါ မိမိကိုယ်ကပူတာကို သည်နေနှယ်-ပူနိုင်ရန်ကောလို့ နေကိုအပြစ်တင်ကြတယ်၊ ဆောင်းအခါ အလွန်နှင်းကျလို့ သည်ကိုယ်ကောင်ကြီး အေးမြ တာပါကို သည်ဆောင်းနှယ် အေးနိုင်ရန်ကောလို့ ဆောင်းကာလကို အပြစ်တင်ကြတယ်၊ ကိုယ်ကောင်ကြီးလုပ်ထားတဲ့ ရုပ်တွေကိုတော့ အပြစ်မတင်ကြဘူး၊ ကိုယ်ခန္ဓာကြီးကို အတွင်း ထားပြီး သိမ်းပိုက်လို့တော်တာမဟုတ်၊ သူစိမ်းပြင်ပ ပရသဘောကြီးဖြစ်တဲ့အတွက် နေပူတဲ့အခါ အပြင်က နေသဘောသို့လိုက်ပါသွားကြတယ်၊ သည်အခါ ကိုယ်ကောင်ကြီးဟာ ပူပါရော၊ စင်စစ်မှာတော့ နေကပူတာမဟုတ်ဘူး၊သည်ကိုယ်ကောင်ကြီးအတွင်းမှာရှိတဲ့ ဓာတ်တွေကပူတာ။

ဆောင်းအခါ သည်ကိုယ်ခန္ဓာကြီးက အပြင်ပမှာ ရှိတဲ့ သီတဘက်သို့ လိုက်သွားကြတယ်၊ သည်အခါ ကိုယ်ကောင်ကြီးဟာ အေးပါရော၊ စင်စစ်တော့ ဆောင်းရာသီက အေးတာမဟုတ်ဘူး၊ သည်ကိုယ်ကောင်ကြီးအတွင်းမှာ ရှိတဲ့ဓာတ်တွေက အေးမြကြတာ၊သေချာစွာစဉ်းစား၍နား ထောင်ကြနော်၊ သည်လို နေရာများမှာ ဉာဏ်သွားချော် သွားတတ်တယ်၊ ကိုယ်သန္တာန် အတွင်းမှာ ရှိတဲ့ဓာတ်ရုပ်တွေက အလိုသို့လိုက်ခဲ့ပါမူနေပူချင်သလိုပူပေစေ၊ဆောင်း ရာသီကာလက အေးမြချင်သလို အေးမြပေစေ၊ ငါ့ကိုယ်တွင်းမှာရှိတဲ့ ဓာတ်တွေကို "မပူကြနှင့်, အပြင်ကအပူကို လက်မခံကြနှင့်, မအေးကြနှင့်, အပြင်ကအအေးကို လက်မခံကြနှင့်"လို့ အမိန့်ပေးထားလိုက်ရုံရှိတော့တာပေါ့။

ယခုပြောခဲ့တဲ့အတိုင်း နေပူတဲ့အခါ ကိုယ်ကောင်ကြီးပူတာလို, ဆောင်းရာသီအခါ သည်ကိုယ်ကောင်ကြီးအေးတာလို အခြားနေရာ တကာမှာလဲ အတွင်းသန္တာန်ကရုပ်တွေဟာအပြင်ပက သဘောနောက်သို့ တကောက်ကောက် လိုက်ပုံများကို ဉာဏ်ရှိတိုင်း စဉ်းစားကြလေတော့၊ စုံစေ့အောင်မဟောနိုင်ဘူး၊ စကားကြောရှည်သွားလိမ့်မယ်၊ငါ့ကိုယ်-ငါ့ဟာလုပ်ပြီး အတွင်းဆိုး-အရင်းဆိုးစွဲလမ်းထားတဲ့ ခန္ဓာတွေဟာ စင်စစ်အားဖြင့် အတွင်းထားထိုက်ထာတွေ မဟုတ်တဲ့အတွက် အပြင်ဘက် ပရသဘောသို့ လိုက်ပါနေကြတယ်။

အဲ-သို့ကလို ပရသဘော အစစ်တွေ ဖြစ်တဲ့ အတွက်ကြောင့် အစိုးမရဘူး၊ အစိုးမရတဲ့အတွက်ကြောင့် အလို

သို့မလိုက်ဘူး၊အလိုမလိုက်တဲ့သဘောကြီး ရှိနေတဲ့အတွက်ကြောင့်ဘဲ အနတ္တလို့ခေါ်တယ်။

**လောကီဥပမာတခု**

လောကီဥပမာတခုကို ပြကြအုံးစို့ရဲ့၊ သားဆိုး,သမီးဆိုးများကို အိမ်မှာ မွေးမိရက်သားရှိတဲ့ မိဘဟာ လွန်စွာဆင်းရဲကြတယ်၊ သားဆိုး, သမီးဆိုး-ဆိုတာ မိဘမျက်နှာကို မထောက်ထားဘဲ ထင်တိုင်း မြင်တိုင်း အလွတ်ကျင့်ကြံတတ်ကြတယ်၊ သား,သမီးဆိုတာ၊အတွင်းဆုံး-အရင်းဆုံး ပြုလုပ်ထားရတဲ့အတွက် အတွင်းသိတွေ ဖြစ်နေကြသောကြောင့် အတွင်းပစ္စည်းတွေကို ခိုးယူပြီး ဖြုန်းတီးတတ်ကြတယ်၊ မိဘတို့၏အပြစ်ကို အတွင်းသိ ဖြစ်တဲ့အတွက် မိုက်မိုက်ရိုင်းရိုင်း အရမ်း ပြောဆို တတ်ကြတယ်၊ အိမ်တွင်းမှာနေပြီး အပြင်က မိတ်ဆွေဆိုးတို့၏ သဘောသို့သာ လိုက်ပါတတ်ကြတယ်၊ မိဘတို့၏ အရှက်တကွဲ အကျိုးနဲကို ပြုလုပ်တတ်ကြတယ်။

၁။ သားဆိုးကလဲ လိုက်ချင်တဲ့ မိန်းမနှင့် ထွက်လိုက်သွားတတ်တယ်။

၂။ သမီးဆိုးကလဲ သူလိုက်ချင်တဲ့ယောကျ်ားနောက်သို့လိုက်သွားတတ်တယ်။

အဲ-သည်လို သားဆိုး, သမီးဆိုးတို့ကို မွေးပြီး အိမ်တွင်းမှာ ထားရတဲ့မိဘများဟာ ဘယ့်ကလောက် ဆင်းရဲပြီး အကျိုးနဲကြီး ဖြစ်လိမ့်မယ်ဆိုတာ ကမ်းကုန်အောင် မပြောနိုင်ပါဘူး၊စဉ်းစားလို့သာကြည့်ကြပေတော့၊ သား, သမီးဖြစ်တဲ့အတွက် စွဲလမ်းခြင်း ခိုင်မြဲပြီးဖြစ်လို့ ပစ်လဲမပစ်စွန့် နိုင်တော့ဘူး။

## နှိုင်းယှဉ်ချက်

အဲ–သည် ဥပမာအတိုင်းဘဲ စိမ်းစိမ်းကားကားနှင့် အပြင်သဘောသို့သာ လိုက်ပါတဲ့ အစိုးမရတဲ့ ခန္ဓာတွေကို ငါငါရယ်လို့ အတွင်းထားပြီးသိမ်းပိုက်ရတဲ့ သတ္တဝါတွေဟာ သံသရာရှည်လေသမျှ ဘယ်တော့မှ အလိုမကျနိုင်ဘဲ ဒုက္ခနှင့်သာတဇွေးလုံးလုံး-တရစ်ပတ်ပတ် နေရတော့တာဘဲ၊ ခန္ဓာတွေကိုအတ္တဒိဋ္ဌိဖြင့် စွဲလမ်းပြီးရှိနေတော့- ပစ်လဲမပစ် စွန့်နိုင်ဘူး၊ အစွဲကြီးကခိုင်နေတော့–လွှတ်လဲမလွှတ်နိုင်ဘူး။

အဲ-သို့ကလို စိမ်းကားခြင်းဆိုတဲ့ အပြင်ပ–ပရသဘောဖြစ်လို့ အစိုးမရတဲ့သဘော, အစိုးမရလို့ အလိုမလိုက်တဲ့ သဘောများကို ဉာဏ်သွားနက်နက်နှင့် ထက်မြက်စွာရှုဆင်ခြင်ကြရမယ်၊ အချုပ်အားဖြင့်ဆိုတော့- သည်ကိုယ်ခန္ဓာကြီးကိုက အပြင်အပ သူစိမ်းသဘောကြီး ဖြစ်နေတဲ့ အတွက်ကြောင့် ဘေးရောဂါတွေ, ရန်မာန်အန္တရာယ်တွေ ဆိုသမျှ ဘယ်ကလာပြီး ပြုလုပ်ပေးကြတာမဟုတ်၊ "အရင်းစစ်တော့-အမြစ်မြေက"ဆိုတဲ့ စကားလို သည်ကိုယ်ခန္ဓာကြီးက ပြုလုပ်ပေးတာဘဲလို့ အမြဲမှတ်သားကြပေတော့၊ ဘယ်အပေါ်မှာမှ တာဝန်ချဘို့လမ်းမရှိဘူး။

အဲ-သို့ကြောင့် ရှင်တော်မြတ်ဘုရားက–

ရောဂါ တိ ခေါ ဘိက္ခဝေ စတုန္နံ မဟာဘူတာန-
မဓိဝစနံ။

ရယ်လို့ ဟောတော်မူခဲ့တာပေါ့။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ရောဂါတိ၊ ရောဂါဆိုး, အနာဆိုးတွေဆိုသည်ကား။ စတုန္နံ မဟာဘူတာနံ၊ ဓာတ် မဟာဘုတ် လွန်ကြမ်းကြုတ်သော ရုပ်ကြီးလေးပါးတို့၏။ အဓိဝစနံ၊ အမည်ကြီးပေတည်း။

ချစ်သားရဟန်းတို့····ရောဂါတွေဆိုတာ, အနာတွေဆို တာ,ဘေးတွေဆိုတာ, အန္တရာယ်တွေဆိုတာ, ကပ်တွေဆို တာ တခြားဟာကိုမမှတ်ကြနှင့်၊အတွင်းဓာတ်ဖြစ်နေကြတဲ့ မဟာဘုတ်ကြီးလေးပါးတို့၏အမည်ဘဲလို့ အထင်အရှား ဟောကြားတော်မူချက်ရှိပေတယ်၊ အဲ—ယခုပြောခဲ့တဲ့ ဒေ သနာအစဉ်ကိုဆင်ခြင်ရှုစားပြီး ရူပက္ခန္ဓာတရားတို့၏ အလို မလိုက်ပုံများကို ဉာဏ်သွားကြရမယ်။

## ဝေဒနာက္ခန္ဓာ၏အလိုမလိုက်ပုံ သုတ္တန်နည်း

ကဲကဲ-နာမ်ခန္ဓာတို့၏ အလိုမလိုက်ပုံများကို ဟောကြ အုံးစို့ ၊ ဝေဒနာက္ခန္ဓာ၏ အလိုမလိုက်ပုံကို ရှေးဦးစွာ ဟောရလိမ့်မယ်။

၁။ ချမ်းသာသဖြင့် ခံစားခြင်း,

၂။ ဆင်းရဲသဖြင့်ခံစားခြင်း,

၃။ ဆင်းရဲချမ်းသာနှစ်ပါးမှ လွတ်၍ လျစ်လျူရှုသော သဘောအားဖြင့် ခံစားခြင်း,

ရယ်လို့ ခံစားပုံဝေဒနာသုံးမျိုးရှိတယ်၊ ပါဠိဘာသာ အားဖြင့် သုခဝေဒနာ,ဒုက္ခဝေဒနာ,ဥပေက္ခာ ဝေဒနာရယ် လို့ဆိုတာပေါ့၊ ဘယ်ဝေဒနာကိုသတ္တဝါတို့ အကြိုက်ဆုံးလဲ လို့ဆိုတော့- အထူးပြောဘို့ မရှိပါဘူး၊ သုခဝေဒနာကို

အကြိုက်ဆုံးပေါ့၊ ပုပ္ဖုရုရွှမြင်သမျှတွေဟာ သုခဝေဒနာ အတွက်ကြီးပမ်းတကုတ်အားထုတ်နေကြတာဘဲမဟုတ်လား။

အဲတာကြောင့် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးရေးသားတော်မူတဲ့ ပဋိစ္စသမုပ္ပါဒ်လင်္ကာမှာ—

"ပုပ္ဖုရုရွှ၊ မြင်သမျှကား၊ သုခဘို့ချည်း၊ လုံ့လသည်း၏"—

ရယ်လို့စပ်ဆိုတော်မူခဲ့တာပေါ့၊ သတ္တဝါတွေ သုခဝေဒနာကို လိုလားတဲ့အတွက် ရှာမှီးလိုက်ကြတာ အားတဲ့အချိန်အခါရယ်လို့မရှိပါဘူး၊ ရှာတဲ့အတိုင်းများ အလိုင်းတကြီးရပါသလားလို့ဆိုတော့-ဘယ်မှာရမလဲ၊ သုခဝေဒနာကိုရှာရင်း ဒုက္ခတွင်းကြီးထဲသို့သာ ကျကျနေကြတယ်မဟုတ်လား၊ ကြောင်ကြောင်ကြီးအမြင်သားမို့ အထင် အရှားကြီးတွေပါ၊ သုခဝေဒနာကို ဘာနှင့်ရှာကြသလဲလို့ သုတ္တန်နည်းအားဖြင့် ဆင်ခြင်တဲ့အခါ အလုပ်အကိုင် အကြံအစည်တွေနှင့် ရှာမှီးနေကြတယ်၊ အိုးအိမ်, သားမယား ထူထောင်ကာရှာမှီးနေကြတယ်၊ ပစ္စည်းဥစ္စာ စုဆောင်းကာ ရှာမှီးနေကြတယ်၊ သည်လိုရှာမှီးပုံတွေဟာ အများကြီးပါဘဲ။

## အဘိဓမ္မာနည်း

အဘိဓမ္မာနည်းအားဖြင့် ရှာမှီးပုံစစ်လိုက်တော့—

၁။ မျက်စိခေါ်တဲ့စက္ခုဒွါရ,

၂။ နားခေါ်တဲ့ သောတဒွါရ,

၃။ နှာခေါင်းခေါ်တဲ့ ဃာနဒွါရ,

၄။ လျှာခေါ်တဲ့ဇိဝှါဒွါရ,
၅။ ကိုယ်ခေါ်တဲ့ကာယဒွါရ,
၆။ စိတ်ခေါ်တဲ့ မနောဒွါရ,

သည်ဒွါရခြောက်ပါးနှင့် ရှာမှီးကြတယ်၊ ကိုယ်ကောင်ကြီးအတွင်းမှာရှိတဲ့ ဒွါရခြောက်ပါးတွေနှင့် ရင်းနှီးပြီးအပြင်ပမှာရှိတဲ့ အာရုံခြောက်ပါးတွေနှင့် ပေါင်းသင်းကာ သုခဝေဒနာကို ရှာမှီးကြတယ်၊ သို့ကလိုခြောက်ဒွါရနှင့် အာရုံခြောက်ပါးမပါဘဲ၊ ဘယ်အခါမှာမှ သုခဝေဒနာကိုမရနိုင်ကြဘူး၊ အပြင်အာရုံတွေမှာ ကောင်းမွန်တဲ့ဣဋ္ဌာရုံမကောင်းတဲ့ အနိဋ္ဌာရုံရယ်လို့ နှစ်မျိုးရှိပြန်တယ်၊ အကောင်းအမွန်ဘဲလို့သမုတ်ထားတဲ့ ဣဋ္ဌာရုံနှင့်တွေ့ကြုံပါမှ သုခဝေဒနာကို ရနိုင်ကြတယ်၊ အနိဋ္ဌာရုံများနှင့် တွေ့ကြုံပြီဆိုမှဖြင့် ဒုက္ခဝေဒနာဇောတွေ-တလောလောပေါ်ကုန်ပြန်တော့တာဘဲ၊ သို့ကလို သုခဝေဒနာကို အမျိုးမျိုးကြံဘန်ကာ ယုန်ထောင်သလို ငါးမျှားသလို, ရှာမှီးရတာဘာ့ကြောင့်လဲဆိုတော့- ဝေဒနာကအလိုမလိုက်လို့ပေါ့။

ဝေဒနာဆိုတာ-အခြားပြင်ပမှာ မရှိဘူး၊ မိမိတို့အတွင်းသန္တာန်မှာသာရှိတယ်၊ တကယ်လို့ အလိုလိုက်ခဲ့ပါလျှင်အပန်းတကြီးရှာမှီးနေဘို့ မလိုပါဘူး၊ "ငါ၏သန္တာန်မှာသုခဝေဒနာတွေသာဖြစ်ကြရမယ်"လို့ တချက်လွှတ်အမိန့်တော်ကြီးထုတ်ပြန်ရုံသာရှိတယ်မဟုတ်လား၊ ဝေဒနာဟာအတွင်းသန္တာန်မှာရှိနေသော်လဲ ဗဟိဒ္ဓအာရုံတွေနှင့်မတွဲမစပ်ရလျှင်မဖြစ်ပေါ်နိုင်တဲ့ အတွက်ကြောင့် အပြင်ဘက်က ဣဋ္ဌာရုံတွေကို ရရှိအောင် ကြံဆောင်လိုက်ရတာကလဲလွန်ပါရော၊ ရပ်နားခွင့်ကိုမျှမရနိုင်ဘူး။

တကယ်လို့သာ ဝေဒနာက္ခန္ဓာကိုအစိုးရခဲ့ပါလျှင် ဘယ်ဇာရုံကိုမျှ ရှာနေဘို့မလိုပါဘူး၊ "ငါ၏သန္တာန်မှာ သုခဝေဒနာတွေမှိုပေါက်သလို အလိုလိုပေါက်ရောက် ဖြစ်ပွားကြစေ"လို့သာ အမိန့်ပေးထားရုံရှိတာပေါ့၊ စင်စစ်တော့ ဝေဒနာဓာတ်တွေက အစိုးမရတဲ့သဘော, အလိုမလိုက်တဲ့သဘော အစစ်ကြီးဖြစ်နေတယ်၊ သို့အတွက်ကြောင့် သုခဝေဒနာတွေဖြစ်ပေါ်စေရန် အာရုံအမျိုးမျိုးတွေနှင့် ထူထောင်ရင်းနှီးရတာပေါ့။

ဇာဋ္ဌာရုံနှင့်အခန့်သင့်တွေကြုံလို့ သုခဝေဒနာကလေးတွေဖြစ်ပေါ်နေတဲ့ အခိုက်မှာ ဘွားကနဲ အနိဋ္ဌာရုံတိုက်ဆိုက်လာပြန်လျှင်လဲ နဂိုရင်းက ဖြစ်ပေါ်နေတဲ့ သုခဝေဒနာတွေဟာ"တဖုံလှဲလို့– တနဲဆင်"ဆိုတာလို တမျိုး တဖုံပြောင်းလဲသွားကြပြန်တယ်၊ ပြောင်းလဲတယ် ဆိုတာက သုခဝေဒနာအဖြစ်ရပ်ပြီး ဒုက္ခဝေဒနာဇာတ်ကြီး ထူထောင်ပြန်လာတာကို ဆိုလိုတယ်၊ ဝေဒနာဟာလဲ အတွင်းသဘော, အရင်းသဘောမဟုတ်၊ စိမ်းကားတဲ့ ပရသဘောကြီးဖြစ်နေတော့– အပြင်ဘက်အာရုံတွေက ကြိုးဆွဲတိုင်းလိုက်ပါနေကြတယ်။

**ဥပမာ။** ကောင်းမွန်လှစွာသော ထမင်းဘောဇဉ်တွေကို သုခဝေဒနာနှင့် မြိန်ရှက်စွာ စားနေတဲ့အခိုက် ကျောက်ခဲကလေးမာမာတလုံးကို ကိုက်မိလျှင်ဘဲ ဘွားကနဲဒုက္ခဝေဒနာတွေပေါ်လာကုန်တယ်၊ နဂိုရင်းက- သုခဝေဒနာတွေဟာမရှိဘူး၊ ပါစင်အောင်သွားကုန်ပေါ့ မဟုတ်လား၊ ကောင်းမြတ်တဲ့ ရူပါရုံဇာဋ္ဌကို သုခဝေဒနာဖြင့် ခံစားနေ

ခိုက် မကောင်းသတင်းဆိုတဲ့ အနိဋ္ဌာရုံသံကို ကြားလိုက်လျှင် ဘွားကနဲ- ဒုက္ခဝေဒနာတွေ ပေါ်လာ ကုန်တယ်၊ နာမ်ဓာတ်တွေဆိုတာ လွန်စွာ အပြောင်းအလဲ မြန်တာကလား၊ သုခဝေဒနာဖြစ်တာကို သဘောကျလွန်းလို့ ခဏဆိုင်းပါဦး-ဆိုတာတောင် မရဘူး၊ အပြင်ကအာရုံကြုံးဆွဲတဲ့အတိုင်း တဖုံလွဲ၍တနဲဆင်ကုန်တော့တာဘဲ၊ သို့ကလို ဖြစ်ရတာ ဘာ့ကြောင့်လဲလို့ဆိုတော့-ဝေဒနာက္ခန္ဓာဟာ အစိုးမရဘဲ အလိုသို့မလိုက်တဲ့သဘောရင်း ရှိနေတဲ့အတွက်ကြောင့်တဲ့။

၁။ စိမ်းကားတဲ့ အပြင်သဘောအားဖြင့်လဲအစိုးမရဘဲ အလိုမလိုက်ကြောင်းထင်ရှားတယ်။

၂။ မငြိတဲ့ အနိစ္စသဘောအားဖြင့်လဲ အစိုးမရဘဲ အလိုမလိုက်ဘူး။

မိမိသန္တာန်မှာအကြိုက်ဆုံး အနှစ်သက်ဆုံးဆိုတဲ့ သုခဝေဒနာဖြစ်ပေါ်လာတဲ့အခါ သည်ဝေဒနာအတိုင်း မပျက်မစီးစေဘဲ အမြဲထားနိုင်ပါလျှင် အလိုသို့လိုက်တယ်လို့ တမျိုးအားဖြင့် ဆိုနိုင်စရာရှိပါသေးရဲ့၊ ဘယ့်ကလောက်ကောင်းတဲ့ဝေဒနာ, ချမ်းသာတဲ့ ဝေဒနာဖြစ်စေ၊ ကိုယ့်သန္တာန်၌ ဖြစ်ပေါ်လာတဲ့အခါ အစဉ်ထာဝရ ခိုင်မြဲနေအောင်, မပျောက် မပျက်အောင် ထားလို့မရဘူး၊ ခဏကလေးနှင့် ပျက်စီးသွားတော့တာဘဲ၊ ရေပွက်ကလေးတွေကို ရွှဲလုံးမှတ်လို့-ဖမ်းတဲ့အခါ လက်ထဲသို့ ရောက်အောင်မဖမ်းမိဘဲ ပျက်စီးကုန်တာလိုဘဲ၊ တကယ်လို့သာ အလိုလိုက်လို့-အစိုးရခဲ့ပါလျှင် အကြိုက်ဆုံး,အနှစ်သက်ဆုံးဖြစ်

တဲ့ သုခဝေဒနာမျိုး ဖြစ်ပေါ်လျှင် "ထာဝရ တည်စေ၊ မပျောက်မပျက်စေနှင့်၊ အမြဲငါခံစားမယ်"လို့ အမိန့်ပေး ထားလိုက်ရုံရှိတော့တာပေါ့၊ကိုယ်ကြိုက်တဲ့ဝေဒနာကို ခဏ ခဏ ဘာကြောင့် ထူထောင်ရှာမှီးရခြင်းဆိုတဲ့- ဗျာပါရ ကိစ္စတာဝန်တွေကို ဆောင်ရွက် နေတော့မလဲ၊ အဲ-သို့ ကြောင့် မမြဲသော သဘောအားဖြင့်လဲ ဝေဒနာက္ခန္ဓာဟာ အလိုမလိုက်ကြောင်း ထင်ရှားလှပါတယ်။

အဲ-သို့ကလို ဝေဒနာတွေ အာရုံ အားလျော်စွာ က မောက်ကမ ကတောင်ချောက်ချား ဖြစ်ပွားနေတာကိုပင် အတ္တဒိဋ္ဌိဆရာကြီးက မတရားအမြင်, အမှားပြင်ပြင်ကြီး နှင့် သိမ်းပိုက်ပြီး"ငါခံစားတယ်၊ ငါချမ်းသာတယ်"လို့ စွဲ လမ်းထားတယ်၊ သတ္တဝါတို့အကြိုက်ဆုံးဖြစ်တဲ့ သုခဝေဒနာ ကိုသာ စွဲလမ်းသိမ်းပိုက်ထားမဟုတ်သေးပါဘူး၊ မကြိုက်တဲ့ ဒုက္ခဝေဒနာကိုပင် အတ္တလုံးတံဆိပ်ရိုက်ပြီး နှိုက်နှိုက်စွပ်စွပ် စွဲလမ်းပုံက- ငါ ဆင်းရဲတယ်၊ငါ စိတ်နှလုံးမသာဘူးတဲ့၊ တကဲ့ကိုအစွဲကြီးတဲ့ဒိဋ္ဌိဘဲနော်၊ အဲ-သို့ကလိုဝေဒနာ၌အစိုး မရပုံ,အလိုမလိုက်ပုံများကို ရှုစားဆင်ခြင်ကြရမယ်။

## သညာက္ခန္ဓာစသည်တို့၏အလိုမလိုက်ပုံ

သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာဆိုတဲ့ နာမ် ခန္ဓာကြီး သုံးပါးတို့မှာလဲ သည်နည်းအတိုင်းဘဲ၊ အလို မလိုက်ပုံတွေကို ဉာဏ်သွားစေကြရမယ်၊ အချုပ်အားဖြင့် ဆိုတော့- နာမ်ခန္ဓာတွေဆိုတာ- အတွင်းသန္တာန်က ဒွါရ ခြောက်ပါးပေါ်မှာ တည်တံ့၍ အပြင်ဘက်က အာရုံတွေကို အမှီသဟဲပြုကာ အာရုံကြီးဆွဲရာသို့ လိုက်ပါနေတဲ့သဘော

တွေဘဲ၊ ပုဂ္ဂိုလ်,သတ္တဝါတို့၏ အလိုဆန္ဒကို ဘယ်တော့မှ မလိုက်ပါဘူး။

သင်္ခါရက္ခန္ဓာမှာ ပါတဲ့ပညာဆိုတဲ့ သဘောဟာလဲ သူ့မူရင်း သဘောအားဖြင့် ယထာဘူတ မှန်ရာကျအတိုင်း မြင်တတ်ရှာပါရဲ့၊ သို့ရာတွင် အပြင်အာရုံအမျိုးမျိုးတွေက ကြိုးဆွဲပြီး နှောင့်ရှက်ကြတဲ့အတွက်ကြောင့် ပညာအစွမ်း ရှိသလောက် မြင်ခွင့်ကို မရနိုင်ရှာဘူး၊ မိမိသန္တာန်မှာရှိတဲ့ ပညာကိုသာ အလိုလိုက်အောင် တတ်နိုင်ပါလျှင် မသင် မကြားဘဲနှင့် သိမြင်ဘွယ် အရပ်ရပ် အတတ် ဟူသမျှကို အလိုလိုသိကျွမ်းနားလည်ကုန်မှာဘဲ မဟုတ်လား၊ ပညာ ဓာတ်ကိုသာ "မှန်တဲ့အတိုင်းသိမြင်စေ၊နားလည်တတ်ကျွမ်း စေ"လို့ အမိန့်ပေးလိုက်ရုံရှိတာပေါ့၊သည်မှတပါးလဲ—

၁။ မလိုချင်မှု-ဆိုတဲ့အလောဘဓာတ်,

၂။ အမျက်မထွက်ဘဲ အမြဲချစ်ခင်ခြင်းဆိုတဲ့ အဒေါသ မေတ္တာဓာတ်,

၃။ နှစ်သိမ့်ခြင်းဆိုတဲ့ ပီတိဓာတ်,

များကိုလဲ တကယ်လို့သာ မိမိတို့သန္တာန်၌ အစိုးရ၍ အလိုလိုက်ခဲ့ပါလျှင် ထိုနာမ်ဓာတ် အကောင်း အမွန်တွေ ဟာ ငါ့သန္တာန်မှာ အမြဲဖြစ်နေစေလို့ အမိန့်ပေးထားပြီး အေးချမ်းသာယာစွာ စံစားနေဘို့ ရှိတော့တယ် မဟုတ် လား၊ အဲ-သို့ကလိုအစိုးတရနှင့် အလိုမလိုက်တဲ့အတွက် ကြောင့် ကောင်းမွန် ကြည်အေးတဲ့-နာမ်ဓာတ်တွေကို ဖြစ် ပေါ်လာစေရန် အလွန်ခဲယဉ်းလှို့နေကြတယ်၊ တရံတခါ

ဖြစ်လာပြန်ပါသော်လဲ အခိုင်အမြဲ ထားလို့မရဘဲ မမြဲတဲ့ သဘောအစစ်မို့ ဖြစ်ပြီးချုပ်သွားကုန်ကြတယ်၊ စင်စစ်မှာ တော့- နာမ်ခေတ်တွေဟာ အပြင်အာရုံတွေ ကြိုးဆွဲတဲ့ အတိုင်း ကနေကြရတာတွေပေါ့၊ ဘယ်တော့မှ အလိုသို့ မလိုက်ပါဘူး။

အဲ- သို့ကလို အပြင်သဘောသို့ လိုက်ပါ နေကြတဲ့ အတွက်ကြောင့် ပရသဘောအစစ်ဖြစ်တယ်၊ ပရ-ဆိုသည် မှာ သူစိမ်းပြင်ပတွေကို ခေါ်တယ်၊ မိမိတို့နှင့် မဆိုင်ဘူး၊ မဆိုင်တဲ့အပသဘောတွေဖြစ်လို့- အစိုးမရနိုင်၊ အစိုးမရတဲ့ အတွက် အလိုသို့မလိုက်ဘူး၊ အဆုံးကျတော့-အလိုမလိုက် တဲ့ဘက်သို့သာ ယိုင်လဲ ကုန်ကြတော့တာဘဲ၊ အစိုးရလို့ အလိုလိုက်တဲ့ သဘောကို အတ္တလို့ ခေါ်တယ်၊ သက္ကာယ ဒိဋ္ဌိကြီးက သည်ကိုယ်ခန္ဓာကြီးဟာ အရင်းဆုံး အတွင်းဆုံး ဖြစ်တယ်၊ အစိုးရအလိုလိုက်တယ်၊ အဲတာကြောင့် အတ္တ ဟုတ်တယ်၊ငါအမှန်ဖြစ်တယ်လို့စွဲလမ်းတာပေါ့၊ယခုဟော ခဲ့တဲ့အတိုင်း တရားကျမ်းဂန်အရနှင့် ကျကျနနကြီး စစ်ဆေး လိုက်ထာ ဘယ်မှာအတွင်းသဘောရှိတော့သလဲ၊ ဘယ်မှာ အစိုးရတဲ့ သဘော ရှိတော့သလဲ၊ ဘယ်မှာ အလိုလိုက်တဲ့ သဘောရှိတော့သလဲ၊ အပသဘော, အစိုးမရတဲ့သဘော, အလိုမလိုက်တဲ့ သဘောတွေ ပေါလောကြီး ပေါ်လာတဲ့ အခါ အနတ္တဝိဇ္ဇာလမ်းပေါက်၍ သိဒ္ဓိကြီးမြောက်သွားတာ ပေါ့၊ အနတ္တ ဝိဇ္ဇာလမ်းပေါက်လျှင် အမှောက်အမှား စွဲ လမ်းတဲ့ အတ္တဒိဋ္ဌိဆိုးကြီးဟာ ဘယ်မှာလိမ်လို့ ရနိုင်ပါ တော့မလဲ။

## နိဂုံးနှင့်ဥပယျောဇဉ်

အဲ-သို့ကလို မူရင်းတည်စ၍ အနတ္တဒေသနာကို ဟောကြားခဲ့တဲ့အတိုင်း ဤကိုယ်ခန္ဓာကြီးကို သက္ကာယဒိဋ္ဌိဆရာကြီးက "ငါ" ဟုစွဲလမ်းတယ်ဘယ်လို သဘောအားဖြင့် စွဲလမ်းသလဲလို့ ဆိုတော့—

၁။ သည်ကိုယ်ခန္ဓာကြီးဟာ အတွင်းဆုံး, အရင်းဆုံး ဖြစ်တယ်။

၂။ အတ္တသဘော,ငါသဘောထင်ရှားရှိတယ်။

၃။ အနှစ်သာရသဘောရှိတယ်။

၄။ အလိုသို့လိုက်တယ်။

အဲ-သည်လိုသဘောမျိုးကို အားထားပြီး ခိုင်ခိုင်ကြီး စွဲလမ်းတယ်၊ သို့ကလိုအတ္တဒိဋ္ဌိဆရာကြီး စွဲလမ်းပုံတွေကို တချက်စီ တချက်စီအားဖြင့် ခြားနားရှင်းလင်းစွာ အနတ္တဒေသနာကြီးကိုဟောခဲ့ရတယ်၊ အတ္တဒိဋ္ဌိဆရာကြီး စွဲလမ်းတဲ့အတိုင်း သည်ကိုယ် ခန္ဓာကြီးဟာ အတွင်း, အရင်းသဘောတခုမျှမရှိဘူး၊ ပြင်ပသဘော, သူစိမ်းပြင်ပြင်-ပရသဘော အမှန်ဖြစ်တယ်၊ အတ္တမှ ဆိတ်တဲ့ သုညသဘော အမှန်ဖြစ်တယ်၊ အနှစ်သာရမရှိတဲ့ အသာရကဋ္ဌ သဘော အမှန်ဖြစ်တယ်၊ အလိုသို့မလိုက်တဲ့ အဝသဝတ္တန သဘော အမှန် ဖြစ်တယ်လို့ အကြောင်း ယုတ္တိ အထွေထွေနှင့် ဒေသနာ နည်းအတိုင်း ဘွင့်ပြသဖြင့် အနတ္တလုံးကြီးဟာ နေဝန်း,လဝန်း-ကြီးတွေလို ထင်ထင်ကြီးပေါ်ကုန်ပါပြီ။

### အတ္တဒိဋ္ဌိ၏အစိဋ္ဌာမဟာမိတ်ကြီး

ယခုဟောခဲ့တဲ့ ပရသဘော, သုညသဘော, အသာရသဘော, အဝသဝတ္တန သဘောတွေကို ဉာဏ်သွားသွား

နှင့်များ ကြည့်ရှုလိုက်ရမယ်လို့ ဆိုပါလျှင် အတ္တဒိဋ္ဌိဆိုးကြီးကို လက်ဆုပ်လက်ကိုင် ဖမ်းမိမှာအမှန်ဘဲ၊ အတ္တဒိဋ္ဌိဆိုးကြီးမှာ အဝိဇ္ဇာ ဆိုတဲ့ မဟာမိတ်ကြီး တဦး ရှိတယ်၊ အဝိဇ္ဇာမဟာမိတ်ကြီးက—

၁။ သူ့စိမ်းပြင်ပဆိုတဲ့ ပရသဘောကို မမြင်နိုင်အောင် ဖုံးလွှမ်းထားတယ်။
၂။ အတ္တမှ ဆိတ်သုဉ်းတဲ့ သုညသဘောကြီးကို မမြင်နိုင်အောင် ဖုံးလွှမ်းထားတယ်။
၃။ အနှစ်မရှိတဲ့ အသာရ သဘောကြီးကို မမြင်နိုင်အောင် ဖုံးလွှမ်းထားတယ်။
၄။ အလိုမလိုက်တဲ့ အဝသဝတ္တန သဘောကိုမမြင်နိုင်အောင် ဖုံးလွှမ်းထားတယ်။

ဖုံးလွှမ်း ထားတယ် ဆိုတာက အနတ္တ ဝိဇ္ဇာဉာဏ်အလင်းမရအောင် မှောင်ကြီး ချထားတယ် ဆိုလိုတာပေါ့၊ အဝိဇ္ဇာ၏ ဖုံးကာမှောင်ချထားတဲ့ အချက်ကြီး လေးချက်ကို ယခု တရားဒေသနာတော်က အနတ္တ ဝိဇ္ဇာရောင်ဖြင့် တန်ဆောင်ဆီမီးကြီးကို ညှိထွန်းပေးတယ်၊ အနတ္တဝိဇ္ဇာရောင်ဖြင့် တန်ဆောင်ဆီမီး ထွန်းညှိလိုက်တဲ့အခါ အဝိဇ္ဇာ၏မှောင်ချချက်ကြီးတွေဟာ ရှင်းလင်းကုန်တာပေါ့၊သည်အခါ အဝိဇ္ဇာလက်လျှော့သွားရတယ်။

## အနတ္တသမ္မာဒိဋ္ဌိဘုရင်ကြီး

အဝိဇ္ဇာ၏ မှောင်ကြီးတွေ ပျက်စီးကုန်တဲ့အခါကျတော့ အတ္တဒိဋ္ဌိဆိုးကြီးလဲ ခိုကိုး အားထားရာမရှိဘဲ အလိုအလျောက် ပျောက်ပျက်ရတော့တာပေါ့၊ အတ္တဒိဋ္ဌိဆိုးကြီး

ပျောက်လျှင် အနတ္တ သမ္မာဒိဋ္ဌိဘုရင်ကြီး ဆိုက်ရောက်စိုးအုပ်ပါရော၊ အတ္တဒိဋ္ဌိ အစွမ်းကောင်းတာက အဝိဇ္ဇာ မဟာဒိတ်ကိုရလို့ အစွမ်းကောင်းတာ ကလား၊ မဟာဒိတ်ကြီးပြိုတ်လျှင် ၎တ်တုတ်သေရတော့တာဘဲ၊ အဲ-သည် အချက်ကြီးတွေကို ထင်ရှားစွာဘော်ပြတဲ့ အနတ္တဒေသနာကြီးဖြစ်၍ အထူးနှလုံးပိုက်သွင်းပြီး မှုရင်းတည်၍ ဟောခဲ့တဲ့အတိုင်း ခန္ဓာငါးပါးတို့၏ သူစိမ်းပြင်ပ-ပရသဘောကြီး, အတ္တမှဆိတ်တဲ့ သုညသဘောကြီးပါ အလိုမလိုက်တဲ့ အဝသဝတ္တနသဘောကြီးများကို စေ့စေ့စဉ်းစား၍ အားတက်သရော ထင်မြင်အောင် ကြိုးစားကြရမယ်၊ ယခုသာသနာတော်နှင့်တွေ့ကြုံတဲ့အခါ အနတ္တဝိဇ္ဇာလမ်းပေါက်တို့ဟာ လွန်စွာအရေးကြီးသနော်။

ခန္ဓာငါးပါးတွေ ရှိသမျှအနဝသေသ ကေဝလကပ္ပဘာတခုမျှမချန်ဘဲ အမှန်ကိုသိတဲ့ ဝိပဿနာ ဉာဏ်ဖြင့် ငါပင်,ငါဘဲ,ငါအစွဲကို ဖြုတ်ကြဘို့ဟောတော်မူတဲ့ ဒေသနာတော်အတိုင်း ငါစွဲဖြုတ်ကြရန် အထူးကြိုးစားကြရမယ်။

၁။ ခန္ဓာငါးပါးတို့၌ စိမ်းကားတဲ့ ပရသဘောတွေ,
၂။ အတ္တမှဆိတ်တဲ့ သုညသဘောတွေ,
၃။ အနှစ်သာရမရှိတဲ့ အသာရ သဘောတွေ,
၄။ အလိုမလိုက်တဲ့ အဝသဝတ္တန သဘောတွေ,

သည်သဘော အချက်ကြီးတွေကို ထိထိမိမိ စေ့စေ့စပ်စပ် အထပ်ထပ် အကြိမ်ကြိမ် ဘာဝနာကိစ္စဖြင့်စိမ်ပြီး အရှိန်ရရကြီး ရှုစားကြရမယ်လို့ဆိုပါလျှင် ရှင်တော်မြတ်

ဘုရား၏အလိုတော်အတိုင်း ခန္ဓာ-ငါးတန်တို့၌ အတ္တဒိဋ္ဌိ ရန်ကို ပယ်လှန်ဖျက်ချိုး အခေါင်စိုး၍ လွှမ်းမိုးနိုင်မည် အမှန်ဖြစ်ပေသတည်း။

## အနတ္တဝိဇ္ဇာမိုရ်ကြီး

အဲ-သို့ကလို ခန္ဓာငါးပါးတည်းဟူသော မြို့ကြီးကို အတင်းဝင်စီး၍နေတဲ့ သက္ကာယဒိဋ္ဌိ-ရန်သူလူဆိုးကြီးကို ဖျက်ချိုးနှိမ်ဘိ၍ သိဒ္ဓိပေါက်တဲ့အခါ အနတ္တ ဝိဇ္ဇာမိုရ်ကြီး ဖြစ်ပြီးလျှင် ခန္ဓာငါးပါး- ရုပ်ဓာတ်, နာမ်ဓာတ် တရားတို့၌ ရှည်လျားတဲ့ သံသရာ ကမ္ဘာတွေအနန္တ ပရံပရ အဆင့်ဆင့် ရင့်ထက်ရင့်အောင်-စွဲကပ်၍ ငုပ်ဝပ် ငြိတွယ်လျက်ရှိသော အတ္တဒိဋ္ဌိ ပယ်သတ်ရန်အချက် အလွန်နဲနက်တဲ့ သဘောများ ထင်ရှားစွာမြင်နိုင်ကြလေသတည်း။

## အဆုံးသတ်ဥယျောဇဉ်ဂါထာ

အတ္တဒိဋ္ဌိံ မဟာဝေရိံ၊
နိဝိဋ္ဌံ ခန္ဓပဉ္စကေ။
ပညာဝုဓေန မာရေယျုံ၊
ဝိက္ကမန္တာ ဝိပဿိနော။

**အနက်ကား။** ဘောဒ္ဓေါ၊ အို-တရားနာ ပရိသတ် အပေါင်း သူတော်ကောင်းတို့။ ခန္ဓပဉ္စကေ၊ ခန္ဓာ ငါးတန် ရုပ်နာမ်နှစ်စုံ ဝင့်ဘုံမြို့တော်ကြီး၌။ နိဝိဋ္ဌံ၊ မဆိုင်ဘဲနှင့် ရဲရဲရင့်ရင့် ဝင်ရောက်တပ်စွဲနေသော။ မဟာဝေရိံ၊ ရန်သူရှိသမျှ အလုံးတို့တွင် အကြီးဆုံး ရန်သူကြီးလည်း ဖြစ်ထသော။ အတ္တဒိဋ္ဌိံ၊ ငါပင်,ငါဘဲ အထင်လွဲအောင် အမှောင်တိုက်

၍နေသော အတ္တဒိဋ္ဌိဆိုးကြီးကို။ ဝိပဿိနော၊ အနတ္တဝိဇ္ဇာဝိရိလမ်းဖြင့် အစွမ်းထုတ်ကာ အဟုတ်ဆင်ခြင်လျက် အမြင်ရှုစား၍ နေသော ယောဂီပုဂ္ဂိုလ်သည်။ ဝိက္ကမန္တာ၊ ရဲမာန်ကြုံးကုတ် နောက်ဆုတ်မတွန့်မရွံ့တင်းတင်းရှေ့တက်ခြင်းနှင့် ထန်ပြင်းသောလုံ့လ ရှိကုန်သည်ဖြစ်၍။ ပညာဝုဓေန၊ ထက်မြက်တောက်ထိန် ဝရဇိန်စက် ပညာတည်းဟူသောလက်နက်ဖြင့်။ မာရေဃျုံ၊ ကျူပင်ခုတ်၍ ကျူငုတ်မကျန် ဆိုဟန်စကား အလားတန္တာ၊ တခုမချွင်း အပြောင်ရှင်းအောင် ဟျင်းဟျင်းခုတ်ဖြတ်ရာသတည်း။

**မှာထားချက်။** ဤအနတ္တစကျွံကျမ်းသည်ကား ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး ရေးသားတော် မူအပ်သော အနတ္တနှင့်စပ်လျဉ်းသမျှသော အချက်ကြီးစု, ဆရာတော် ဘုရားကြီးကိုယ်တိုင် ဟောကြားတော် မူအပ်သော အနတ္တဒေသနာ အချက်ကြီးစုများကို တပေါင်းတည်းစုရုံးလျက် အဆီညှစ်၍ အနှစ်သာရတွေကို ထုတ်ယူလျက် ကောင်းမွန်ပြတ်သားစွာ တရားဟောပုံ သဘောအားဖြင့် ရေးသားအပ်သော ကျမ်းစာဖြစ်ပေသည်။

အနတ္တစကျွံကျမ်းပြီးပြီ။

## နိဂုံးကဗျာများ

၁။ နဂိုစရိုက်၊ လိုမလိုက်၊ မှတ်ပိုက်အနတ္တာ။

၂။ အတွင်းမရော၊ ပြင်သဘော၊ မှတ်လောအနတ္တာ။

၃။ ပုဂ္ဂိုလ်ဇီဝ၊ ရှာမရ၊ သုညအနတ္တာ။

၄။ အနှစ်ဆိုရွေ၊ ရှာမတွေ့၊ မှန်ပေ့အနတ္တာ။

၅။ ပြုလုပ်စံစား၊မရှိပြား၊မှတ်သားအနတ္တာ။

၆။ ခန္ဓာသက်သက်၊ ဓာတ်သက်သက်၊ နက်နက်ဆင်ခြင်ပါ။

၇။ ဒိဋ္ဌိအစွဲ၊ အလွှန်လွဲ၊ မှောင်ခဲပိတ်ဆီးကာ။

၈။ အတ္တာပြုတ်စေ၊ ဟောခဲ့ပေ၊ တွေ့တွေ့နည်းစုံစွာ။

၉။ အနတ္တမှု၊ ဉာဏ်စက္ခု၊ စွေ့ငုလွှန်သေချာ။

၁၀။ လယ်တီအစ၊ ပဏ္ဍိတ၊ နာမ မည်သည္ာ။

၁၁။ လယ်တီတိုက်ကြီး၊ မကိုဋ်ထီး၊ ခိုမှီးနေစဉ်ခါ။

၁၂။ ဝေဠုရိယ၊ ဂဏန်းချ၊ ဒိဃနှစ်ကောဇာ။

၁၃။ တပို့တွဲလ၊ ဆန်းပက္ခ၊ စုဒ္ဒသမိမှာ။

၁၄။ ဤကျမ်းနိဂုံး၊ ကုန်ပြီးဆုံး၊ လုံးလုံးဘေးရန်ကွာ။

၁၅။ အနတ္တဉာဏ်၊ ပွင့်စေရန်၊ ထက်သန်စေတနာ။

နိဂုံးကဗျာ ပြီးပြီ။

## အများကျက်မှတ်ရန်ရေးသားအပ်သော ခန္ဓာငါးပါးရှစ်လုံးဘွဲ့ ကဗျာများ

၁။ ရူပတိတိ-ပါဠိတော်လာ၊
ဘောက်လားပြန်လား-အများတကာ။
ဘောက်လုံးပြန်လုံး-မဆုံးနိုင်ပါ၊
ရုပ်ကိုမုန်း-ဆိတ်သုဉ်းသုညတာ။

၂။ ဝေဒေတီတိ-ပါဠိတော်လာ၊
ခံလားစံလား-အများတကာ။
ခံလုံးစံလုံး-မဆုံးနိုင်ပါ၊
ဝေဒနာမုန်း—ဆိတ်သုဉ်းသုညတာ။

၃။ သဉ္ဇာနာတိ-ပါဠိတော်လာ၊
မှတ်လားသားလား-အများတကာ။
မှတ်လုံးသားလုံး-မဆုံးနိုင်ပါ၊
သညာမုန်း-ဆိတ်သုဉ်းသုညတာ။

၄။ သင်္ခရောတိ-ပါဠိတော်လာ၊
ပြုလားပြင်လား-အများတကာ။
ပြုလုံးပြင်လုံး-မဆုံးနိုင်ပါ၊
သင်္ခါမုန်း-ဆိတ်သုဉ်း သုညတာ။

၅။ ဝိဇာနာတိ-ပါဠိတော်လာ၊
ကြံလားသိလား-အများတကာ။
ကြံလုံးသိလုံး-မဆုံးနိုင်ပါ၊
ဝိညာဉ်မုန်း-ဆိတ်သုဉ်းသုညတာ။

၆။ ရေမြှုပ်ရေပွက်-နှိုင်းစက်ချိန်စာ၊
တံလျှပ်သဘော-ငှက်ပျောပမာ။
ဝိညာဉ်ဖွဲ့နွဲ့-မျက်လှဲ့မာယာ၊
ခန္ဓာမုန်း-ဆိတ်သုဉ်းသုညတာ။

၇။ ခန္ဓာဆေးမြတ်-ရေးစပ်နှိုင်းချိန်၊
လယ်တီပဏ္ဍိ-ကဝိကဝိန်။
နှုတ်ရကျက်လို့-နှစ်သက်မြိန်မြိန်၊
ဆင်ခြင်ရွတ်-အထွတ်ဉာဏ်လင်းထိန်။

အလုံးစုံပြီးပြီ။

THE HANTHAWADDY PRESS